www.burmeseclassic.com

# စိတ်ဝိညာဉ်ဖြစ်ရပ်ဆန်း

နှင့်

## သေရွာပြန်မှတ်တမ်းများ

**အောင်မြတ်ဦး**



BURMESE CLASSIC

www.burmeseclassic.com

Design; Maung Naing Winn

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ် - ၄၀၁၁၀၇၁၀၀၇

မျက်နှာဖုံးခွင့်ပြုချက် - ၄၀၀၈၈၁၀၈၀၈

၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ

ပထမအကြိမ်

**ထုတ်ဝေသူ**

စံလှစာပေ၊ ဒေါ်မြမြကြွေ (၀၁၃၆၄)

အမှတ် (၁၈၀)၊ ၂၉-လမ်း၊ ရန်ကုန်။

**ပုံနှိပ်သူ**

ဒေါ်မြမြကြွေ (၀၃၃၇၉)၊ ပင်မြင့်မာလာပုံနှိပ်တိုက်

အမှတ် ၂၄၊ တာ၀တိံသာလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**ဖြန့်ချိရေး**

စံလှစာပေတိုက်

အမှတ်(၁၈၀)၊ ၂၉-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း - ၀၁-၂၄၆၆၂၁

တန်ဖိုး - ၂၅၀

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


▢ နိဒါန်း

(သို့မဟုတ်)

ဘဝအတွက်စိတ်ဝင်စားဖွယ်အဖြစ်များ ၁

၁။ တမလွန်ရေဆန်ခရီး ၉

၂။ အရိုက် သို့မဟုတ် ပရလောကနှင့်ဆက်နွယ်သူ ၄၉

၃။ ကျေးဇူးတရား ၁၀၅

၄။ စိတ်တန်ခိုးနှင့် ဝိညာဉ်ခွာလူသား ၁၃၃

၅။ ကျွန်တော်နှင့်သူမ လပြည့်ညပုံပြင် ၁၄၉

၆။ ဝိညာဉ်သတင်းပေး ၁၈၅

၇။ အရှင်လတ်လတ်နတ်ပြည်ရောက်ခဲ့သူ ၂၀၅

၈။ အရှင်လတ်လတ် ငရဲပြည်ရောက်ခဲ့သူ ၂၂၃


www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း

( သို့ မ ဟု တ် )

# ဘဝအတွက် စိတ်ဝင်စားဖွယ်အဖြစ်များ

www.burmeseclassic.com

www.burmeseclassic.com

## [ ၁ ]

ကျွန်တော်သည် ဗုဒ္ဓဘာသာဝင်တစ်ဦးပီပီ ကံ၊ ကံ၏အကျိုးကို ယုံကြည်သကဲ့သို့ စိတ်ဝိညာဉ် ပရလောကနှင့် လူဝင်စား၊ သေရွာပြန်အကြောင်းများကို စိတ်ဝင်စားခဲ့သည်။

ထို့ကြောင့်လည်း ကျွန်တော်သည် ထိုအကြောင်းအရာများအား အရှေ့တိုင်း၊ အနောက်တိုင်း စုံတကာစေ့ လေ့လာခဲ့သည်။ သည်အခါ စိတ်ဝင်စားဖွယ်ရာ အဖြစ်များနှင့်အတူ ထူးခြားမှုများ မယုံကြည်နိုင်စရာကောင်းသည့် အမြင်များကို တွေ့ရသည်။

အချို့ကဆန်းပြားသလို ယုံကြည်နိုင်ဖွယ်မရှိ၊ စိတ်ကူးယဉ်ဆန်နေသည်ကို တွေ့ရသည်။

သို့သော် အသေအချာဆန်းစစ်ကြည့်သောအခါ ထိုအမြင်



www.burmeseclassic.com

www.burmeseclassic.com



များသည် စိတ်ကူးယဉ် အဖြစ်အပျက်များမဟုတ်။ ယုတ္တိဗေဒ နည်းနှင့်ကြည့်လျှင် ယုတ္တိမတန်သလို စိတ်ကူးယဉ်ဆန်နေသော်လည်း ပကတိဖြစ်စဉ်များ ဖြစ်နေသည်ကို တွေ့ရသည်။

ဘုညိုက...

"စိတ်ဝိညာဉ်လောက၊ ပရလောကနဲ့ လူဝင်စားတို့၊ သေရွာပြန်တို့ဆိုတာ တကယ်ဖြစ်စဉ်တွေကွ။ ဒါတွေဟာ အမှန်တကယ်ဖြစ်စဉ်တွေဖြစ်တဲ့အတွက် သိပ္ပံပညာကိုပဲ အလေးထားတဲ့ အနောက်နိုင်ငံသားတွေတောင် လက်ခံသုတေသနပြုနေကြပြီ"

ဟု တစ်ခါက ပြောဖူးသည်။

မှန်သည်။

အနောက်နိုင်ငံသားတို့သည် ထိုအကြောင်းအရာများအား သုတေသနပြုနေကြပြီဖြစ်သကဲ့သို့ ထိုအကြောင်းအရာများအား စာတစ်စောင်၊ ပေတစ်ဖွဲ့ ရေးသားပြကြပြီ၊ ထိုအကြောင်းအရာများအား ကျွန်တော်ကိုယ်တိုင် မိုငြမ်းပြု၍ လည်းကောင်း၊ တိုက်ရိုက်ပြန်ဆို၍ လည်းကောင်း စာဖတ်ပရိသတ်များအား တင်ပြခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်လည်း ကြုံလျှင် ကြုံသလို ရေးသားတင်ပြမည် ဖြစ်သည်။

[ ၂ ]

ဤနေရာတွင် အကြောင်းတိုက်ဆိုင်သဖြင့် ကျွန်တော် နိုင်ငံ့ဝန်ထမ်းဘဝက ကြုံတွေ့ခဲ့သည့် သေရွာပြန်ဇာတ်လမ်း ကလေးတစ်ပုဒ်အား ပြောပြချင်သည်။ ထိုသေရွာပြန် ဇာတ် လမ်းသည် ကျွန်တော် မြစ်ကြီးနားတွင်ရှိစဉ်က ကြုံခဲ့သည့် ဇာတ်ကြောင်း ဖြစ်၏။

ထိုအကြောင်းအား စာတစ်စောင် ပေတစ်ဖွဲ့ ရေးမည်ဟု စိတ်ကူးခဲ့သော်လည်း ယခုတိုင် မရေးဖြစ်သေး။ သည် အကြောင်းက အခြားမဟုတ်။

သုသာန်ရောက်၍ မြေမြှုပ်ခါနီးမှ ပြန်လည်နိုးထလာသည့် 'ဦးဖိုးဘ' ၏အကြောင်းဖြစ်၏။ ဦးဖိုးဘအား သေရွာပြန် ဦးဖိုးဘ ဟု သူ့ပတ်ဝန်းကျင်က ခေါ်ကြပြီး ၁၉၈၅ ခုနှစ်တွင် ကွယ်လွန် သွားခဲ့သည်။

"ဆရာရယ် ကျွန်တော် မပြောချင်ဘူး။ ပြောရ ရင် ခုထိ ရင်ထဲမှာ မကောင်းဘူး။ ကျွန်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com



လူတွေက သေပြီလို့ ထင်ကြချိန်မှာ ကျွန်တော် မြောသွားတာဖြစ်မယ်။ အဲဒီအချိန်မှာ ကျွန်တော့်ရဲ့ သိဟောင်းကျွမ်းဟောင်းတွေ၊ မိတ်ဆွေတွေကို တွေ့ရတယ်။ သူတို့ဘဝတွေကလည်း မကောင်းပါဘူး။ ပြောရရင် ယုံနိုင်စရာမရှိတဲ့အကြောင်းပါသရာရယ်"

ဟု ပြောပြသည်။ သူ့စကားကိုနားထောင်ရင်း သူမြောပြီး သေရွာကိုရောက်သွားတာဖြစ်မယ်ဟု ကျွန်တော် နားလည်မိသည်။

ဘညိုက "ဒီလိုအဖြစ်တွေ အများကြီးကွ"ဟု ပြောသည်။

ထိုအဖြစ်များက ပြောမယုံ ကြည့်မှသိဟု ဆိုရမည်လား။

[ ၃ ]

စင်စစ် ဤ'စိတ်ဝိညာဉ်ဖြစ်ရပ်ဆန်း သေရွာပြန်မှတ်တမ်း' စာအုပ်သည် ကျွန်တော်ရှာဖွေစုဆောင်းစမ်း သုတေသနပြုနေသည့် 'ပရလောက စိတ်ဝိညာဉ်နှင့် သေရွာပြန်အကြောင်းတို့မှာ စုစည်းထားသည့်စာအုပ်များ ဖြစ်သည်။

အချို့က မဂ္ဂဇင်းများ၊ စာစောင်များတွင် အလျဉ်းသင့်



www.burmeseclassic.com

www.burmeseclassic.com



သလို ရေးခဲ့သည့်အကြောင်းများ ဖြစ်သည်ကို ဝန်ခံပါသည်။ 'အရှင်လတ်လတ် နတ်ပြည်ရောက်ခဲ့သူ'၊ 'အရှင်လတ်လတ် ငရဲပြည်ရောက်ခဲ့သူ' စသည့်စာမူများက မည်သည့်မဂ္ဂဇင်းတွင်မှ ဖော်ပြခြင်းမရှိသေးသည့် စာမူအသစ်များဖြစ်၏။

မည်သို့ဆိုစေ၊ ဤစာအုပ်သည် ပရိသတ်အား အတိုင်းအတာတစ်ခုအထိအကျိုးပြုလိမ့်မည်ဟု ကျွန်တော်ယုံကြည်၏။

စာဖတ်သူတို့အတွက် အကျိုးတစ်စုံတစ်ရာ ဖြစ်ထွန်းခဲ့သည်ဆိုပြား‌အံ့။ စာရေးသူအတွက် ရေးရကျိုးနပ်ပြီဟု ဆိုရမည်ပင်။ စာဖတ်သူများ၏ အကြံဉာဏ်ကို မျှော်လင့်လျက်

စာဖတ်သူတို့ရဲ့...

အောင်မြတ်ဦး

၈-၃-၀၇

ဆက်သွယ်ရန်

အောင်မြတ်ဦး

၃၇ (က)၊ သခင်မြလမ်း (မန္တလေးလမ်း)

၁၁-ရပ်ကွက်၊ သောင်ကြီး(မြောက်)

လှိုင်သာယာမြို့။



www.burmeseclassic.com

www.burmeseclassic.com



အနန္တော အနန္တ ငါးပါး ဦးထိပ်ထားလျက်

ဘဝတစ်ကွေ့၌ တွေ့ခဲ့သည့်

❖ ထမင်းတစ်လုတ်ကျွေးဖူးသူ

❖ ရေတစ်မှုတ်တိုက်ဖူးသူ

❖ စကားတစ်ခွန်း လမ်းညွှန်ခဲ့သူ

...စသည့်ပုဂ္ဂိုလ်တို့နှင့်

ချစ်သူ၊ မုန်းသူတို့အား

ထာဝရ ဂါရဝပြုင့်...

အောင်မြင့်ဦး

စလုစာပေ

www.burmeseclassic.com

www.burmeseclassic.com

ဝိညာဉ်လောက...

ပရလောကအား မယုံကြည်ဟု ဆိုသူများသို့ —

www.burmeseclassic.com

www.burmeseclassic.com

# [ ၁ ]

# တမလွန်ရေဆန်ခရီး

www.burmeseclassic.com

www.burmeseclassic.com

သင်သည် ထူးခြားသည့် အဖြစ်အပျက်တစ်ခု အား နဖူးတွေ့ ဒူးတွေ့ တွေ့ရမည်ဆိုပါက သင် မည်သို့ခံစားရမည်နည်း။

အံ့သြခြင်း၊ မယုံကြည်နိုင်ခြင်းများစွာတို့ ကြုံတွေ့ ခံစားရမည်။

ဤအခါ...

သင်သည်...

www.burmeseclassic.com

www.burmeseclassic.com



✱

(၁) မိုးသည်း ညမှသည်

"ဝုန်း"

"ဒုန်း"

"ချုံး"

"ဒိုင်း"

ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မည်းနေသည့် မိုးရွာနေပုံက လည်း ကြောက်စရာ။

တကယ့်ကို ရေပါသည့်မိုးပါလေ။ ရေပြည့်အိုးကို သွန်ချ နေသလို ဖြစ်သည်။

လေကလည်း ကြမ်းပါ့။

"ဝေါ..."

လေသံတွေက ဆူညံနေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ခါ လေတိုးတိုက်သံက မြွေလေချွန်သံနှင့် တူသည်။ လေတိုးတိုက်မှုနှင့်အတူ သစ်ပင်တွေက ဘယ်ညာ ယိမ်းထိုးနေသည်။

သစ်ပင်တွေ ယိမ်းထိုးလှုပ်ရှားနေပုံက အမူးလွန် အရက်သမားနှင့် တူသည်။

သစ်ရွက်ရိုက်ခတ်သံတွေက တရှဲရှဲနှင့်

ပြီးတော့ မိုးတစ်ချွန်းသံတွေက ဆူညံလျက်၊ တစ်ချက်တစ်ချက် လျှပ်တွေ ဝင်းခနဲ လက်ခနဲ ပြိုးပြက်နေသည်။ လျှပ်ပြက်လိုက်သည့် ပတ်ဝန်းကျင်တစ်ခုလုံး ဝင်းလက်သွားသည်။

မီးမောင်းတစ်ခု ထိုးလိုက်သလိုပဲ။

"ဝုန်း...ဒိုင်း"

ထိုစဉ် ဒိုင်းခနဲ မိုးကြိုးပစ်လိုက်သံ ကြားသည်။ အလင်းရောင်တစ်ခု ဖြတ်ပြေးသွားပုံက ကြောက်စရာပင်။

မိုးသည်းည...

ကြောက်မက်ဖွယ်ည...

ဤသို့ ကြောက်မက်ဖွယ် မိုးသည်းညတွင် ထူးခြားလှစွာ မိန်းကလေးတစ်ဦးကို တွေ့လိုက်ရသည်။

စလုစာပေ

www.burmeseclassic.com

www.burmeseclassic.com



မိန်းမလှလေးတစ်ဦးပင် ဖြစ်၏။ သူ့အသက် (၃၀)ကျော် လောက်ရှိမည်။ တစ်ကိုယ်လုံး ရွှဲနစ်နေ၏။

ရှည်လျား သွယ်နွဲ့သည့် မဟူရာဆံကေသာကလည်း ရွှဲလို့။ လုံချည်တွေ၊ အင်္ကျီတွေက ရေတွေ ရွှဲနစ်နေသဖြင့် အဖုအထစ် အလုံးအကြွတွေ အထင်းသားပေါ်နေ၏။ သူမက ရင်ဖွံ့သလို တင်ခွင်ကားသူ၊ ဖွံ့ဖြိုးလှပသူကလေးရယ်ပါ။

ကြောက်စိတ်အအေးဒဏ်ကြောင့် သူမမျက်နှာကလေး ဖြူရော်ရော်နှင့် ကျောက်သားပြင်လို ဖြစ်နေ၏။

သူမက ပတ်ဝန်းကျင်ကို ကျီးကြည့် ကြောင်ကြည့် ကြည့်လျက် ပြေးနေဆဲ။

"ဝုန်း"

"ဒိုင်း"

မိုးထစ်ချုန်းသံတွေ မိုးကြိုးပစ်သံတွေ ကြားရပြန်၏။

သူမသည် ပြေးလာရင်းမှ ရပ်လိုက်၏။ ဝင်းလက် ပြိုးပြက်သည့် လျှပ်ရောင်ကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး လင်းထိန်သွားလျှင် သူ ပတ်ဝန်းကျင်ကို အလျင်အမြန်ကြည့် လိုက်သည်။

ထိုအခါ လျှပ်ရောင်ကြောင့် သူမမြင်ကွင်းတစ်ခုကို



www.burmeseclassic.com

www.burmeseclassic.com



ဗျာတ်ခနဲ တွေ့လိုက်ရ၏။ ထိုမြင်ကွင်းက အခြားမဟုတ်။ စုလစ်မွန်ချွန်များ နှင့် အိုဟောင်းသည့် အိမ်ကြီးတစ်လုံး။

သူမ ဝမ်းသာသွားသည်။

သူမ ညို့မှပစ်လွှတ်လိုက်သည့် မြားတစ်စင်းလို အိမ်ကြီးဆီသို့ တစ်ဟုန်ထိုးပြေးပြီ။

* * *

အိမ်က တကယ့်ကို အိမ်အိုဟောင်းကြီးပင်။

ရတနာပုံခေတ်ပုံစံ အိမ်ကြီးပင်။ အိမ်ကြီးက အိမ်နှင့်မတူ။ စံနန်းဆောင်တစ်ခုနှင့် တူနေသည်။ အိမ်ကြီးတွင် စိန်တောင်များ စုလစ်မွမ်းချွန်များ ရှိနေသည်။

သို့သော် တချို့စိန်တောင်များ၊ စုလစ်မွမ်းချွန်များက ပျက်စီးနေသည်။ တချို့က တို့လိုတွဲလောင်းနှင့်-

သူမ စံအိမ်ကြီးနားသို့ ရောက်နေပြီ။

တိတိပပပြောရရင် ခြံသို့ရောက်နေပြီး ခြံတံခါးပွင့်နေ၏။

ခြံကလည်း အကျယ်ကြီးပင်။

ခြံထဲမှာ ပန်းခင်းတွေရှိသည်။ သို့သော် ပျက်စီးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ချမ်းလိုက်တာ"

သူမ အိမ်ဝတွင်ရပ်လျက် ဟိုသည်ကြည့်၏။ ချမ်းလွန်းသဖြင့် လက်ကို ယှက်ပိုက်ထား၏။

ခိုက်ခိုက်တုန်အောင် ချမ်းနေ၏။

"မဖြစ်ဘူး ငါ အိမ်ထဲဝင် မီးခိုမှဖြစ်မယ်"

သူမ ဆုံးဖြတ်လိုက်သည်။ ပြီးတော့ ခြံထဲသို့ ပြေးဝင်ခဲ့သည်။ လမ်းကလေးတစ်လျှောက် လမ်းဖြစ်၏။

လမ်းဘေးတစ်ဖက်တစ်ချက်တွင် ပန်းရိုင်းတို့ ပွင့်နေ၏။ ပန်းတွေက အနီ အဝါ စုံသည်။ သူမ အလှအပကိုမခံစားနိုင်။ အိမ်ထဲရောက်လိုစိတ်သာ ရှိသည်။

မီးခိုချင်ပြီ။

အိမ်ဝသို့ရောက်လျှင် သူပျော်သွား၏။ အိမ်တံခါးပိတ်ထားသော်လည်း သူမ တံခါးကို တွန်းလိုက်လျှင် တံခါးပွင့်သွားသည်။

"ကျွဲ..."

"အမလေး"

ပတ္တာပွတ်တိုက်သံက တိတ်ဆိတ်ညတွင် ကျယ်လောင်စွာ ပေါ်ထွက်လာသဖြင့် သူမ လန့်သွားသည်။ စိတ်ကို



www.burmeseclassic.com

www.burmeseclassic.com



မနည်းထိန်းလိုက်ရ၏။

မျက်လုံးမှိတ်ပြီး အသက်မနည်းရှူလိုက်ရ၏။

သူမ အိမ်ထဲဝင်ခဲ့သည်။

အိမ်ထဲ၌ လူရိပ်လူယောင် မမြင်ရ။ သူမ လျှောက်လာသည်။ အိမ်ကြီးက ကျယ်ဝန်းလှ၏။ အဆောင် အခန်းတွေလည်း များပါ့။

သူမ အိမ်ကို အနောက်လမ်းအတိုင်း လျှောက်လာသည်။ အခန်းများစွာကို ဖြတ်ကျော်ခဲ့၏။ အခန်းများသည် ပိတ်လျက်။ ထို့ကြောင့် အခန်းထဲတွင် လူရှိ မရှိ သူ မသိနိုင်။

"အိမ်က အကြီးကြီး၊ လူရိပ်လူယောင် မမြင်ပါလား။ ဒီအိမ်မှာ အရှင်သခင်မရှိဘူးလား"

သူ တွေးလိုက်သည်။

ထိုစဉ် သူမ၏ နားစည်တွင်းသို့ အသံတစ်သံ ကျူးဝင်လာသည်။ ထိုအသံကြောင့် သူမ၏ လှမ်းလက်စခြေလှမ်းများသည် တုံ့ဆိုင်းသွားသည်။

သူမ ကြားလိုက်ရသည့်အသံက အခြားမဟုတ် ညည်းသံ။



www.burmeseclassic.com

www.burmeseclassic.com



( ၂ ) တွေ့ဆုံခြင်းမှသည်

သူမ ရပ်လျက်

ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်လိုက်သည်။

"အသံက ညည်းသံပဲ၊ အသံက မဝေးဘူး။ ဘယ်အခန်းကဆိုတာ ငါ စူးစမ်းရမယ်"

သူ တစ်ကိုယ်တည်း တွေးလိုက်၏။

ညည်းညူသံ ဘယ်အခန်းကလာသည်ကို စူးစမ်းလိုက်၏။

"ညည်းညူသံက ညာဘက်အခန်းကပဲ"

သူမ ရေရွတ်လိုက်သည်။

ထို့နောက် ညာဘက်အခန်းနားသို့ ကပ်သွား၏။ သူရောက်နေရာနှင့် ညည်းညူသံ ပေါ်ထွက်လာသည့်အခန်းက



www.burmeseclassic.com

www.burmeseclassic.com



မလေးလှ ခြေလှမ်းငါးလှမ်းခန့် လျှောက်လိုက်သည်နှင့် အခန်း အနားသို့ ရောက်၏။

အခန်းဝတွင် ရပ်လိုက်၏။

အခန်းတံခါး ပိတ်ထား၏။ သူမ အခန်းတံခါးကို အသာ တွန်းဖွင့်လိုက်၏။ အားမစိုက်ရ၊ အခန်းတံခါး ပွင့်သွား၏။

အခန်းထဲ၌ အလင်းရောင်အားနည်းလှ၏။ အခန်းထဲ၌ နှစ်ဆယ်အား မီးတိုင် မီးလုံးတစ်လုံးသာရှိ၏။ အခန်းထောင့် စွန်းတွင် ခုတင်တစ်လုံးရှိ၏။

ခုတင်ပေါ်၌ မိန်းကလေးတစ်ဦး အိပ်နေသည်လား။

အခန်းဝဘက်ကို ကျောပေးထား၏။ စောင်ခြုံထား၏။ ညည်း ညူသံကို ကြားနေရဆဲ။

အပြင်မှာ မိုးမတိတ်သေး။

အပြင်မှာ မိုးရွာ လေတိုက်ပြီး လျှပ်တွေ ပြိုးပြက်နေ ကြောင်း မှန်တံခါးမှ အတိုင်းသားမြင်ရသည်။

သို့နှင့် သူ ခုတင်နားသို့ရောက်ခဲ့သည်။

"မိန်းကလေး"

သူမ ခေါ်လိုက်၏။

"ဟင်..."ညည်းညူသံနှင့် လှည့်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အို..."

ဤအခါ သူ စိုးထိတ်သွား၏။

မိန်းကလေးက မိန်းမချောလေးပင်၊ ထိုအတူ မိန်းကလေးသည် ကိုယ်ဝန်အရင့်အမာရှိပြီး မွေးခါနီးဟု သိလိုက်သည်။

"မင်း...မင်း..."

"ဟုတ်တယ်၊ ကျွန်မ ဗိုက်နာနေတယ်၊ မွေးတော့မယ် ထင်တယ်"

"ဒါဆို မမ ဘာကူညီရမလဲ၊ မင်းသတိထားနော်၊ ခါး မလိမ်လိုက်နဲ့"

"ဟုတ်ကဲ့၊ ကျွန်မ မွေးတော့မယ်ထင်တယ်၊ ညှစ်လိုက်ချင်တယ်"

"မမလက်ကို ကိုင်ထားပါရစေနော်"

"ကိုင်ထား ညီမ၊ မင်း ဘာမှအားမငယ်နဲ့"

သူက လက်ကမ်းလိုက်တော့ သူ၏လက်ကို ဆုပ်ကိုင်လိုက်၏။ သူမ မိန်းကလေးမျက်နှာကို စိုက်ကြည့်နေ၏။ ရင်ထဲ၌ စိုးရိမ်မှုတွေလည်း အပြည့်ပင်။

ဒီလိုမွေးခါနီးမှာ ဘာကြောင့် အနားမှာ မရှိကြတာလဲ၊ သူမခင်ပွန်းကကော ဘယ်သူလဲ။ ဒီမိန်းကလေးက ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



မိုက်မှားမှုအတွက် ကိုယ်တိုင် သင်ပုန်းချေနေတာလား။

သူ တွေးနေစဉ် မိန်းကလေးက သူ့လက်ကို ဆုပ်ကိုင်ရင်း ညှစ်လိုက်ကြောင်း သိသည်။ ထို့အတူ 'ဝါးခနဲ' ကလေးငိုသံ ကြားရသည်။

"ဟုတ်တယ်၊ ကလေးမွေးပြီ"

"ဘာမှအားမငယ်နဲ့ မိန်းကလေး၊ မင်း မွေးနိုင်ပြီ၊ ယောကျ်ားလေးလား၊ မိန်းကလေးလား ကြည့်ရအောင်"

"မမ...မမ" သူမကို ခေါ်လိုက်ကြောင်းသိသည်။

"မင်း ဘာပြောမလို့လဲ၊ ဘာမှမပြောနဲ့လေ၊ မင်း နားနေလိုက်၊ ဒီအချိန်မှာ အနားယူလိုက်တာ အကောင်းဆုံးပဲ၊ မမ ကလေးကို ကြည့်လိုက်ဦးမယ်"

သူမက ပြောရင်း ကလေးကိုကြည့်ရန် လှုပ်ရှားလိုက်၏။ သို့သော် သူသွားလို့မရ။ သူ့လက်ကို ဆွဲထားကြောင်းသိသည်။ သူလှည့်ကြည့်လိုက်၏။

မိန်းကလေး သူမအား ညိုးငယ်စွာကြည့်နေရာမှ မျက်လုံး မှိတ်သွားသလို လက်ကလေး ပြုတ်သွားသည်။

"မိန်းကလေး မိန်းကလေး"

သူမ ခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေး မထူးနိုင်တော့။ မိန်းကလေး သေပြီလေ။

"မိန်းကလေး"

"မိန်းကလေး"



www.burmeseclassic.com

www.burmeseclassic.com



## (၃) ချောက်အိပ်မက်မှသည်

"မိန်းကလေး မိန်းကလေး"

သူမ ခေါ်သည်။

သူမစိတ်တွေ မျောလွင့်နေသလိုပဲ။ ထိုစဉ် သူ့ပခုံးကို ဆုပ်ကိုင်လိုက်ကြောင်း သိလိုက်သည်။ သူမ လန့်သွား၏။

ထိတ်လန့်တကြား ခံစားလိုက်ရပြီး မျက်လုံးကို ဆတ်ခနဲ ဖွင့်လိုက်၏။ ထို့ကြောင့် သူ့အား စိုးရိမ်ကြည့်နေသည့် မောင့်ကို တွေ့လိုက်ရ၏။

"ခက် ဘာဖြစ်နေလဲ"

မောင်က မေးသည်။

"မောင်ရယ် ခက်ကြောက်လိုက်တာ"

မောင့်ရင်ခွင်သို့ ခိုဝင်ပြီး ခက်ခက်က ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်က ခက်ခက်ကို ကြင်နာစွာကြည့်ရင်း

"ခက် အိပ်မက် မက်နေပြန်ပြီလား"ဟု မေးသည်။

"ဟုတ်တယ် မောင်၊ ခက် အိပ်မက် မက်နေတယ်။ အိပ်မက်က ထိတ်လန့်စရာကြီးပါ"ဟု ပြောရင်း သူမ အိပ်မက် အကြောင်းကို ပြောပြသည်။ မောင်က ပြုံးနားထောင်နေပြီး စကားဆုံးလျှင်

"ဒါ ဘာဖြစ်လဲ ခက်ရယ်၊ အိပ်မက်ဟာ အိပ်မက်ပဲပေါ့၊ အိပ်မက်ဟာ တကယ်မဟုတ်ဘူးလေ"ဟု ပြော၏။

"ဒါပေမဲ့ ခက် ကြောက်နေတယ်"

"ဘာဖြစ်လို့လဲ ခက်"

"ဒီအိပ်မက်ဟာ နိမိတ်တစ်ခု ဖြစ်နေမှာကိုလေ"

မောင်က သက်ပြင်းချပြီး–

"ဥပဒါန်ကြောင့် ဥပါဒ်ရောက်တတ်တယ်တဲ့ ခက်၊ မောင့် ဆန္ဒကတော့ အရာရာကို မေ့လိုက်စေချင်တယ်။ အစွဲအလမ်း ဟာ လူကို ဒုက္ခပေးတတ်တယ်ဆိုတာ မမေ့နဲ့ ခက်"

"ခက် နားလည်သင့်သလောက် နားလည်ပါတယ် မောင်၊ ဒါပေမဲ့ ခက် မေ့မရဘူး၊ စိုးရွံ့နေတယ်"

"မောင်ကတော့ မေ့ပစ်လိုက်စေချင်တယ်၊ အိပ်မက်ဟာ



www.burmeseclassic.com

www.burmeseclassic.com



ထကာယ်မှမဟုတ်တာပဲ ခက်ရယ်"

ထို့နောက် ခက် ဘာမှမပြောတော့။ ထို့အတူပင် ခက်လည်း သည့်အကြောင်းကို မမေ့နိုင်ခဲ့ပါ။

"ဘုရား...အိပ်မက်ဟာ အိပ်မက်ပဲဖြစ်ပါစေ"

* * *

ထိုစဉ် သူမအား စိုးရိမ်ထိတ်လန့်မှုကိုပိုစေရန် အကြောင်းတစ်ခုက ဖူးလေးရာ ဖရုံဆင့် ပေါ်လာခဲ့၏။ ဒါက အခြားမဟုတ်။

ခက်ခက်တစ်ယောက် အစားပျက်ပြီး အော့အန်ခြင်းကြောင့် ဆေးခန်းပြရာ ဆရာဝန်က မောင့်ကိုကြည့်၍—

"ဘာမှ စိုးရိမ်စရာမရှိဘူး။ ကိုမင်းဝေ ဝမ်းသာရမယ့်ကိစ္စပါ ခင်ဗျားတို့မှာ ရွှေမရှား ငွေမရှား ပြည့်စုံခဲ့ပေမယ့် သားသမီးရတနာ မရှိခဲ့ဘူးလေ။ ခုတော့ ပြည့်စုံပြီလို့ ဆိုရတော့မယ်ဗျ"ဟု ပြောသည်။

မောင့်မျက်နှာ ဝင်းလက်သွားသည်။

"ဘာ ခက်ရင်ထဲမှာ ရင်သွေးလေးရှိနေပြီ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကိုမင်းဝေ၊ ခင်ဗျားဇနီးလောင်း ပတ္တမြား ရွှေကြာတ် နှုတ်ဆုံစပြုနေပြီ"

"ဟာ...ဝမ်းသာလိုက်တာဗျာ"

မောင် ဝမ်းသာနေ၏။ မောင် ဝမ်းသာနေသဖြင့် သူမ ဘာမှ မပြောခဲ့သော်လည်း သူမ ရင်ထဲတွင်မူ စိုးထိတ်နေ၏။ "ဒီရင်သွေးဟာ ငါ့အတွက် အကောင်းမှဟုတ်ရဲ့လား။ ဟိုအိပ်မက်ဟာ နိမိတ်တစ်ခုများ ဖြစ်နေမလား"ဟု တွေးနေမိသည်။

"ဟိုသည် မစဉ်းစားနဲ့ ခက်၊ အိပ်မက်ဟာ တကယ် မဟုတ်ဘူး"ဟု ပြောသည်။

ထိုအခါ မောင့်သူငယ်ချင်း စိတ်ရောဂါကုဆရာဝန် ကိုမြတ်စိုးကလည်း

"ကျွန်တော် ခက်ခက်ကို တစ်ခု အကြံပေးချင်တာက အရာရာကို မေ့ထားဖို့ပဲ ခက်ခက် အတွေးသဖြင့် ခင်ဗျားရဲ့ စိတ်ကို အဆိပ်အတော်ဖြစ်စေမယ့် ကိစ္စမျိုးတွေကို မတွေးနဲ့ လောကမှာ စိတ်ကြောင့် ရုပ်ဒုက္ခဖြစ်ရတာ အများကြီးရှိတယ်" ဟု ရှင်းပြသည်။

ခက်ခက်က "တချို့က အိပ်မက်ကို နိမိတ်တစ်ခုလို့ ပြောကြတယ်၊ အဲဒါကော မမှန်ဘူးလို့ ဆရာက ဆိုချင်တာ



www.burmeseclassic.com

www.burmeseclassic.com



လား”ဟု ပြန်မေးမိသည်။

ဒေါက်တာမြတ်စိုးက ပြုံးသည်။

“ဒီအယူအဆဟာ ရိုးရာအယူအဆဖြစ်နေလို့ မမှန်ဘူးလို့ မပြောနိုင်ဘူး”

ကျွန်တော်ပြောချင်တာက အိပ်မက်ရခြင်းအကြောင်းတွေရှိတယ်။

“ဒီအကြောင်းတွေ ဆရာသိလား”

ဒေါက်တာမြတ်စိုးက ခေါင်းညိတ်သည်။ ပြီးမှ–

“ကျွန်တော် အိပ်မက်နိမိတ်နဲ့ပတ်သက်လို့ လေ့လာဖူးတယ် ခက်ခက်၊ လေ့လာရသမျှ ပြောရရင် အိပ်မက် မက်ခြင်းနဲ့ ပတ်သက်လို့ အိပ်မက်ကြီးခြောက်ပါးရှိတယ်။ အဲဒါတွေက ဘာတွေလဲဆိုတော့–

(၁) မြင်ဖူးသည်ကို စွဲ၍မက်မှု အကျိုးအပြစ်ရှိ၏။

(၂) ကြားဖူးသည်ကို စွဲ၍မက်မှု အကျိုးအပြစ်ရှိ၏။

(၃) ခံစားဖူးသည်ကို စွဲ၍မက်မှု အကျိုးအပြစ်ရှိ၏။

(၄) ကြုံဖူးသည်ကို စွဲ၍မက်မှု အကျိုးအပြစ်ရှိ၏။

(၅) မြင်ဖူးသည်ကို စွဲ၍မက်မှု အကျိုးအပြစ်မရှိ။

(၆) စိတ်ချောက်ချား၍မက်မှု အကျိုးအပြစ်ရှိ” လို့



www.burmeseclassic.com

www.burmeseclassic.com



ဆိုထားတယ်။

"အဲဒီလိုပဲ အိပ်မက်နဲ့ပတ်သက်လို့ နောက်တစ်နည်း ရှိသေးတယ်။ အဲဒါက ဘာလဲဆိုတော့–

(၁) နတ်တို့ပြောၡ မက်မှု အကျိုးအပြစ်ရှိ၏။

(၂) ရှေ့ခံစားဖူး၍မြင်မက်မှု အကျိုး အပြစ်မရှိ။

(၃) စိတ်ချောက်ချား၍မက်မှု အကျိုးအပြစ်မရှိ။

(၄) အကျိုးပေးလတ္တံ့သောကြောင့်မက်မှု ကေန္တ အကျိုး ရှိ၏" ဟု ဆိုထားတာ တွေ့ရတယ်။

"အိပ်မက်အကြောင်းတွေက အများကြီးပဲနော်"

သူမက ပြောလိုက်မိ၏။ ထိုအခါ ဒေါက်တာမြတ်စိုးက–

"အများကြီးရှိတာပေါ့ခက်ခက်၊ အိပ်မက်နဲ့ပတ်သက်လို့ လေ့လာရင် မက်ရတဲ့အကြောင်းအရင်းရှိသလို၊ အချိန်အခါနှင့် အကျိုး အပြစ်ရှိသလို၊ အကျိုးရှိ အကျိုးမဲ့ဆိုတာလည်း ရှိတယ်" ဟု ပြောပြသည်။

"ဒါဆို ခက်ခက်ကို ရှင်းပြပါလား" ဟု ပြောလိုက်သည်။

ထိုအခါ မောင်က–

"ဒီတစ်ခါတော့ မောင်ကပဲ ရှင်းပြပါ့မယ်"

ဟု ဆိုသဖြင့် မောင့်ကို သိလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်လည်း သိတယ်"

မောင်က ခေါင်းညိတ်ပြီး–

"သိတာပေါ့ ခက်၊ ရိုးရာကိစ္စဆိုတော့ သိသင့်တယ်လေ၊ အိပ်မက်ရဲ့ မက်တဲ့အခါတွေရှိတယ်။ အဲ့ဒါနဲ့ပတ်သက်လို့ ရှေးဆရာတွေက နေ့အခါမက်တာနဲ့ ပထမယံမက်ရင် အကျိုးအပြစ်မပေးဘူးလို့ဆိုတယ်။ သန်းခေါင်ယံမက်ရင်၊ မိုးသောက်ယံမက်ရင်၊ အာရုဏ်တက်မက်ရင် အကျိုးအပြစ်ပေးအံ့လို့ အဆိုရှိတယ်။ ဒါတွေနဲ့ပတ်သက်လို့ ထပ်လေ့လာရင် ပထမယံမက်ရင် တစ်နှစ်အတွင်း အကျိုးအပြစ်ပေးတယ်၊ ဒုတိယယံမက်ရင် (၆)လအတွင်း အကျိုးအပြစ်ပေးတယ်၊ တတိယယံနဲ့ စတုတ္ထယံ မက်ရင် (၃)လအတွင်း အကျိုးအပြစ်ပေးတယ်လို့ ဆိုရိုးရှိတယ်"

"အိပ်မက်က တော်တော်ကျယ်ပြန့်တယ်နော်"

"အမှန်ပဲပေါ့ ခက်၊ အိပ်မက်,မက်တဲ့ နေ့အလိုက်ကို ကြည့်ပြီး ဘယ်သူ့အတွက်ဆိုတာလည်း သိနိုင်တယ်"

ခက်ခက်က တအံ့တသြနှင့် "ဟုတ်လားမောင်"ဟု မေးသည်။

"ဟုတ်တယ် ခက်၊ အိပ်မက်,မက်တဲ့နေ့ကို ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့အတွက် မက်တယ်ဆိုတာ သိနိုင်တယ်။ တနင်္ဂနွေနေ့ မက်ရင် မယားအတွက်မက်တာ၊ တနင်္လာနေ့မက်ရင် ဆွေမျိုး အတွက်မက်တာ၊ အင်္ဂါနေ့မက်ရင် မိဘဆရာသမားအတွက် မက်တာ၊ ဗုဒ္ဓဟူးနေ့မက်ရင် သားသမီးအတွက် မက်တာ၊ ကြာသပတေးနေ့မက်ရင် အဆွေခင်ပွန်းအတွက်၊ သောကြာ နေ့ မက်ရင် ကျွန်, ကျွဲနွားအတွက်၊ စနေနေ့မက်မှ ကိုယ့် အတွက်မက်တာ ခက်၊ ခက်အိပ်မက်မက်တာ ဘယ်နေ့ဆိုတာ မှတ်မိလား"

"ဟင့်အင်း"

ခက်ခက်က ကလေးလေးလို မျက်လုံးအဝိုင်းကလေးနဲ့ ကြည့်ပြီး ခေါင်းခါ၏။

သည်သောအခါ ဒေါက်တာမြတ်စိုးက–

"ဒါဆို ခက် မစဉ်းစားနဲ့တော့၊ အိပ်မက်မကောင်းတဲ့ အတွက် အပြစ်ပြေဖို့အတွက် ကျွန်တော် ယတြာပေးမယ်"

"ယတြာ ဟုတ်လား ဆရာ"

"ဟုတ်တယ်၊ အိပ်မက်ယတြာတွေနဲ့ပတ်သက်လို့ ကျွန် တော်ကတော့ အင်္ဂုရသေ့တိတ္ထုကျမ်းအလိုကို အကြိုက် ဆုံးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ယတြာလဲဆရာ"

"မကောင်းတဲ့အိပ်မက်မက်ရင် ရတနာသုံးပါး၊ မိဘ၊ ဆရာသမားကို ပူဇော်ကန်တော့ခြင်း၊ ဥပုသ်သီလ ဆောက်တည်ခြင်းကိုပြုရင် မကောင်းကျိုးတွေပျောက်ပြီး ကောင်းကျိုး ရောက်တယ်တဲ့ ခက်"

"ဘယ်လိုလုပ်ရမယ်"

ခက်က ပြောလိုက်၏။

သူ့ စိတ်ထဲ၌ ပေါ့ပါးသလိုဖြစ်နေ၏။ ပြီးတော့ ကံကောင်းပါစေဟု ဆုတောင်းရမည်မှာလည်း အမောပင်။



www.burmeseclassic.com

www.burmeseclassic.com



## (၄) ကံကောင်းခြင်းလက်ဆောင်

သူမသည် အိပ်မက်အကြောင်းကို မေ့ထားခဲ့သော်လည်း လရင့်လာသည်နှင့်အမျှ စိတ်တထင့်ထင့် ခံစားရသည်။ လရင့်လာသလို ထိုအိပ်မက်ကား ခဏခဏ မြင်မက်လာသည်။

"ဒီအိပ်မက်ပဲ မက်နေတယ်မောင်"

ခက်က ပြောသည်။

"မောင်ကတော့ ခက် စွဲလမ်းစိတ်နဲ့ မက်နေတယ်လို့ပဲ ထင်တယ်"

"မောင်ပြောချင်တာက ခက်၊ ဥပဒါန် မစွက်စေချင်တာပဲ"

"ခက်လည်း ကြိုးစားပါတယ် မောင်၊ အိပ်မက်ထဲက အတိုင်း မောင့်ကိုယ်ပွားကလေး မွေးပေးပြီး သေခဲ့ရင်တောင်



www.burmeseclassic.com

www.burmeseclassic.com



ခက် သေဝံ့တယ်။ ခက်စိုးရိမ်တာက မောင့်ကိုပဲ။ မောင် အထီးကျန်နေခဲ့မှာ စိုးတယ်။ မောင့်ကို ခက် မခွဲနိုင်ဘူး"

"ခက်ရယ်၊ မောင်နဲ့ ခက်နဲ့က သေမှခွဲရမှာပါ၊ အိမ်ထောင်သက် နှစ်တစ်ရာတိုင်မယ်လို့ပဲ မောင်ယုံတယ်"

"ခက်လည်း ဒီအတိုင်းဖြစ်ပါစေလို့ ဆုတောင်းပါတယ်"

"ခက်ရယ်"

မောင်ကမူ အားပေးဖော် ကြင်နာဖက် ပီသသည်။ ခက်ကို ဂရုဝည်းစိုက်၏။ သည့်လိုနှင့် ရက်ပေါင်းများစွာ ဖြတ်သန်းခဲ့သည်။

သို့နှင့် ရင်သွေးကိုမွေးမည့်ရက်သို့ ရောက်ခဲ့သည်။

"ဒီကနေ့ဟာ ဂျူးဒိတ်ပဲမောင်၊ ခက်လေ အိပ်မက်အတိုင်း ဖြစ်မှာကိုစိုးတယ်"

"ခက်ရယ်၊ ဘာတွေစဉ်းစားနေလဲ၊ ခက် ရင်သွေးကို ချောမောစွာ မွေးနိုင်မယ်လို့ မောင် ယုံတယ်"

"တကယ်လို့ ခက်မရှိခဲ့ရင် ခက်တို့ရင်သွေးလေးကို ဂရုစိုက်ပါနော်"

"ခက်ရယ်၊ ခက် ဘာမှမဖြစ်ဘူးဆိုတာ မောင်ယုံတယ်"

ခုတော့ ခက်ခက်သည် မွေးချိန်နီးသဖြင့် မွေးခန်းတွင်း



www.burmeseclassic.com

www.burmeseclassic.com



သို့ သွင်းလိုက်ရပြီ။ မင်းဝေသည် ခက်၏ယက်ကို လွှတ်လိုက်ရတော့ ရင်ထဲ ဟာခနဲဖြစ်သွားသည်။ ဘာကိုမျှ ယုံကြည်မှုမရှိသော်လည်း ခက်ပြောသလို အိပ်မက်အတိုင်း ဖြစ်သွားမှာကို စိုးရိမ်မိပြန်သဖြင့် စိတ်ကို မနည်းထိန်းသိမ်းထားရ၏။

ထို့ကြောင့် မင်းဝေ ဂဏှာမငြိမ် ဖြစ်ခဲ့ရ၏။

နာရီလက်တံတွေ လှုပ်ရှားနေသလို သူ့ရင်တွေ ခုန်နေ၏။ သူ့ရင်မောစွာ မွေးခန်းတွင်းမှ တုံ့ပြန်သံကို စောင့်နေရ၏။

ထိုစဉ် မွေးခန်းတွင်းမှ ဒေါက်တာခင်လေးမူ ထွက်လာသည်။

"ဒေါက်တာ...ခက်...ခက်ခက်အခြေအနေ ဘယ်လိုရှိလဲ၊ သားလေးလား၊ သမီးလေးလားဟင်"ဟု အလောတကြီး မေးလိုက်၏။

"မိခင်ရော၊ ကလေးရော အခြေအနေကောင်းတယ်၊ ကိုမင်းဝေ ရှင့်သမီးလေးက ချစ်စရာလေးပါ"

"ဟုတ်လား၊ ကျွန်...ကျွန်တော် တွေ့လို့ရမလားဟင်"

"မကြာခင် မွေးခန်းထဲကထုတ်တော့မှာပါ ကိုမင်းဝေ"

"ကျေးဇူးပါပဲ ဒေါက်တာ"

* * *



www.burmeseclassic.com

www.burmeseclassic.com



သီးသန့်ခန်းသို့ရောက်လျှင် ခက်ကို တွေ့ရ၏။

"ခက်"

ခက်က သမီးကို ထွေးပိုက်လျှင် ခက်မျက်နှာ လန်းဆန်းနေ၏။

"မောင်"

"ခက်ရယ်၊ ဝမ်းသာလိုက်တာ၊ ကဲ...မောင်ပြောတယ် မဟုတ်လား"

"ခက်လည်း ကံကောင်းတဲ့အတွက် ဝမ်းသာတယ်"

"ဒါဆိုရင် ခက် ဘာမှမတွေးနဲ့တော့၊ သမီးကလေး အတွက် မောင်တို့ ကြိုးစားရမယ်၊ မောင်တို့အချစ်နဲ့ သမီးကလေးဘဝ လန်းဆန်းစိုပြေစေရမယ်နော်"

ခက်က ပြုံးသည်။

ကိုမင်းဝေ ခက်ကို ခပ်ဖွဖွနမ်းသည်။



www.burmeseclassic.com

www.burmeseclassic.com



## (၅) တမလွန်ရေဆန်ခရီးသည်

သမီးကလေးက ချစ်စရာကောင်းသည်။ မောင်ကလည်း သမီးကိုချစ်သည်။ အထူးသဖြင့် ဝမ်းဖြင့်လွယ်မွေးရသော ခက်က ပို၍ချစ်သည်ဆိုရမည်။ ခက်အနေနှင့် သူ့ကလေး ကို ချစ်ရသည်မှာ နောက်အကြောင်းတစ်ခုလည်း ရှိ၏။

ထိုအကြောင်းက တခြားမဟုတ်။

သမီးကလေး၏ မျက်နှာက အိပ်မက်ထဲက မိန်းကလေး မျက်နှာနှင့်တူနေသောကြောင့်ဖြစ်၏။

ခက်သည် သမီးကလေးအား အိပ်မက်ထဲမှ မိန်းကလေး လို အထီးကျန်မဖြစ်စေရဟု ဆုံးဖြတ်သည်။

"သမီးကလေးက ချစ်စရာလေးနော်"

မောင်က ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"ခက်ကတော့ သမီးကလေးဟာ ချစ်စရာကောင်းသလို စိတ်ဝင်စားစရာလည်း ကောင်းတယ်လို့ထင်တယ်"

"ဘာကြောင့်လဲ ခက်"

"လောလောဆယ် ခက်မပြောတတ်ဘူး။ ဒါပေမဲ့ တစ်ချိန်မှာတော့ အဖြေပေါ်လာလိမ့်မယ် မောင်"

"ခက်ရယ်၊ မဟုတ်တာတွေ မတွေးပါနဲ့"

"ခက်လည်း မတွေးချင်ပါဘူး"

ထို့နောက် သူတို့ မေ့မေ့ပျောက်ပျောက်နေခဲ့သည်။ သို့နှင့် အချိန်တို့ ကုန်မှန်းမသိ ကုန်သွားခဲ့သည်။ ဤသို့ဖြင့် သမီးကလေး စကားပြောတတ်သည့်အရွယ်သို့ ရောက်လာသည်။ ထိုစဉ် သမီးကလေးက ထူးခြားသည့် စကားတစ်ခု ပြောလေ၏။

"သမီး မြိုင်သာယာကိုသွားချင်တယ် အမေ"ဟု ပြောသည်။

သမီးက မြိုင်သာယာကို သွားချင်တယ်ဆိုတော့ ခက် အံ့ဩရသည်။ မြိုင်သာယာသည် ခက်အတွက်က မကြားဖူးသည့်မြို့။

"မြိုင်သာယာဟာ ဘယ်မှာလဲ၊ မေမေ မသိပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မေမေ မသိပေမယ့် သမီးသိတယ်လေ၊ မြို့သာယာမှာ သမီးရဲ့ ဟိုးဘဝဟောင်းက အဖေနဲ့ အမေရှိတယ်"

"ဘာရယ်၊ ဘဝဟောင်းက အဖေနဲ့အမေ ဟုတ်လား"

"ဟုတ်တယ်မေမေ၊ ဘဝဟောင်းတုန်းက သမီးရဲ့နာမည်က 'စုနန္ဒာ'လေ၊ သမီး သားကလေးမွေးတဲ့နေ့မှာ သမီး သေခဲ့တာ၊ သမီး သူတို့ကိုလွမ်းတယ် မေမေရယ်"

ခက် ဘာပြောရမည်ကို မသိ။

ခက်သည် သမီးလေး၏ စကားများကို နားထောင်ရင်း ကျောချမ်းသွားမိ၏။ အိပ်မက်အကြောင်းကို သတိရမိပြန်၏။ သမီးကလေးသည် ခက် အိပ်မက်၌ တွေ့ခဲ့သည့် မိန်းကလေး များလား။

"မေမေ လိုက်ပို့မလားဟင်"

သမီးက မေးသည်။

ခက်က သက်ပြင်းချပြီး "သမီးဖေဖေကို ပြောပြမယ်လေ" ဟု ပြောရ၏။ သမီးက "သမီးကိုလိုက်ပို့ပါနော်" ဟု ဆို၏။

ခက် သမီးကို ကြင်နာစွာ ထွေးဖက်လိုက်၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



ထိုအကြောင်းအား မောင့်ကိုပြောပြရသည်။

"သမီးက မြိုင်သာယာကို သွားချင်တယ် ပြောတယ် ဟုတ်လား"

"ဟုတ်တယ်မောင်၊ မြိုင်သာယာဆိုတာ ရှိလား"

"ရှိတယ် ခက်၊ မြိုင်သာယာဆိုတာက မန္တလေးနဲ့ မဝေးတဲ့ တစ်နေရာမှာရှိတဲ့ မြို့ကလေးပဲ"

"ဒါဆို ဒီမြို့ကိုသွားရင် ကောင်းမလား မောင်"

"မောင်လည်း ဒါပဲ စဉ်းစားနေတာ"

"ခက်လည်း သွားချင်တယ်မောင်၊ မြိုင်သာယာသွားခြင်းအတွက် ထူးခြားတဲ့ဖြစ်စဉ်တစ်ခု ပေါ်ပေါက်နိုင်မယ်လို့ ထင်တယ်"

"မောင်ကြိုးစားမယ် ခက်၊ ဒေါက်တာမြတ်စိုးနဲ့ တိုင်ပင်ပြီး အမြန်စီစဉ်မယ်"

ထို့နောက် ခက်နှင့် သမီးတို့သည် မောင်နှင့် ဒေါက်တာ မြတ်စိုးတို့၏ စီစဉ်မှုနှင့် မြိုင်သာယာသို့ ခရီးနှင်ခဲ့သည်။

သမီးသည် ပျော်နေ၏။

"သူတို့အားလုံး အံ့ဩဝမ်းသာကြမှာ အမှန်ပဲ ဖေဖေ"

* * *



www.burmeseclassic.com

www.burmeseclassic.com



မြိုင်သာယာသို့ ရောက်ခဲ့ပြီ။

မြိုင်သာယာသို့ရောက်လျှင် ပထမဆုံး အံ့သြရသည်က ခက်နှင့် မောင်ဖြစ်နေသည်။ အဘယ်ကြောင့်ဆိုသော် သမီး ကဇလေးသည် မြိုင်သာယာသို့ရောက်လျှင် မြူးကြွပျော်ရွှင် နေ၏။

"မြိုင်သာယာလည်း သိသိသာသာ ပြောင်းလဲသွားတယ် အမေ" ဟု ပြော၏။

"အခု ဖေဖေတို့ ဘယ်သွားမလဲ"

မောင်က မေးလိုက်သည်။

"သမီး ဘဝဟောင်းက အမေနဲ့ အဖေဆီ သွားမယ် လေ"

"သူတို့က ဘယ်မှာလဲ"

"မြို့လယ်မှာလေ၊ သမီးပြမယ်"

ဒေါက်တာမြတ်စိုးနှင့်အတူ သားဖသုံးယောက် မြို့တွင်းသို့ ဝင်ခဲ့သည်။ လမ်း၌ ထူးခြားသည့်အဖြစ်တစ်ခု ကြုံ၏။

ထိုအဖြစ်က အခြားမဟုတ်။ သမီးသည် လူငယ်တစ်ဦး အား တွေ့လျှင် "သက်မောင်၊ သက်မောင်" ဟု ခေါ်၏။

"သူငယ် တွေခနဲရပ်သွား၏"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့...သက်မောင်၊ ငါ စုနန္ဒာလေ၊ နင် မေ့သွားပြီလား"

"ဘာ...စုနန္ဒာ...ဟုတ်လား။ စုနန္ဒာ ကလေးမွေးပြီး သေသွားတာ (၈)နှစ်တောင်ရှိပြီပဲ"

"ဒါတော့ နင်မမေ့သေးပဲကိုး၊ ဒါထက် အဖေတို့ အမေတို့ နေကောင်းရဲ့လား"

"ကောင်း...ကောင်းပါတယ်"

"အေး...ဒါဆို သွားမယ်၊ လာ...အဖေနဲ့ အမေ"

ဟုပြောပြီး ထွက်သွားသည်။ မောင်နှင့် ခက်က သမီးနောက်သို့ လိုက်ခဲ့သလို ဒေါက်တာမြတ်စိုးက သက်မောင်ဆိုသည့် လူငယ်နှင့် ကျန်ခဲ့၏။

သူ သက်မောင်နှင့် သမီးအတိတ်အကြောင်း စူးစမ်းနေပုံရ၏။

မကြာမီ ခက်နှင့် မောင်သည် သမီးနှင့်အတူ အိမ်တစ်အိမ် ရှေ့သို့ ရောက်လေ၏။ အိမ်ကြီးက ရှေးဆန်သည့် အိမ်ကြီးတစ်အိမ်ပင်။

သမီးက ခက်၏လက်ကို ဆုပ်ကိုင်ရင်း။

"ဒါ သမီးဘဝဟောင်းက နေခဲ့တဲ့အိမ်လေ။ အိမ်ထဲမှာ ဘဝဟောင်းက အမေနဲ့ အဖေရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောပြီး "အမေ၊ အဖေ"ဟုခေါ်ကာ အိမ်ထဲသို့ ပြေးဝင်သွား၏။ မောင်နှင့် ခက်ကမူ နောက်မှ ခပ်သွက်သွက် လိုက်ခဲ့၏။

ညည့်ခန်းတစ်ခုရှေ့သို့ ရောက်ခဲ့ပြီ။

ညည့်ခန်းက ကျယ်သည်။ ညည့်ခန်းထဲမှာ အသက် (၆၀) ဝန်းကျင် အဘိုးကြီးတစ်ဦးနှင့် အဘွားကြီးတစ်ဦး ထိုင်နေ၏။ သူတို့ဘေးတွင် သမီးနှင့်ရွယ်တူဟုဆိုသည့် ကလေးတစ်ဦး ထိုင်လျက်–

သူတို့က သမီးကို ငေးကြည့်နေ၏။

"အမေ...အဖေ"

ဟု သမီးက ခေါ်လိုက်၏။ ပြီးတော့ အဘိုးကြီး အဘွားကြီး ရင်ခွင်သို့ ခိုဝင်လိုက်၏။ အဘိုးကြီး ကြောင်နေ၏။ ခက်တို့ကို နားမလည်စွာ လှမ်းကြည့်သည်။

ထိုစဉ် မောင်က "ကျွန်တော်တို့က ရန်ကုန်ကပါ။ သမီးကလေးက မြို့သာယာမှာ သူ့ရဲ့ ဘဝဟောင်းက အဖေနဲ့ အမေ ရှိတယ်ဆိုပြီး လိုက်ပို့ပါဆိုလို့ လိုက်ပို့တာပါ"ဟု ပြော၏။

"ဘာ ဘဝဟောင်းက အဖေနဲ့ အမေ ဟုတ်လား"

ထိုအခါ သမီးက–



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေနဲ့ မေမေ၊ ဒါက သမီးရဲ့ ဘဝဟောင်းက အဖေနဲ့ အမေဖြစ်တဲ့ ဦးညိုမောင်၊ ဒေါ်နွယ်နီလေ"

ဟုပြောပြီး "သမီးက စုနန္ဒာလေ၊ သားကလေးမွေးပြီး ဘဝတစ်ပါးပြောင်းသွားရသူလေ"ဟု ရှင်းပြသည်။

"သမီးက...သမီးက နန္ဒာလား"

အဘွားကြီးက အသံတုန်တုန်ဖြင့် မေးသည်။

"ဟုတ်ပါတယ် အမေ၊ အမေ့သမီးအစစ်ဆိုတာ ဟောဒီမှဲ့က သက်သေခံမှာပါ"ဟုပြောရင်း ဗိုက်မှမှဲ့ကို လှန်ပြ၏။

ထိုအခါ အဘွားကြီးက ဝမ်းပန်းတနည်း ဖက်၍ငိုသည်။

"သမီးရယ်၊ အမေတို့ကို ဒီဘဝအထိရောက်အောင် မမေ့တာ သိပ်ဝမ်းသာတယ်"ဟု ပြောပြီး ဖက်၍ငိုလေသည်။ ဘေးကမြင်ရသည့် ခက်နှင့် မောင်လည်း ရင်ထဲဆို့တက်လာ၏။

အဘိုးကြီးက...

"သမီး၊ သူ့ကိုကော မှတ်မိလား"

ဟု ကလးကို လက်ညှိုးထိုးပြ၏။ သမီးက ချက်ချင်း မမှတ်မိပါ။ အသေအချာကြည့်သည်။

"သူက သမီးသားလေ...သမီးရဲ့"ဟု အဘွားကြီးက



www.burmeseclassic.com

www.burmeseclassic.com



ပြော၏။

သမီးသည် ကလေးကို မှတ်မိသွားဟန်ဖြင့် ကလေးကို ထွေးဖက်ပြီး "သားရယ်၊ အမေက သားကိုမွေးပြီး ဘဝတစ်ပါး ကို ပြောင်းသွားရတော့ ချက်ချင်းမမှတ်မိတာ ခွင့်လွှတ်ပါ" ဟု ဆိုသည်။

"မေမေ"

ဟု ခေါ်၏။

"သားရယ်၊ တို့သားအမိ ပြန်ဆုံရတာ ဝမ်းသာတယ်"

ဟုပြောရင်း တစ်စုံတစ်ရာကို သတိရဟန်ဖြင့် "အမေ့ ကိုစိုးလွင်ကော"

ဟု မေး၏။

အဘွားကြီးက "စိုးလွင် နောက်အိမ်ထောင်ပြုသွားပြီ လေ" ဟု ဆို၏။

သမီး မျက်နှာခက်ထန်သွားသည်။

"ယောကျ်ားတွေက တယ်စိတ်ချရပါလား။ မိန်းမ သေ တာနဲ့ နောက်အိမ်ထောင်ပြုဖို့ စဉ်းစားတယ်။ ကိုယ့်သား ကိုယ့်သမီးကို စောင့်ရှောက်ဖို့ စိတ်မကူးဘူး။ အလကား ယောကျ်ားတွေ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ သမီးရယ်၊ ပြီးတာလည်း ပြီးခဲ့ပြီပဲ။ ဒါတွေ မေ့ထားလိုက်ပါ"

"အင်းပေါ့လေ၊ သမီးကလည်း ဘဝပြောင်းနေပြီဆိုတော့ ဘာတတ်နိုင်တော့မှာလဲ၊ သားကလေး ကံဆိုးပါတယ်"

ဟု ညည်းသလိုပြော၏။

ခက်နှင့် မောင်ကမူ ကျောက်ရုပ်လို ငြိမ်သက်နေ၏။ အိပ်မက်တွင် ဆုံတွေ့ရသည့် မိန်းကလေး၏ ဝိညာဉ်က မိမိအား ပူးကပ်ကာ လိုက်ခဲ့သည်ပဲဖြစ်မည့်ဟု တွေးမိ၏။ လူဝင်စားဆိုသည့် အဖြစ်ဆန်းအား ခက်ခက်ကိုယ်တိုင် ကြုံခဲ့ပြီမို့ မယုံလို့လည်း မရတော့။

သမီးကမူ စိတ်ပန်းလူပန်းဖြစ်သွားသည့်ကား မသိ။ နှစ်ခြိုက် စွာ အိပ်ပျော်နေပေပြီ။ မအိပ်နိုင်သူများက ခက်၊ မောင်နှင့် ဒေါက်တာမြတ်စိုးတို့ပင် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



( ၆ ) နိဂုံး

"ဒေါက်တာ...သက်မောင်နဲ့တွေ့ခဲ့တာ ဘာအကြောင်း ထူးလဲ"

ဟု မောင်က မေးသည်။

ဒေါက်တာမြတ်စိုးက "ထူးခြားတယ်ကွ၊ သက်မောင်နဲ့ အသေအချာ ဆွေးနွေးတော့ သူ့သူငယ်ချင်းတွေထဲမှာ စုနန္ဒာ ဆိုတာ ရှိတယ်တဲ့။ စုနန္ဒာဟာ စိုးလွင်နဲ့ အကြောင်းပါပြီး မဟာနန္ဒာစံအိမ်ကို လိုက်သွားတယ်။ မဟာနန္ဒာမှာ ကလေး မွေးပြီး သေသွားတယ်လို့ ပြောပြတယ်"ဟု ရှင်းပြသည်။

"ဒါဆို သမီးဟာ စုနန္ဒာသေပြီး ဝင်စားတယ်လို့ သတ် မှတ်ရမှာပေါ့"

"ဒီလိုပဲ သတ်မှတ်ရမယ်ကွ၊ လူဝင်စားဆိုတာ ဒီလောက မှာ တကယ်ရှိတယ်လေ"

"ထူးဆန်းနေတာက မဟာနန္ဒာအိမ်ကြီးထဲမှာ သေခဲ့တဲ့ စုနန္ဒာဟာ ဘယ်လို ခက်ရင်ထဲ ရောက်လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"စဉ်းစားနေတာက ဒါပဲလေ"

ထိုစဉ် ခက်က "ကျွန်မလည်း ဒါပဲ စဉ်းစားနေတာ၊ တစ်ခုရှိတာက ဝိညာဉ်ချင်း ဆက်နွယ်တာဖြစ်မယ်။ ကျွန်မ ဝိညာဉ်လွင့်မျောပြီး မဟာနန္ဒာစံအိမ်ထဲ ရောက်ချိန်မှာ စုနန္ဒာ သေဆုံးပြီး စုနန္ဒာဝိညာဉ်က ခက်ဝိညာဉ်နဲ့ ပူးကပ်ပါလာတာ ဖြစ်မယ်"ဟု ဝင်ပြောလိုက်သည်။

ဤသို့ ခက်ကပြောလိုက်လျှင် ဒေါက်တာမြတ်စိုးက–

"ဟုတ်တယ်၊ ကျွန်တော်လည်း ဒါပဲ စဉ်းစားနေတာ"

ဟု ပြော၏။

မောင်က "မင်းစဉ်းစားမိတာ ပြောပါဦး"ဟု ဝင်ပြော၏။

"ငါစဉ်းစားမိတာက တခြားမဟုတ်ဘူးကွ၊ စိတ်ပညာနဲ့ နာမ် လောကပညာရှင်တွေက ဝိညာဉ်ချင်း ပူးကပ်ခြင်းနဲ့ ဆက်နွယ်ခြင်းရှိတယ်လို့ဆိုတာ ဖတ်ဖူးတယ်"

"ဒါဆို မင်းဆိုချင်တာက ခက်ဝိညာဉ်ဟာ အိပ်မက် အဖြစ်နဲ့ မျောလွင့်ပြီး မဟာနန္ဒာစံအိမ်တွင်းကို ရောက်သွား မယ်၊ ဒီအချိန်ဟာ စုနန္ဒာ ဘဝကူးချိန်ဖြစ်တယ်။ မျောလွင့်လာ တဲ့ ခက်ရဲ့ဝိညာဉ်နဲ့အတူ စုနန္ဒာဝိညာဉ် ပူးကပ်သွားတာဖြစ် မယ်လို့ ဆိုချင်တာလား"



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ခက်က–

"ခက်လည်း ဒီလိုပဲထင်တယ်၊ စုန္ဒာဝိညာဉ် သူ့ရဲ့ ရုပ်ခန္ဓာက ခွာချိန်မှာ ခက်ဝိညာဉ်နဲ့ ဆုံပြီး၊ ခက်ဝိညာဉ်နဲ့ ပူးကပ်ပါလာပြီး ဘဝတစ်ခုကို ဖန်ဆင်းလိုက်တာ ဖြစ်နိုင်တယ်"

"ဒီကိစ္စတွေက နက်နဲတဲ့ကိစ္စပဲ ခက်၊ ဒါဟာ စိတ်ဝိညာဉ်ရဲ့ ဆန်းကြယ်တဲ့ဖြစ်ရပ်တွေပဲ။ ကိုယ်တွေ့မကြုံရင်တော့ မယုံနိုင်စရာကိစ္စပဲ"

"ခုတော့ ပြောမယုံ ကြုံမှသိလို့ ပြောရမလိုဖြစ်နေပြီ။ ခက်ကိုယ်တိုင် မကြုံရင် ဘယ်လိုယုံစရာရှိမလဲ"

"ဒါပဲ ခက်၊ ဒါကိုပဲ စိတ်ဝိညာဉ်ရဲ့ ဆန်းကြယ်မှုလို့ ဆိုတာ ဖြစ်မှာ"

ဟု ဒေါက်တာမြတ်စိုးက ပြောသည်။

အားလုံးသည် ငြိမ်သက်နေပြီးမှ တိုင်ပင်ထားကြသလို သက်ပြင်းကို ဟင်းခနဲချလိုက်လေသည်။

စိတ်ကူးသစ်စာပေစုဝေးခြင်း

၂၀၀၄၊ ဖေဖော်ဝါရီလ

❖



www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

# အရိုဂို

( သို့မဟုတ် )

# ပရလောကနှင့် ဆက်နွယ်သူ

www.burmeseclassic.com

www.burmeseclassic.com



ဘောက်(စ်)ဝက်ဂွန် ပေါင်မုန့်ကားကလေးသည် ဘာရာဇီး နိုင်ငံ တောင်ပိုင်းသို့ ဦးတည်နေသည်။ မြေပြင်အခြေအနေအရ တောင်နှင့် ကုန်းမြင့်တို့ ပတ်ချာပိုင်းနေ၏။

ကုန်းမြင့်နှင့် တောင်တို့အလယ်တွင် "ကျွန်တို ဟာဒို နကမ်ပို"အမည်ရှိ မြို့ကလေးတစ်မြို့ရှိသည်။ ထိုမြို့တွင် လမ်း ကျဉ်းကလေးပေါင်းများစွာရှိပြီး တစ်ခုသောလမ်းကျဉ်းကလေး တစ်ခုအတွင်းသို့ ကားကလေးလှိမ့်ဝင်လာသည်။

ထိုကားကလေးကို အမေရိကန်နိုင်ငံ၊ ကာဒိုလီနာမြောက် ပိုင်းနယ်သားတစ်ဦး မောင်းလာ၏။ သူ့အမည်မှာ "ဟင်ရီအဲ့" ဖြစ်ပြီး အောင်မြင်သော စီးပွားရေးသမားတစ်ဦးဖြစ်သည်။ သူ့အသက်က ငါးဆယ်ဝန်းကျင်ရှိပြီ။ ထိုကားကို ဆယ်နာရီ ကျော်မျှ သူ မနားတမ်းမောင်းလာခဲ့၏။ ခရီးအစက "ရိုရို ဒီဂျန်နီရိုမြို့"ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် လမ်းတစ်လျှောက်လုံး စိတ်မြန်လက်မြန် ကြမ်းကြမ်းရမ်းရမ်းမောင်းလာခဲ့သည်။ ဘရာဇီးလ်ကားလမ်းများကို သတိနှင့်ရှောင်မောင်းခဲ့ရသလို တံတောင်ဆစ်ကွေ့ချိုးများကို ကွေ့ကာ၊ ပတ်ကာ မောင်းခဲ့ရ၏။

သူ့ဘေးတွင် "ဒေါက်တာဟင်နရီအင်ဒရီယာ ပူကာရီ"က ငြိမ်သက်စွာပါလာ၏။ သူ့အသက်က လေးဆယ်ခန့်။

ဒေါက်တာပူကာရီသည် အနောက်မြောက်ပိုင်းတက္ကသိုလ်မှ ဆေးပညာဘွဲ့ရ ဆရာဝန်တစ်ဦးဖြစ်သည်။ ပူကာရီက သွက်လက်ဖျတ်လတ်သူလည်း ဖြစ်၏။ သူက ခက်ခဲနက်နဲသော စိတ္တဇဆိုင်ရာပြဿနာများကို အမြဲစိတ်ဝင်စားသူဖြစ်၏။

ကျန်လူနှစ်ယောက်က စကားပြန်များဖြစ်၏။

ဒေါက်တာပူကာရီသည် စိတ္တဇဆိုင်ရာ၊ သို့မဟုတ် သာမန်ထက်ထူးကဲသော ပြဿနာများကို စူးစမ်းသုတေသနပြုနေသူဖြစ်၏။

ယခုခရီးကလည်း သုတေသနခရီးဖြစ်၏။

ယခု သူတို့သည် "အရီဂို"အမည်ရှိသော လူထူးဆန်းတစ်ဦးကို ရှာဖွေရန် ဘရာဇီးနိုင်ငံ၏ ချောင်ကျသော ဤမြို့ငယ်ကလေးသို့ ရောက်ခဲ့ပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာပူကာရီသည် နားမဆန့်အောင် ကြားရသည့် "အရီဂို"၏ သတင်းဆန်းများကြောင့် စိတ်ဝင်စားမှုပိုလာသည်။ အရီဂိုက သာမန်ထက်တူးသူဟု ဆိုရမည်။

အရီဂိုက စာကို ကောင်းစွာမသင်ခဲ့ရသော ကျေးတောသားတစ်ဦး ဖြစ်၏။

သို့သော် သူ၏ ဆေးကုသမှုအစွမ်းများကို ဘရာဇီးသတင်းစာတို့က တခမ်းတနား ရေးပြ၏။ မျက်နှာဖုံးတွင် သတင်းထူးအဖြစ် အဆက်မပြတ်ဖော်ပြခဲ့သည်။

သူ၏စွမ်းဆောင်မှုသည် အံ့ဖွယ်သူရဲ ဖြစ်သည့်အပြင် နယ်ခြားစည်းတို့ကိုပင် ကျော်လွန်ခဲ့ချေပြီ။

ထို့ကြောင့် "ရီဂိုဒီဂျန်နီရိုမြို့"တွင်ရှိစဉ်က ဒေါက်တာပူကာရီသည် ဒေါက်တာကော်ရိုလိုင်နာနီဗာဆီသို့ ဖုန်းဆက်ခဲ့၏။

ဒေါက်တာနီဗာက "အရီဂိုရဲ့ ဆေးကုသမှု အစွမ်းကြောင့် လက်တွေ့ပျောက်ကင်းသူ အများကြီးရှိခဲ့တယ်"ဟု ထောက်ခံခဲ့သည်။ အတည်ပြုခဲ့သည်။

ဤကဲ့သို့ပင် "ကွန်ဂွန်ဟာမြို့က သတင်းတွေကို သေသေချာချာ လေ့လာသင့်ပြီ"ဟု မှာကြားသလို "အရီဂိုကို မင်း



www.burmeseclassic.com

www.burmeseclassic.com



မျက်မြင်ကြုံတွေ့မှ ကြားရတာတွေကို ယုံပါ"ဟုဆို၏။

ကားကလေးသည် ကွန်ဝွန်ဟာမြို့၏ အကွေ့အချိုး ထူပြောသော လမ်းကလေးအတိုင်း မောင်းနှင်ဝင်နေဆဲ။

ဒေါက်တာပူကာရီသည် စဉ်းစားရင်း အချိန်မနည်းတော့ဟု သတိရသည်။

မကြာခင် မိုးချုပ်တော့မည်။

အိပ်တန်းပြန် ငှက်အုပ်များအား ကောင်းကင်အနှံ့တွင် တွေ့ရ၏။ ထို့ကြောင့် ဒေါက်တာပူကာရီက "ဒီအချိန်မှာ တည်းခိုခန်းတစ်ခု ရှာသင့်ပြီ၊ ဒီည အနားယူပြီး ကျန်တာ မနက်ဖြန်မှ ဆက်လုပ်ကြတာပေါ့"ဟု ပြောလိုက်သည်။

* * *

နောက်တစ်နေ့ နံနက်စောစောတွင် ကားတစ်စီးဝင်နိုင်သည့် ကျောက်လမ်းကလေးအတိုင်း အရီဂိုဆေးခန်းသို့ တိုက်ရိုက်သွားခဲ့သည်။ ထိုနေ့က ၁၉၆၃ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့ဖြစ်သည်။ အချိန်က နံနက်(၇)နာရီခန့်။ အရီဂို၏ ဆေးခန်းသည် ဘုရားရှိခိုးကျောင်းဟောင်း၏ဆောက်အအုံ



www.burmeseclassic.com

www.burmeseclassic.com



တွင် ဖွင့်လှစ်ထားပြီး လူ(၂၀၀)ခန့် စုရုံးရောက်ရှိနေပြီ။

သူတို့က ဘရာဇီးနိုင်ငံ၊ ဂန်ဟွားဘတ်စ်ကား၊ ရထားဖြင့် ရောက်လာသူများဖြစ်သည်။ များပြားလှသောသူများထဲမှ မျက်မမြင် အဘိုးအိုတစ်ယောက်၊ အလွန်ပိန်လှီသော လည်ပင်းကြီး ရောဂါရှင်တစ်ယောက် ခွမ်းနယ်ချည့်နဲ့နေသော ဘီးတပ်ထိုင်ခုံနှင့်ကလေး တစ်ယောက်တို့ စိတ်ဝင်စားသွားသည်။

ဒေါက်တာပူကာရီတို့ လေ့လာရေးအဖွဲ့ ရောက်နေကြောင်း သတင်းက တောမီးလို ပျံ့နေပြီ။ သူတို့လေ့လာရေးအဖွဲ့သည် ဆေးကုသမှုခံယူရန် ရောက်လာသူများရှေ့မှ ဝင်ခဲ့၏။ အခန်းထဲမှ စပို့ရှပ်အင်္ကျီအနက် ဘောင်းဘီနှင့် ရွှံ့လူးထားသည့်ဖိနပ်ကို စီးထားသည့် ရင်အုပ်ကြီးကြီးနှင့် လူကြီးတစ်ယောက်ကို တွေ့ရ၏။ သူ့အသက်က (၄၀)ခန့်။ နက်မှောင်သော မုတ်ဆိတ်မွေးများထားကာ အသားညိုလျက် စူးရှသော မျက်လုံးပိုင်ရှင်မှာ "အရီဂို"ဖြစ်၏။

အရီဂိုက အရာရာကို ကြိုတင်သိနေပုံရ၏။ ဒေါက်တာပူကာရီတို့ကို လှိုက်လှဲစွာကြိုဆိုသည်။ "ဒီကမိတ်ဆွေကြီးတို့ လွတ်လပ်စွာ နေနိုင်ပါတယ်။ ဆေးကုသသူတွေကိုလည်း လွတ်လွတ်လပ်လပ် မေးမြန်းစုံစမ်းနိုင်ပါတယ်"ဟု ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာပူကာရီက ပြုံး၍ပြလိုက်၏။ အရီကိုနှင့် တွေ့ဆုံရန် လာသည့် လူနာများသည် ကြီးမားသော စပါးကျီသဏ္ဍာန် အခန်းထဲတွင် တစ်ယောက်တန်း တန်းစီနေ၏။ အရီကိုက ပေါ်တူဂီဘာသာဖြင့် ကျေးတောသားတို့အား ပြောသလို ပေါ့ပေါ့ဒိုင်းဒိုင်း ပြော၏။

"ခင်ဗျားတို့ကို ကျုပ် အခုကို ဆေးကုသပေးနိုင်တာ ကျုပ်အစွမ်းအစကြောင့် မဟုတ်ဘူးဆိုတာ ခင်ဗျားတို့ ယုံကြည်ထားကြပါ။ ဒါဟာ ယေရှုဘုရားသခင်ရဲ့ အလိုတော်အတိုင်း ဖြစ်ရတာပဲ"

ဟု ပြောသည်။ ပြီးတော့ "ဘာသာတိုင်းဟာ ကောင်းမှုကို ရှေးရှုတာချည်းပဲ၊ ခင်ဗျားတို့ ဘယ်ဘာသာကိုးကွယ်တယ်ဆိုတာ ကျုပ် မသိချင်ဘူး။ ကျုပ်ပြောချင်တာက ကျုပ်ဆိုတဲ့အတိုင်း ယေရှုဘုရားသခင်ရဲ့ တရားစာကို လိုက်ဆိုကြပါ"

ဟု ပြောပြီး သူကဆိုလျှင် အားလုံးတိုင်ပင်ထားကြသလို ပြိုင်တူလိုက်ဆိုသည်။

ဒေါက်တာပူကာရီ ကြည့်နေ၏။ အရီကိုသည် ဘုရားရှိခိုးခြင်း ပြီးသောအခါ ခန်းမကြီးအပြင်တွင်ရှိသော အခန်းငယ်ကလေးတွင် တိုးဝင်သွားကာ တံခါးကိုပိတ်၏။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာ၍ ပြန်ထွက်လာသောအခါ သူ့အမူအရာများ တစ်မူထူးခြားနေသည်ကို တွေ့ရ၏။

ခေါင်းကိုပင် မတ်ထားသည်။

သူ့အသွင်က ခေါင်းမာသည့်အသွင်သဏ္ဌာန်ဖြစ်နေသည်။ သူသည် စကားကို ပြတ်ပြတ်ပြော၏။ သူ့စကားသံများသည် ဂျာမန်လေသံ ပါနေသည်ဟု စကားပြန်များက ပြော၏။

သူ့စကားလုံးများတွင် ဂျာမန်ဝေါဟာရများ ပါနေကြောင်း ဒေါက်တာပူကာရီ ရိပ်မိလိုက်သည်။

အာရီဂိုက ဒေါက်တာပူကာရီနှင့် ဘဲတို့ထံသို့ ခုံညားစွာ လျှောက်လာသည်။

"ဒီမှာ ဘာမှ ဖုံးကွယ်ထားစရာ မရှိပါဘူး။ ခင်ဗျားတို့ ခုလို လေ့လာကြည့်ရှုနေတာကို ကျွန်တော် သဘောကျပါတယ်"

ထို့နောက် အာရီဂိုက ရှေ့ဆုံးမှလူကြီးကို ခေါ်လိုက်ပြီး...

"နံရံကို မှီရပ်"

ဟု သံပြတ်နှင့်ပြောလိုက်သည်။ မှီရပ်နေသော နံရံ၏ အပေါ်ဘက်တွင် "ယေရှုဘုရားသခင်ကို အာရုံပြုပါ" ဟူသော စာတန်းရှိသည်။ အာရီဂိုက တည်ငြိမ်လှ၏။ စကားတစ်လုံးမျှ



www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုခြင်းမပြုဘဲ လေးလက်မခန့်ရှိ သံမဏိ ခွဲစိတ်ဓား တစ်ချောင်းကို ကောက်ယူလိုက်သည်။ ပြီးလျှင် ထိုလူကြီး၏ ဝဲဘက်မျက်လုံး မျက်ခွံအောက်သို့ ထိုးသွင်းလိုက်၏။

ဓားမှာ မျက်လုံးအိမ်အောက်သို့ ဝင်နေပြီ။ လူကြီးမှာ သတိမေ့ခြင်းမျိုးလည်းမရှိသကဲ့သို့ တွန့်ခြင်း၊ ရှုန်းခြင်းလည်း မရှိ။

လူနာ၏ မျက်လုံးနှင့် မျက်ခွံကြားအား ဓားနှင့် ကြမ်းတမ်းစွာ ခြစ်နေပြီး မျက်လုံးအိမ်ကိုလည်း ခပ်ကြမ်းကြမ်း ဖိညှစ်နေ၏။

အရီဂို၏ လုပ်ရှားမှုအပြုအမူများကိုကြည့်ရင်း ဒေါက်တာ ပူကာရီ အံ့အားသင့်နေ၏။ သူက မျက်လုံးကို မျက်လုံးအိမ် တွင်းမှ ပြူးထွက်လာအောင် ကော်ထုတ်နေသေး၏။ လူနာမှာ တည်တည်ငြိမ်ငြိမ်ပင်။ ပါးပေါ်တွင်လာနားသည့် ယင်ကောင် ကိုသာ မကျေမချမ်းနှင့် မောင်းထုတ်နေ၏။

လွန်ခဲ့သော (၁၅)နှစ်ခန့်က ဆေးပညာဘွဲ့ရပြီး အတွေ့ အကြုံ ရင့်ကျက်နေသော ဒေါက်တာပူကာရီပင် အရီဂိုအား ကြည့်ကာ ထိတ်လန့်သွားသည်။

ဘဲ့သည်လည်း ချေးများပြန်၍ ဒူးတွေတုန်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



အရိုဂိုကမူ မည်သူ့ကိုမျှဂရုမစိုက်။ လူနာ၏ မျက်လုံးတွင်းမှ ဓားကိုဆွဲထုတ်လိုက်ပြီး ဓားထိပ်မှ အကျိအချွဲများကို အသေအချာစစ်ဆေးပြီး ကျွန်ုပ်သွားဟန်ပြုး၍ အကျီဖြင့်သုတ်လိုက်သည်။

လူနာကိုလည်း "ကောင်းသွားမှာပါ" ဟု ပြောလိုက်သည်။ ထို့နောက် လူနာတစ်ယောက်ကို ထပ်၍ခေါ်သည်။

ဒေါက်တာပူကာရီကမူ လူနာနှင့် ခွဲစိတ်ပြီးသော မျက်လုံးကို စစ်ဆေးကြည့်သည်။

အံ့ဩစရာပင်။

မျက်လုံးသည် ပွန်းပဲ့ခြင်းမရှိ၊ နီရဲခြင်းမရှိ၊ ကျိန်းစပ်ခြင်းရှိသလားဟု မေးသောအခါ "ဘာမှမဖြစ်ပါဘူး" ဟု ဖြေသည်။ ယင်းသို့စစ်ဆေးနေစဉ် အရိုဂိုသည် ဒုတိယလူနာကို ကုသပြီးလေပြီ။

အရိုဂိုသည် လူနာအများစုအား ကောင်းစွာကြည့်ရန် မလိုသကဲ့သို့ ဆေးညွှန်းကိုသာ လျင်မြန်စွာ ရေးပေးတတ်ကြောင်း အံ့ဩဖွယ် မြင်တွေ့ရသည်။

ထိုအတူ မကြာခဏဆိုသလိုပင် လူနာတို့အား နံရံနှင့်မှီရပ်စေကာ သူ့ဓားကို အကျီနှင့်သုတ်၍ သန့်ရှင်းစေကာ



www.burmeseclassic.com

www.burmeseclassic.com



အကျိတ်အဖုဖြစ်စေ၊ မျက်လုံးဖြစ်စေ၊ နားဖြစ်စေတို့တွင် စွဲကပ်နေသောရောဂါတို့အား ခွဲစိတ်၊ ခြစ်ထုတ်ပေးလေ့ရှိသည်။

သူသည် ဖမ့်ဆေးပေးခြင်း၊ အိပ်မွေ့ချခြင်းအမှုကို ပြုလုပ်လေ့မရှိ။ ခွဲစိတ်ဒဏ်ရာ အဆိပ်မတက်စေရန် ကြိုတင်ကာကွယ်မှု ပြုသည်မရှိ။

ခွဲစိတ်ရာတွင် သွေးယိုခြင်း၊ သွေးမတိတ်ခြင်း ဖြစ်ပေါ်လေ့မရှိ။ ခွဲစိတ်ရာတွင် သွေးစက်ငယ်မျှသာ ထွက်ကြောင်း တွေ့ရသည်။

နံနက်(၁၁)နာရီထိုးပြီ။

အရီဂိုက ဆေးကုသမှုကို ရပ်ဆိုင်းကြောင်း၊ ရုံးအလုပ်တာဝန် သွားရောက်ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ နေ့လယ်ပိုင်းလွန်မှ ပြန်လာမည်ဖြစ်ကြောင်း ပြောသည်။

ဆေးခန်းမှ ထွက်သွားလျှင် အရီဂိုဓါတ်စကားသံသည် ပြောင်းသွား၏။ ဂျာမန်လေသံ၊ ပရပ်ရှားအမူအရာတို့ ပျောက်သွားခြင်းဖြစ်၏။

ဒေါက်တာပူကာရီ ရိပ်မိလိုက်သလို မိမိ အမေရိကန်သို့ ပြန်ရောက်လျှင် အပေါင်းအသင်းများ ယုံကြည်အောင် မည်သို့ သက်သေပြရမည်ကို စဉ်းစားရင်း ထိုင်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ပူကာရီအဖို့ နည်းလမ်းတစ်ခုတော့ ရှာရမည်။

ညနေပိုင်းရောက်လျှင် ဒေါက်တာပူကာရီအဖို့ ဝမ်းမြောက်ဖွယ်ရာ နည်းလမ်းကောင်းတစ်ခုကို ရှာဖွေတွေ့ရသဖြင့် ပျော်သွားသည်။

"ဂျော့ချ်ဖိုနို"မည်သည့် သတင်းစာဆရာတစ်ယောက် ရုပ်ရှင်ရိုက်ကင်မရာတစ်လုံးနှင့် ရောက်လာခြင်းဖြစ်သည်။

ဒေါက်တာပူကာရီသည် သတင်းစာဆရာနှင့် ညှိနှိုင်းကာ ကင်မရာအား ရိုက်ကွင်းမှန်နေရာတွင် စိုက်ထူလိုက်သည်။ လိမ်ညာခြင်းမပြုနိုင်ရန် ရိုက်ကွင်းရိုက်ကွက်ကို မိမိရရရိုက်ကူးရန် အစီအစဉ်ဆွဲသည်။

သို့နှင့် နောက်တစ်နေ့တွင် ဒေါက်တာပူကာရီသည် အရိဂိုး၏ ဆေးဝါးကုသမှုကို အသေးစိတ် ရုပ်ရှင်ရိုက် မှတ်တမ်းတင်၏။

အရိဂိုသည် သူ၏ဆေးခန်းအား ညသန်းခေါင်ကျော်အထိ လူနာများကို မနားတမ်းကုသပေးသည်။ အရိဂိုသည် ဤသို့ ဆေးကုသပေးသော်လည်း ဆေးဖိုးဝါးခ ယူသည်မရှိ။ ပေးရန်လည်း မလိုပေ။

လူနာများကလည်း ဆေးဖိုးဝါးခအတွက် မည်သည့် ဒုက္ခ



www.burmeseclassic.com

www.burmeseclassic.com



မရောက်ခဲ့”ဟု ဆိုကြ၏။

သို့သော် ဘရာဇီးနိုင်ငံ၏ “မီးနေကျိရေးပြည်နယ်” ဆေးကောင်စီနှင့် ရှိမင်ကက်သလစ် ဘာသာရေးဂိုဏ်းကမူ အရီဂိုအား တရားစွဲသည်ဟု ဒေါက်တာပူကာရီ သိရ၏။

ထိုည တည်းခိုခန်းသို့ ဒေါက်တာပူကာရီ ပြန်ရောက်သော်လည်း မအိပ်နိုင်သေးချေ။ အရီဂို၏ ကုသမှုနှင့် ပတ်သက်၍ ပို၍တိကျစွာ လေ့လာနိုင်ရန်နည်းကို စဉ်းစားနေမိသည်။ လေ့လာရန်အတွက် ခေတ်မီကိရိယာ လိုအပ်သလို ငွေကြေးလည်း လိုအပ်ပေသည်။ ပညာရှင်အဖွဲ့လည်း လိုအပ်သည်။ သူသည် တွေးရင်းမှ လက်ယာတံတောင်ဆစ်ကွေးနားရှိ အကျိတ်အဖုကို စမ်းမိသည်။

“ဒါဟာ အကောင်းဆုံးနည်းလမ်းပဲ၊ ဒါဟာ သက်သေခိုင်လုံမှုဖြစ်သလို ကိုယ်တွေ့လည်း ဖြစ်တယ်”

ထိုညက အကျိတ်အဖုအား အရီဂိုထံတွင် ခွဲစိတ်ခံရန် ဒေါက်တာပူကာရီ ဆုံးဖြတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဖရစ်၏ ဝိညာဉ်ပူးကပ်ခြင်း

သူ၏အကြံအစည်အား ဟင်နရီဘဲ့ကို ပြောပြသောအခါ "ကောင်းတာပေါ့"ဟု ပြောသည်။

ထို့နောက် သူတို့ အရီကိုဆေးခန်းသို့ သွားကြသည်။ ဆေးခန်းရောက်၍ အရီကိုနှင့်တွေ့လျှင် သူ့လက်မောင်းမှ အကျိတ်ဖုကို ကုသပေးရန် ပြော၏။

အရီကိုက ရယ်မောပြီး "ရပါတယ်ဗျာ"ဟု ပြောသည်။ ပြီး...လူအုပ်ကြီးဘက်သို့လှည့်ကာ "ဒီအမေရိကန်ကြီးကို ခွဲဖို့ မောင်းချအားကောင်းကောင်းတစ်ချောင်းလိုတယ်။ ခင်ဗျား တို့မှာ ပါကြသလား"ဟု မေးလိုက်၏။

ဒေါက်တာပူကာရီ နည်းနည်းစိုးရိမ်သွားသည်။ မည်သို့ ဆိုစေ သူ့အဖို့ နောက်ဆုတ်လို့မရတော့။ သူ မျက်လုံးအဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



သားနှင့် ကြည့်နေစဉ် မောင်းချားအ ဒါဖင်ဝက်ခန့် ရောက်လာသည်ကို တွေ့ရ၏။

အရီဂို တစ်ချောင်းရွေးယူလိုက်သည်။

"အမေရိကန်သိပ္ပံပညာရှင်ကြီးက သတ္တိရှိပါတယ်။ ဒီကနေ့ ရုပ်ဝါဒသမားတို့စိတ်က ဘယ်လိုဆောင်ရွက်နိုင်တယ်ဆိုတာ ပြခွင့်ကြုံပြီပေါ့။ ကဲ...ကဲ..,ဆရာ့အကျီလက်ကလေးကို ပင့်လိုက်ပါဦး"ဟု ပြော၏။

ဒေါက်တာပူကာရီက ရဗ်ဇီနီတစ်ယောက် ကင်မရာအသင့် ဖြစ်,မဖြစ် လှမ်း၍ကြည့်လိုက်သည်။ အားလုံးအသင့်ပင်။

ပူကာရီသည် အရီဂို၏ ခွဲစိတ်မှုကိုကြည့်ရန် ကိုယ့်စိတ်ကိုယ်ကို အားတင်းလိုက်သည်။ "ဟိုဘက်ကို မျက်နှာလွှဲနေပါ"ဟု အရီဂိုက အမိန့်ပေးလိုက်၏။ ပူကာရီ မျက်နှာတစ်ဖက်လှည့်လိုက်၏။ စိတ်နှင့်မူ ခံစားကြည့်နေခဲ့။ ဤသို့ဖြင့် (၁၀) မိနစ် မရှိတရှိအချိန်တွင် သူ့လက်မောင်း အကျိတ်နေရာ၌ ခပ်စိုစိုဖြစ်သွားကြောင်း ခံစားမိ၏။

ငုံ့ကြည့်လိုက်သောအခါ သွေးခဲသဏ္ဍာန် အစေ့ပြင်တုံးတစ်ခုကို တွေ့ရ၏။ လက်မောင်းတွင်မူ ခွဲစိတ်ရာတစ်ခုရှိပြီး



www.burmeseclassic.com

www.burmeseclassic.com



သွေးစိုနေသည်ကို တွေ့ရသည်။

ဤကား ခွဲစိတ်ဒဏ်ရာ မရင်းမရောက်စေရန် ကဇ္ဇကွယ်ဆေး မထိုးအဲထားရန်တည်း။

ထိုနေ့ညနေပိုင်းတွင် ပူကာရီနှင့် အရီဂို စကားပြောခဲ့ရ၏။

ပူကာရီက အရီဂိုအား ယခင်က အခြားဆရာဝန်များလာရောက်လေ့လာခြင်း ရှိ,မရှိ မေးမြန်းခဲ့သလို နောက်တစ်ကြိမ် ဆေးသုတေသနအဖွဲ့ လာပါက ခွင့်ပြုနိုင်၊ မပြုနိုင် မေးမြန်းလျှင် အရီဂိုက

"ကျွန်တော့်ဆီ လာရောက်လေ့လာဖူးတာပေါ့။ ကျွန်တော် ဘယ်သူ့ကိုမှ မငြင်းခဲ့ပါဘူး။ ခက်တာက သူတို့ဟာ အမှန်တရားကို မထုတ်ဖော်ကြဘူး၊ သူတို့ဟာ လက်ရှိ ဆေးအာဏာပိုင်တွေကို စိုးရွံ့နေသလိုပဲ"ဟု ပြောပြီး...

"ပိုဝမ်းနည်းစရာကောင်းတာက ဘာသာရေးပိုင်းကလည်း မလိုလားကြတာလေ၊ ကျွန်တော်ကတော့ ကြည်ဖြူတဲ့ ထောက်ခံချက်ကို လိုလားတယ်။ သိပ္ပံနည်းကျ သုတေသနပြုပြီး လက်တွဲကြရင် လူသားတွေ သက်ရှည်ကျန်းမာရေးအတွက် မင်္ဂလာပေါ့"ဟု ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ ညနေပိုင်းတွင် ဒေါက်တာပူကာရီတို့ အဖွဲ့ ကွန်ဂွန်တာမှ ထွက်ခဲ့ကြသည်။

သာမန်ထက်လွန်ကဲသော ဖြစ်ရပ်များကို လေ့လာရာတွင် အတွေ့အကြုံရင့်သော သုတေသနပညာရှင် များစွာလိုအပ်သည်။

စေ့စပ်သေချာရန်လည်း လိုသည်။ အဘယ်ကြောင့် ဆိုသော် သည်နယ်ပယ်တွင် အခွင့်ကောင်းကို စောင့်နေသော အချေခြို များစွာရှိသည် မဟုတ်လား။

ပူကာရီသည် လက်မောင်းကိုကြည့်ရင်း သွေးဆိပ်များ တက်လေမလားလို့ စိုးရိမ်နေမိသည်။ သို့သော် အခြေအနေက မယုံကြည်နိုင်လောက်အောင် ကောင်းနေသည်။ အရိုကိုက ခွဲစိတ်သော်လည်း ကြိုးနှင့်ချုပ်သည်မဟုတ်။

သို့သော် ဒဏ်ရာက ဖြဲကြည့်လို့ မရပေ။

ငါးရက်မျှအကြာတွင် ဒေါက်တာပူကာရီတို့ "ဆိုပါလို မြို့"သို့ ရောက်၏။ သူသတင်းစာဆရာ ရစ်ဖီနီ၏အခန်းသို့ သွားသည်။

ခွဲစိတ်စဉ်က ရိုက်ကူးထားသော ရုပ်ရှင်ကို ကြည့်သည်။ အကြိမ်ကြိမ်ကြည့်၏။ စတင်ခွဲစိတ်စဉ်မှ အဆိပ်ပြင်ကား ထုတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သည့်အထိ (၅)စက္ကန့်မျှကြာသည်။

မည်သို့ခွဲစိတ်လိုက်သည်ဟု မခွဲခြားနိုင်လောက်အောင် အရိုက်ဓါးက လှုပ်ရှားနေ၏။ အကယ်၍ အရိုက်ထံမှ အဆီပြင်တုံးအား သက်သေအဖြစ်ယူလာလျှင် လက်လှည့်ပြသည်ဟု ထင်ကြမည်မှာ ကေန်ပင်။

ထို့နောက် သူတို့သည် "အရိုက်"၏ ဆေးသကုသမှုနှင့် ပတ်သက်၍ မှတ်တမ်းတင်ရိုက်ကူးခဲ့မှုများ ပါဝင်သည့် အခြားဖလင်မှ အရုပ်များကို ကြည့်ကြသည်။ မျက်စိအတွင်းတိမ်ကို ခွဲစိတ်လိုက်ပုံနှင့် နာကျင်မှုမရှိသည့် သူမျက်နှာ၊ လူနာတစ်ဦး၏ ကျောကုန်းမှပြည်ဘုကြီးကို ခပ်ကြမ်းကြမ်းခွဲစိတ်ညှစ်ထုတ်ပုံ၊ သွေးနည်းနည်းသာ ထွက်ပုံများကို မြင်ရ၏။ ဖလင်ကော်ပြား များမှ ရှင်းလင်းပြတ်သားစွာ ဖော်ပြမှု၊ ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့မှုကြောင့် အရိုက်နှင့် ပတ်သက်သည့် ဆေးသုတေသန ပြုရေးကိစ္စသည် အတော်ခရီးသွားခြင်းအကျိုးသာ ရှိမည်ဟု ဒေါက်တာ ပူကာရီနှင့် ဟင်နရီဘဲ့တို့ ယူဆသုံးသပ်မိသည်။

ဘာပဲဖြစ်ဖြစ်၊ သူတို့ကတော့ အရိုက်ကို အောင်မြင်သူဟု ယူဆကြသည်။ မဖြစ်နိုင်စရာမရှိဟု ယူဆသည်။ ပို၍ စိတ်လှုပ်ရှားစေခဲ့သည်မှာ အရိုက်၏ ရှင်းလင်းပြဆိုချက်များတည်း။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကတော့ အရီဂို့ကို သေဆုံးသွားသူ ဆရာဝန်တစ်ဦးဦးရဲ့ ဝိညာဉ်ပူးကပ်ပြီး လှုပ်ရှားနေတယ်လို့ ထင်တယ်။ အထူးသဖြင့်ကတော့ ၁၉၁၈ ခုနှစ်က သေဆုံးသွားတဲ့ အဒိုဖိုဖရစ်အမည်ရှိတဲ့ ဂျာမန်ဆရာဝန်ရဲ့ ဝိညာဉ်ပူးကပ်တာ ဖြစ်နိုင်တယ်။ ကွယ်လွန်သူ ဆရာဝန်များထဲမှာ ခွဲစိတ်မှုများနှင့် ဆေးစာရေးပေးခြင်း အများဆုံး ပြုတတ်သူက ဖရစ်ပဲရှိတယ်။ ကျုပ်ကတော့ ဖရစ်ဝိညာဉ် အရီဂိုကို ပူးကပ်နေတယ်လို့ အခိုင်အမာပြောချင်တယ်"

ဟု သူက မှတ်ချက်ချသည်။



www.burmeseclassic.com

www.burmeseclassic.com



**ရှားရှသော မျက်လုံးအလင်းရောင်နှင့် ချောက်ချားဖွယ်အိပ်မက်**

၁၉၅၀ ပြည့်နှစ်က ထူးခြားသောဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့သည်။ ဒေါက်တာပူကာရီနှင့် ဟင်နရီဘဲ့တို့ ကွန်ဂွန်တာသို့ ရောက်မလာမီ ကျန်ခဲ့သော (၁၃)နှစ်ကာလက အဖြစ်အပျက်ဖြစ်သည်။

ထိုအချိန်က ဘရာဇီးအမတ်လောင်း "လူစီယိုဆိုက်တင်ကော့" ရွေးကောက်ပွဲမှာ ယှဉ်ပြိုင်အရွေးခံရန် "ဘယ်လိုဟိုဇွန်တီပြို့" သို့ ရောက်နေချိန်တည်း။

သူသည် အရေးကြီးသော ကိုယ်ရေးကိုယ်တာ ပြဿနာတစ်ခုကြောင့် ရွေးကောက်ပွဲကို ရွှေ့ဆိုင်းရလိမ့်မည်ဟု ဗာနယ်ဇင်းသမားတို့က ရေးသားဖော်ပြကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာက အဆုတ်ကင်ဆာရောဂါဖြစ်၏။ ဆရာဝန်များ၏ အဆိုအရ အမေရိကန်ပြည်ထောင်စုသို့သွားကာ အမြန်ဆုံး ကုသမှသာ မျှော်လင့်စရာရှိသည်ဟု ဆိုကြ၏။

အမဟ်လောင်းသည် မကြာသေးမီကာလကမှ ကွန်ဂွန်ဟာမြို့သို့ ရောက်လာပြီး ဆင်းရဲဆိုးဝါးသော လုပ်ငန်းခွင် အခြေအနေများကြားတွင် အလူးအလဲခံစားနေရသည်။

သတ္တုတွင်းလုပ်သားများကို တွေ့ဆုံခဲ့သည်။

ထို့အတူ အလုပ်သမားအကျိုးကို များစွာလိုလားသည့် အလုပ်သမားသမဂ္ဂဝင် "အရီဂို"နှင့် တွေ့ဆုံခဲ့သည်။ အမယ်လောင်း ဆိုက်တင်ကောသည် လူထုအစည်းအဝေးသို့ တက်ရောက်ရန် အလုပ်သမားအချို့အား "ဘယ်လိုဟိုရိဖွန်တီမြို့"သို့ ဖိတ်ခေါ်ခဲ့သည်။

သို့သော် ကျင်းပရန် ရက်ရွှေ့လိုက်သောအခါ ကိုဂ်တင်ကောက "အရီဂို"အား သူတည်းခိုရန်ဟိုတယ်တွင် တည်းခိုရန် စီစဉ်ပေးသည်။

ထိုညက သူတို့သည် အခြားသော အလုပ်သမားများနှင့် အတူ ညစာစားကြ၏။

ထိုညက အရီဂိုသည် ဝိုင်အရက် နှစ်ခွက်သာသောက်၏



www.burmeseclassic.com

www.burmeseclassic.com



ညစာစားပွဲမှာ သန်းခေါင်ကျော်မှ ပြီးဆုံးသည်။

ဟိုတယ်သို့ပြန်ရောက်သောအခါ ကိုက်တက်ကော့မှာ အိပ်မပျော်နိုင်ဖြစ်နေသည်။ အိပ်ရာပေါ်တွင် တလူးလူး၊ တလိမ့်လိမ့်နှင့်။

ထိုစဉ် မီး ဖျတ်ခနဲပွင့်လာပြီး အခန်းထဲသို့ အရီဂို ဝင်လာသည်ကို တွေ့ရသည်။ အရီဂိုသည် သူ့ခုတင်နားသို့ လျှောက်လာနေ၏။ ထူးခြားသည်မှာ အရီဂိုမျက်လုံးသည် သောက်ရူးကြယ်လို တောက်ပနေသည်။ လက်ထဲတွင် သင်တုန်းဓားတစ်ချောင်း။

သို့သော် ကြောက်လန့်ခြင်းမဖြစ်ခဲ့ပါ။

သူကမူ သတိလက်လွတ်စပြုနေပြီ။

“ဒီအချိန်မှာ အရေးပေါ်ပြုလုပ်မှု ဖြစ်မှာမို့ပါ။ ခင်ဗျား နားလည်ပါ”

ဟု ဂျာမန်သံနှင့် လေးလေးကြီးပြောလိုက်သည်။ ထို့နောက် ကိုက်တင်ကော့ လုံးဝသတိလက်လွတ်ဖြစ်သွားသည်။

“ကျွန်တော် သတိရလာတော့ အခန်းထဲမှာ ဘယ်သူမှ မရှိတော့ဘူး။ ညဝတ်အင်္ကျီကို ချွတ်ကြည့်တော့ အရှည်လိုက် ခွဲဖြတ်ထားတာကို တွေ့ရပြီး သွေးတစ်ကွက်စွန်းနေတာကို

www.burmeseclassic.com



တွေ့ရတယ်လေ”

သူ့စိတ်တွင် ချောက်ချားစွာ ခံစားနေရသည်။

မှန်တွင်ကြည့်သောအခါ နောက်ကျောဘက် နံရံတည့်တည့် တစ်နေရာတွင် ခွဲစိတ်ထားသည့်ဒဏ်ရာတစ်ခုကို တွေ့ရသည်။ သူ အဝတ်အစားအမြန်လဲပြီး အရီဂိုအခန်းသို့ ကူးခဲ့၏။

အရီဂိုကို တွေ့ရသည်။

အရီဂိုအား အကျိုးအကြောင်းစုံ၊ ဖြစ်ပျက်ပုံကို ပြောပြသောအခါ “ခင်ဗျား အရက်မူးပြီး ထင်ရာ မြင်ရာ ပြောနေပြန်ပြီ”ဟု ပြော၏။

သို့သော် ကိုက်တင်ကော့၏အခန်းသို့ လိုက်ကြည့်သောအခါ သွေးကွက်များနှင့် ခွဲစိတ်ထားသည့်ဒဏ်ရာကို မြင်တွေ့ရသောအခါ “အင်း...ခင်ဗျား ခွဲစိတ်ခံရတာတော့ အမှန်ပါပဲကလား”ဟု ပြောသည်။

ထို့အတူ “ဒီကိစ္စတွေက ကျွန်တော်နဲ့ မပတ်သက်နိုင်ပါဘူး။ ကျွန်တော်ဟာ ဘာမှုမဟုတ်ဘူးလေ”ဟု ပြောသည်။

အရီဂို၏စကားများကြောင့် ကိုက်တင်ကော့ ပို၍ စိုးထိတ်သွားသည်။ သူ ဆရာဝန်နှင့် အမြန်ဆုံးသွားတွေ့မှ ဖြစ်မည်ဟု ဆုံးဖြတ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



အရီဂိုကမူ အရာရာကို မမှတ်မိတော့သော်လည်း ကိုက်တင်ကော့ ပြောပြသည့်အတိုင်း ဖြစ်ကောင်းဖြစ်နိုင်သည်ဟု ယုံကြည်ခဲ့သည်။

ကိုက်တင်ကော့တစ်ယောက် မည်သို့မျှ အန္တရာယ်မဖြစ်ပါစေနှင့်ဟုလည်းကောင်း၊ ဆရာဝန်မှာ အန္တရာယ်မရှိကြောင်း ပြန်ကြားပါစေဟုလည်းကောင်း ဆုတောင်းနေမိသည်။

သူ့ဘဝနှင့် လျှို့ဝှက်ဝိညာဉ်

အရီဂို တစ်ခုသတိရနေမိသည်။ အချိန်ကာလကို မမှန်းဆတတ်သလို မည်သည့်အချိန်က စခဲ့သည်ကိုမူ ပြောပြရန် မလွယ်ကူဟုဆိုရမည်။

၁၉၈၁ ခုနှစ်၊ အောက်တိုဘာ (၁၈) ရက်နေ့တွင် ဖခင်ဖြစ်သူ တာဝန်ယူသည့် လယ်ယာစခန်းတစ်ခု၌ သူ့ကို မွေးဖွားခဲ့၏။

သူ၏ကလေးဘဝသည် အခြားသူများနှင့် ဘာမျှမထူးခြားချေ။ အရီဂို လေးတန်းရောက်ချိန်တွင် ကျောင်းမှထွက်ပြီး အလုပ်ဝင်ခဲ့ရ၏။

သူ၏အမည်မှာ "ဂျိုဆီပီဒရိုဒီပရိတ်တာ" ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အားလုံးက ချစ်စနိုး သူ့အား "အရီဂို"ဟုသာ ခေါ်သည်။ အရီဂို ဆိုသည်မှာ "တောဖရုံသီး"ဟု အဓိပ္ပာယ်ရ၏။

သူ့ဘဝ၏ ကိုတောင်းသောကာလအတွင်းတွင် အလွန်စူးရှ တောက်ပြောင်သည့် အလင်းတန်းတစ်ခု၏ နှိပ်စက်ကလူပြုမှုကို ခံစားခဲ့ရ၏။

ထိုအလင်းတန်းနှင့်ပတ်သက်၍

"ဘယ်လိုပြောရမလဲ မသိဘူး။ အဲဒီအလင်းတန်းဟာ ဘယ်အလင်းတန်းနဲ့မှ မတူဘူး။ မျက်လုံးတွေ ကန်းလုမတတ် ရှုးရတယ်"

ဟု အရီဂိုက ပြောပြ၏။

"ပြီးတော့ အသံတစ်သံကိုလည်း ကြားရတယ်။ ဒီအသံကို ပထမ မသိပေမယ့် ကြာတော့ ဒီအသံရဲ့ ဘာသာစကားကို တဖြည်းဖြည်းနားလည်လာတယ်လေ"

ဟု ပြောသည်။

၁၉၄၃ ခုနှစ် အရီဂို (၁၅)နှစ်အရွယ်၌ "အာလင်ဂါဒါ"နှင့် လက်ထပ်သည်။

"ဒီအချိန်က ကျွန်တော် လယ်ယာအလုပ်ကိုလုပ်ပြီး ကာ



www.burmeseclassic.com

www.burmeseclassic.com



မိုင်းမှာ အလုပ်ဝင်နေပြီ၊ အလုပ်သမားသမဂ္ဂရဲ့ ဥက္ကဋ္ဌလေ”

ဟု ပြောပြီး “ဘဝအခြေအနေဆိုးသော အလုပ်သမားများ ဆန္ဒပြပွဲတွင် ပါဝင်ခဲ့သည့်အတွက် အလုပ်ထုတ်ခံရကြောင်းနှင့် သည့်နောက်ပိုင်း ကွန်ရွန်ဟာမြို့တွင် စားသောက်ဆိုင်တစ်ဆိုင် ဖွင့်လှစ်၍ အတန်ကြာ လုပ်ကိုင်စားသောက်ခဲ့သည်။

“အဲဒီအချိန်ကစပြီး ကျွန်တော် ချောက်ချားဖွယ်အိပ်မက်ဆိုးတွေကို ဆက်တိုက်မက်ခဲ့တယ်လေ၊ အိပ်မက်ထဲမှာ ခွဲစိတ်ခန်းမကို မကြာခဏ မြင်တယ်။ ပြီးတော့ တုတ်တုတ်ခိုင်ခိုင်၊ ထိပ်ပြောင်ပြောင်လူကြီးတစ်ယောက်၊ သူနာပြုများနှင့် စကားပြောနေသည်ကို တွေ့ရတယ်။ ဒီအသံဟာ ကျွန်တော် ကြိမ်ဖန်များစွာ ကြားခဲ့ဖူးတဲ့ အသံလေ”

သည်အိပ်မက်က တစ်ညမက်သည့် အိပ်မက်မဟုတ်။ ညစဉ် မက်သည့် အိပ်မက်ဖြစ်သည်။

“ဒီအိပ်မက် မက်ပြီးတိုင်း ကျွန်တော် ခေါင်းကိုက်တယ်။ ဒါကြောင့် ကျွန်တော် ကွန်ဂျေးဆပ်ဒိုဗာဟိုဟင်တို ဘုရားကျောင်းသို့သွားကာ ဘုရားဝတ်ပြုခဲ့သည်။

“တစ်ညတော့ အိပ်မက်ထဲမှာ ထိပ်ပြောင်ပြောင်လူကြီး



www.burmeseclassic.com

www.burmeseclassic.com



က သူဟာ ဒေါက်တာအဒ်ဒိုဆိုဖရစ်လို့ ထုတ်ဖော်ပြောတယ်”

*သူ့စကားကို အရီဂို မှတ်မိနေသေးသည်။*

သူသည် ပထမကမ္ဘာစစ်အတွင်းက သေဆုံးခဲ့ကြောင်း အရီဂိုအား လူသားချင်း စာနာစိတ်ရှိသူအဖြစ် သူသိထား ကြောင်း၊ ထို့ကြောင့် သူ၏ မပြီးဆုံးသေးသော တာဝန်များ ခုံးခန်းတိုင် ဆက်လက်ထမ်းဆောင်နိုင်ရန် အရီဂိုအား ကြားခံ အဖြစ် အသုံးချရန် ရွေးချယ်ခဲ့ကြောင်း ပြောပြသည်။

“ခင်ဗျားအနေနဲ့ စိတ်ငြိမ်းချမ်းမှုရရှိစေနိုင်ဖို့ ရောဂါဝေဒနာ ခံစားနေရတဲ့လူတွေ၊ စိတ်ဒုက္ခဖိစီးနေတဲ့လူတွေရဲ့ အကျိုး အတွက် တာဝန်ထမ်းဆောင်ရမယ်”

သူ့စကားဆုံးသွားတော့ သူပျောက်သွားသည်။ တိကျ လွန်းသော အိပ်မက်အကြောင်းအဖြစ် အရီဂို တုန်လှုပ်ချောက် ချားသွားသည်။

အလန့်တကြား အော်ဟစ်ပြီး လမ်းပေါ်သို့ပြေးထွက်ခဲ့ သည်။ လူတွေ ဝိုင်းဖမ်းကြ၏။ အရီဂိုအတွက်မူ စိတ်ဖောက် ပြန်မသွားရလေအောင် မနည်းထိန်းသိမ်းထားရ၏။ “ဒီနေ့ဘဲ ကျုပ် ဘုန်းတော်ကြီး ပါနီဒိုဆီကို ရောက်ခဲ့တယ်” ဟု ပြော သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုန်တော်ကြီးပါနီဒိုအား သူ့အိပ်မက်အကြောင်း အရီဂို ပြောပြသည်။

"ဒါဟာ ဝိညာဉ်နဲ့ပတ်သက်နေတဲ့ အဖြစ်အပျက်ပဲ"ဟု မှတ်ချက်ချသည်။

ဘရာဇီးနိုင်ငံတွင် ထိုအယူအဆအား နှစ်ပေါင်းကြာမြင့်စွာကတည်းက လက်ခံယုံကြည်ထားခဲ့သည်ပဲ။

သို့သော် ကွန်ဂွန်တာမှာဖြစ်စေ၊ မည်သည့်နေရာတွင် ဖြစ်စေ ဤသို့ ဝိညာဉ်ဝင်ပူးသောအဖြစ်ကို မလိုလားကြပေ။ ထို့ကြောင့် အရီဂိုအား "ဒေါက်တာအရစ်ကို အာရုံတွင်းက ဖယ်ထုတ်လိုက်ပါ"ဟု တိုက်တွန်းသည်။

"ခက်တာက ကျုပ် မေ့ဖို့ကြိုးစားပေမယ့် မရဘူး။ ကောင်းကောင်းဆေးစစ်ခဲ့ပြီ။ စိတ်ပညာဆရာတွေနဲ့ ဆွေးနွေးမှုလည်း ပြုခဲ့တယ်။ ထူးခြားမလာဘူး။ ခေါင်းက ကိုက်မြဲကိုက်သလို အိပ်မက်ကလည်း မက်ဆဲပဲ။ ဒါကြောင့် ဘုန်းတော်ကြီးကို ကူညီဖို့ တောင်းပန်ရတယ်။ ဘုန်းတော်ကြီးပါနီဒိုကလည်း ကူညီပါတယ်။ ဘုရားကျောင်းမှာ အန္တရာယ်ကင်း ဖယောင်းတိုင်တွေထွန်း။ အမွှေးတိုင်တွေထွန်းပြီး အန္တရာယ်ကင်းတရားစာတွေ ရွတ်ခဲ့တယ်။ ဒါပေမဲ့ ဘာမှမထူးခဲ့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူ အရှုးလိုပြောနေမိသည်။

အရိဂိုတွင် ကွန်ဂွန်ဟိုသို့အပြန်တွင် ဝေဝင်တွေးမြော်က် တွေး တွေးရင်း အတိတ်အကြောင်းကို သတိရလာသည်။ ကိုက်တင်ကော့ အတွက်လည်း စိုးရိမ်လာမိသည်။ သူ၏စိတ် တို့သည် မတည်ငြိမ်တော့။

သို့သော် မကြာမီ အံ့ဖွယ်သတင်းတစ်ခုကို သူကြားရ၏။ ကိုက်တင်ကော့က သူ ဆရာဝန်နှင့်တွေ့ကြောင်း၊ ခွဲစိတ်မှုကို ပြောပြပြီး

“ဒီခွဲစိတ်နည်းက ဘရာဇီးနိုင်ငံမှာသုံးတဲ့နည်း မဟုတ်ဘူး။ ခင်ဗျား အမေရိကန်မှာ ခွဲစိတ်ခံခဲ့လား။ ကင်ဆာအဖြစ် လုံးဝမရှိတော့ဘူး”ဟု ပြော၏။

ဖြစ်ပျက်ပုံကို ကိုက်တင်ကော့ ပြောပြသောအခါ ဆရာဝန် များ အံ့သြကြသည်။ မယုံကြည်နိုင်စရာ။ ထို့ကြောင့် ချက်ချင်း ယုံကြည်ရသည့်သူများကို ပြောပြရာ ရက်ပိုင်းအတွင်း သတင်း ပျံ့သွားပြီး ဘရာဇီးသတင်းစာများက အကျယ်တဝင့် ရေးသား ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



## လျှို့ဝှက်သောဆန်းကြယ်မှုများ

ကိုက်တင်ကော့ကို ခွဲစိတ်ခြင်းသည် "အရိဂို"၏ ပထမဆုံးသော ခွဲစိတ်ကုသမှုဟု အချို့ကဆိုသည်။ ထိုအဖြစ်အပျက်သည် မနေ့တစ်နေ့ကမဟုတ်။

ကြာပြီ။ ယင်းသို့ ဤအဖြစ်အပျက်တွင် ပါဝင်ခဲ့သော အဓိကလူပုဂ္ဂိုလ်များသည် မရှိကြတော့သဖြင့် အသေးစိတ်တိုက်ဆိုင်စစ်ဆေးရန် အခက်အခဲရှိခဲ့သည်။

ထိုအခါ တစ်ယောက်တစ်ပေါက် အပြောနှင့် မှုကွဲ ဖြစ်ကောင်း ဖြစ်နိုင်သည်။

သို့သော် ရရှိသော အချက်အလက်များအရ အထူးသဖြင့် ကွယ်လွန်သူ ကိုက်တင်ကော့၏ကျန်ရစ်သူမိသားစု ထောက်ပြသော အချက်အလက်နှင့် ထောက်ခံပြောဆိုမှုများကြောင့် လုပ်ကြံသည်ဟု ဆိုကြသော်လည်း အရိဂိုသည်



www.burmeseclassic.com

www.burmeseclassic.com



- မသန့်ရှင်းသော မီးဖိုချောင်သုံး သားလှီးဓားနှင့် ခွဲစိတ်ကုသမှုပြုခဲ့သည် ဆိုသောအချက်၊
- ခွဲစိတ်စဉ် နာကျင်ခြင်းမရှိဟူသော အချက်၊
- သွေးလွန်မှုမဖြစ်စေရန် သွေးကြောများကို မစည်းနှောင်ဘဲ ထားသည်ဟူသောအချက်၊
- ခွဲစိတ်ပြီး ကြိုးနှင့်ပြန်ချုပ် ခြင်းမရှိဟူသောအချက် ...စသည်တို့သည် အမှန်ပင်ဖြစ်၏။ (သာမန်ခွဲစိတ်ကုသမှုများကို ရှုပ်ရှင်ရိုက်ကူး၍ ပြနိုင်ခဲ့သော်လည်း အရေးကြီးသော ကုသမှုများကို ရိုက်ကူးနိုင်ခြင်း မရှိခဲ့။)

ထို့အတူ အရီဂိုသည် လေးတန်းမျှပင် မအောင်မြင်ခဲ့ဘဲ ဆေးပညာတို့လည်း သင်ကြားမှုမရှိခဲ့ဘဲ၊ အဆင့်အတန်းမီ၊ ဆေးစာ ဆေးညွှန်းများကို ရေးသားပေးနိုင်ခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။ (အခြားတစ်ဖက်မှ ပြောသလို လူမှုဖူလုံရေး ဆေးခန်းတွင် တာဝန်ထမ်းဆောင်ရင်း ဆရာဝန်များ၏ ဆေးကုသပုံ လေ့လာခဲ့သည်မှာလည်း အမှန်ပင်ဖြစ်သည်။)

အရီဂို ကုသခဲ့သူများသည် အလွှာစုံဖြစ်သလို သူ့အား ထောက်ခံသက်သေပြုနိုင်သူများတွင် နိုင်ငံရေးခေါင်းဆောင်



www.burmeseclassic.com

www.burmeseclassic.com



များ၊ ဥပဒေပညာရှင်များ၊ သိပ္ပံပညာရှင်များ၊ ဆရာဝန်များ၊ လူချမ်းသာများ ဖြစ်သည်ဟူသောအချက်မှာလည်း အမှန်ပင် ဖြစ်သည်။

ထိုသူများသည် အရိုဂိုနှင့် မတွေ့မီကတည်းက ထူးခြားသော ဖြစ်ရပ်များကို ယုံကြည်သူများဆိုလျှင်လည်း အမှန်ပင်ဟု ဆိုရမည်။

ထို့ကြောင့် အချို့က ဝိညာဉ်လောကတည်ရှိမှုကို အားဖြည့်သလိုဖြစ်ပြီး အရိုဂို၏ လျှို့ဝှက်မှုကို ရှုပ်ထွေးစေသည်ဟု ဆိုကြသည်။

ဘရာဇီးနိုင်ငံတွင် ထိုယုံကြည်မှုသည် လွန်ကဲလာပြီး လူမှုရေး စီးပွားရေးနယ်သို့ပင် ဝင်ရောက်ခဲ့ပြီ။ "ဆိုပေါ်လိုမြို့"မှ အဆင့်မြင့် ဆရာဝန်ကြီးများကိုယ်တိုင် နတ်ဝင်သည်များကို လေ့လာကြပြီ။

ဤသည်မှာ အယူသီးခြင်းကြောင့် မဟုတ်။ အချက်အလက်ရယူရန်ဟု ဆိုသည်။

"သူတို့ (နတ်ဝင်သည်)ကို အသုံးမပြုနိုင်ပေမယ့် အတိုင်းအတာတစ်ခုအထိတော့ အထောက်အကူရနိုင်တယ်လေ"ဟု ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



သမိုင်းဦးအစက မော်ဆရာများ၊ ဆေးဆရာများသည် ထူးဆန်းသော သစ်ဥ၊ သစ်ဖုများဖြင့် ကြမ်းတမ်းရိုင်းပျ ကခုန်ခြင်းဖြင့် အစွမ်းထက်သော ကုသနည်းများရှိခဲ့သည်ဟု ဆိုစကားရှိခဲ့၏။

သို့သော် ထိုလှုပ်ရှားမှုသည် ပညာမဲ့လူများနှင့် ယုံကြည်သက်ဝင်မှုနှင့် ယှဉ်တွဲပေါ်လာသည်ဟု လက်ခံကြသည်။ အများစုသည် အာဖရိကကိုးကွယ်မှုဆိုင်ရာ ယဉ်ကျေးမှုနှင့် ဘုရားဖိုးကျွန်ပိုင်ရှင်စနစ်မှ ပေါက်ဖွားလာသည်။

ကတ်သလစ်ဘာသာတို့ကို ပေါင်းစပ်ယုံကြည်ထားကြ၏။ သို့ဖြင့် ဝိညာဉ်ပူးကပ်ခြင်း၊ တန်ခိုးကူဒွိပါဒ်ကို ယုံကြည်လက်ခံလာကြသည်။

အရိဂိုသည် ထိုပတ်ဝန်းကျင်မှ ရှင်သန်ကြီးထွားလာသူဖြစ်၏။ သို့သော် အရိဂိုသည် ဆေးကုလျှင် ဦးစွာ ဘုရားရှိခိုး ပူဇော်ပသမှုကိုမှု မပြုပေ။

ခွဲစိတ်ကုသမှုပြုရာတွင်လည်း သူသည် အများရှေ့မှောက်၌သာ ခွဲစိတ်ကုသမှုပြု၏။ ဘုရားဖိုးဆရာဝန်အချို့နှင့် အမေရိကန် ဆရာဝန်အချို့သည် အရိဂို ခွဲစိတ်ကုသပုံကို ရုပ်ရှင်ရိုက်မှတ်တမ်းတင်ခဲ့၏။

www.burmeseclassic.com

၈၂ ။ ဗိုလ်ချုပ် အောင်မြတ်ဦး

သူသည် ခေးပညာရှင်များ သုတေသနပြုလေ့လာသည်ကို အတတ်နိုင်ဆုံး အကူအညီပေးခဲ့၏။ သူသည် ကျည်ရင်းမှ သူ၏ ထူးခြန်းသောစွမ်းဆောင်မှုကို သူကိုယ်တိုင် နားလည်လိမ့်မည်ဟု မျှော်လင့်ခဲ့သူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင်လက်ဝါးကပ်တိုင်

ကိုက်တင်ကော့ အရေးကိစ္စပြီးသည့်နောက် အရိဂိုလည်း အများဓါသ့်ရဲကောင်း ဖြစ်ခဲ့၏။ ဘုန်းတော်ကြီး ပါနိဒိုက နောက်ထပ် ခွဲစိတ်ခြင်းမပြုရန် ကတိပေးခဲ့သည်။

"ကျွန်တော်ကိုယ်တိုင် ဘာလုပ်ရမယ်ဆိုတာ မသိပေမယ့် မလုပ်ဘဲနေရမယ် ဆိုတာကတော့ မဖြစ်နိုင်ဘူး"ဟု ဖွင့်ဟ ပြောဆိုခဲ့သည်။

ဝိညာဉ်လောက ယုံကြည်သူများက "နတ်ဝင်သည်"ဟု အရီဂိုအား ကမ္ပည်းတပ်ကြသည်။

အရီဂို ငြင်းပယ်ခဲ့သည်။

"ကျွန်တော် နတ်ဝင်သည် မဟုတ်တာတော့ အမှန်ပဲ။ ဒါပေမဲ့ ဖရစ်နဲ့ ပတ်သက်တဲ့ အကြားအမြင်တွေကိုတော့



www.burmeseclassic.com

www.burmeseclassic.com



ပစ်ပယ်လို့ မရဘူး”ဟု ပြောဏ်။ သူသည် စိတ်ပျက်စွာဖြင့် လုပ်ရိုးလုပ်စဉ်ကို လုပ်ခဲ့သည်။

ဒုတိယဖြစ်ရပ်ကား အတော်ပင် ထူးဆန်းသည်ဟု ဆိုရမည်။ အရီဂို၏ မိတ်ဆွေအမျိုးသမီး သားအိမ်ကင်ဆာဖြင့် သေဆုံးရမည့် အခြေအနေသို့ ရောက်နေသည်။

ထိုနေ့က အရီဂိုနှင့် ဖနီးအာလက် သွားမေးကြသည်။ ဘုန်းတော်ကြီးပင် ဘာသာရေးတရားကို ရွတ်ဆိုပြီး ဆုမွန်ကောင်း တောင်းလျက် ထွက်ခွာသွားလေပြီ။

အရီဂိုသည် ဦးခေါင်းငုံ့ကာ ဘုရားဝတ်ပြုဏ်။ ထိုစဉ် သူ့ခေါင်းထဲတွင် တစ်စုံတစ်ရာဖြစ်ပြီး မျက်လုံးများ နီရဲလာသည်။

“အဖြစ်အပျက်က မယုံကြည်နိုင်စရာပဲ။ သူဟာ ဘာမပြော၊ ညာမပြောနဲ့ မီးဖိုထဲက သားလှီးဓားကိုယူပြီး အခန်းထဲဝင်လာတယ်။ ပြီးတော့ အားလုံးကို နောက်ဆုတ်နေဖို့ အမိန့်ပေးတယ်။ သူ့အသံက အရင်နဲ့မတူဘူး။ ပြီးတော့ သူဟာ လူနာအပေါ်မှာ အုပ်ထားတဲ့စောင်ကို ဆွဲခွာလိုက်ပြီး ပေါင်နှစ်ဖက်ကို ကားလိုက်တယ်။ ပြီးတော့ သားအိမ်ထဲ ထိုးသွင်းပြီး ကြမ်းတမ်းစွာ ထိုးမွှေလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်က အမျိုးသမီးတစ်ဦး ပြေးထွက်သွားခဲ့ပေမယ့် အခြားလူတွေကတော့ ကြောက်လန့်ပြီး တုပ်တုပ်မျှမလှုပ်ကြဘူး။ အသက်ထွက်လုဆဲ အမျိုးသမီးကတော့ ဘယ်လိုမှ မဖြစ်သလို ငြိမ်သက်စွာလှဲနေတယ်။

"အရီဂိုကတော့ ဓားနဲ့ မညှာမတာ ထိုးခွဲနေတယ်။ ပြီးတော့ ဓားကိုထုတ်ပြီး အတွင်းကို လက်ထိုးသွင်းလိုက်တယ်။ စက္ကန့်အနည်းငယ်အတွင်းမှာ သူဟာ ချင်းချင်းရဲနေတဲ့ သွေးတွေနဲ့ သွေးမြစ်တုံးတစ်ခုကို ဆွဲထုတ်ပြီး မီးဖိုထဲက ပန်းကန်ဆေး ကြွေခွက်ထဲကို ထည့်လိုက်တယ်လေ။ ပြီးတော့...ပြီးတော့ သူဟာ သိဒ်ပင်ပန်းသွားသလို ခုံတစ်လုံးပေါ်မှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်တယ်"

တစ်ချောက်လုံး ကြက်သေသေ ငြိမ်သက်နေသူများ ခုမှ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။ ဆရာဝန် ပြေးခေါ်သူက ခေါ်သည်။

အချို့က အရီဂိုနားသို့ ဝိုင်းအုံလာကြ၏။ အရီဂိုကမူ ခေါင်းကို လက်နှစ်ဖက်နှင့်ကိုင်ကာ ငိုလျက်၊ ဖနီးအာလက်သည်လည်း ခင်ပွန်းသည်အနီးတွင် ဒူးထောက်ထိုင်လျက်။ သူက ကမ္ဘာတစ်ခုသို့ ရောက်နေသလို။ နောက်ဆုံးတော့

www.burmeseclassic.com



သူ့ကို အိမ်ထဲမှ ခေါ်ထုတ်သွားကြရသည်။

ဆရာဝန်ရောက်လာလျှင် အံ့သြနေ၏။ လူနာသည် သွေးခုန်ခြင်းမရှိ။ သတိရနေပြီး နာကျင်မှုမရှိဟု ဆိုသည်။ သွေးမြစ်တုံးကို စစ်ဆေး၍ ဆရာဝန်က သားအိမ်ကင်ဆာ ဖြစ်သည်ဟု ဖြေ၏။

လူနာ လုံးဝပျောက်ကင်းသွားပြီးသည့် နောက်ပိုင်း ထိုသတင်းက တောမီးလို ပျံ့သွားသည်။ လူအများက အားကိုးတကြီး ဆေးကုပေးရန် တောင်းဆိုကြ၏။

"ကျွန်တော်သက်ခံတာပါပဲ။ ခက်တာက ဒေါက်တာဖရစ်။ သူက အနားမပေးဘူး"ဟု ပြောသည်။

"ထူးဆန်းတာက ကျွန်တော် ဝေဒနာရှင်တွေကို ဆေးကုသပေးရင် ဝေဒနာရှင်တွေ ပျောက်ကင်းသွားတာနဲ့အမျှ ကျွန်တော့်အကြားအမြင်နဲ့ ဦးခေါင်းကိုက်ခဲမှုတွေလည်း လုံးဝပျောက်ကင်းသွားတယ်။

"ကျွန်တော် ကြိုးစားကုပေးခဲ့တယ်၊ ကျွန်တော့်ကုသပေးမှုဟာ စေတနာသက်သက်ပဲလေ။ ဒါပေမဲ့ ဘာသာရေးအာဏာပိုင်တွေက ကျွန်တော့်ကို ဆေးကုသခြင်း ရပ်တန့်ကရပ်ဖို့ တားမြစ်ကြတယ်။ ခက်တာက လူတွေက ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



ကို လိုလားနေတယ်"

ဟုတ်သည်။ ဝေဒနာရှင် လူအများက အရီဂိုကို လိုလားကြသည်မှာ အမှန်ပင်ဖြစ်သလို အခကြေးငွေကိစ္စ၊ လက်ဆောင်ပစ္စည်းကိစ္စနှင့်လည်း တိတိကျကျ လေ့လာရာ မတွေ့ရပေ။

တစ်ခါက အရီဂို အနက်ရောင်လက်ဝါးကပ်တိုင်တစ်ခုကို မြင်တွေ့သည်ဟု မိတ်ဆွေသတင်းစာဆရာတစ်ဦးအား ပြောရင်း...

"ဒါဟာ စိတ်မကောင်းစရာတစ်ခုပဲ။ အရင်းနှီးဆုံးလူတစ်ယောက်ဟာ သေဆုံးလိမ့်မယ်ထင်တယ်"ဟု ပြောသည်။ နောက်တစ်နေ့"ကိုက်တင်ကော့ လေယာဉ်ပျက်ကျပြီး သေဆုံးသွားတယ်လေ"ဟု ဖြည့်စွက်သည်။

"ကိုက်တင်ကော့ သေဆုံးခြင်းဟာ ကျွန်တော့်အတွက် ကြီးမားတဲ့ ဆုံးရှုံးမှုပဲ၊ သူဟာ ကျွန်တော့်စွမ်းဆောင်မှုရဲ့ အဓိကသက်သေလေ"ဟု ပြောသည်။

ဟုတ်သည်။ ကိုက်တင်ကော့ သေဆုံးပြီးနောက် ရှောက်တွန်းလိုသူများအတွက် အကွက်ဖြစ်ခဲ့သည်။

ဒေသဆိုင်ရာ ဆေးကောင်စီနှင့် ကက်သလစ်ဘာသာရေး

www.burmeseclassic.com



ဂိုဏ်းများမှ အရီကိုအား အရေးယူမည်ဟု ရှေ့ပြေးသတင်း ထွက်လာသည်။

တစ်နေ့ အရီကို ထူးဆန်းသောအပြုအမူတစ်ခု ပြုခဲ့သည်။ သူ ဆေးညွှန်းစာရွက်ရေးနေရင်း ခေတ္တရပ်ကာ တန်းစီနေသော လူတန်းကြီးထဲမှ လူတစ်ယောက်အနားသို့ လျှောက်သွားပြီး "ခင်ဗျား ရဲမဟုတ်လား" ဟု မေး၏။

ပုဂ္ဂိုလ်က ခေါင်းညိတ်သည်။

"ဒါဆို ခင်ဗျားကို ဆေးညွှန်းတစ်ခု ရေးပေးလိုက်မယ်။ အရေးကြီးတာက လိုက်နာဖို့နော်"

"ဟုတ်ကဲ့"

အရီကို ဆေးညွှန်းရေးပေးလိုက်သည်။ ဆေးညွှန်းကား "ကမ္ဘာ့ကျမ်းကို တစ်နေ့သုံးကြိမ် မပျက်မကွက် ရွတ်ပါ" ဟု ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## မယုံကြည်နိုင်စရာကို ယုံကြည်လာခြင်း

ဘုရာဇီးတွင် ဝိညာဉ်လောက ယုံကြည်သော ဆေးဆရာ အရေအတွက် ပိုများတိုးပွားလာသလို အရီဂိုအား လေးလေး နက်နက် အားကိုးလာသည်။

အရီဂိုအား အဓိကအားကိုးစရာအဖြစ် ယုံကြည်လာကြ သည်။

ထိုစဉ် ဒေါက်တာဂျူဆီပော်တန်ဗွိုဒ် ဖယ်ဒီရီဆိုခရင်ဟို သည် အရီဂိုအား အဓိကလေ့လာသူဖြစ်လာသည်။

"ဒေါက်ဖ္စာဖယ်ဒီရီ"မှာ တဝဲမှန်ပါရဂူဖြစ်၏။ ဆိုပေါ်လို မြို့၏ "ပရွန်တွန်ဆိုကော်ရီ ဆေးခန်း"သို့ အူတွင်းပိတ်ဆို့ ရောဂါဖြင့် ရောက်လာသည်။ အမျိုးသမီးဖြစ်ပြီး ဒေါက်တာ ဖယ်ဒီရီ၏မိတ်ဆွေ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခွဲစိတ်ရင်း ကုသရင်းမှ သူ့ရောဂါသည် မုန့်လုံးစက္ကူကပ် ဖြစ်လာ၏။ အခုံးတော့ ကင်ဆာဟု အမည်တပ်သည်။ ဝမ်းဗိုက်တွင် ကင်ဆာပျံ့နှံ့နေပြီဟု ပြောသည်။ နှစ်လထက် ကြာရှည်စွာ လူ့ပြည်တွင်မနေရဟု ဆိုကြသည်။

သူမက စိတ်ဓာတ်ကျ၍ ကမ္ဘာ့ဆွန်းရှပ်ဖြစ်နေပြီ။ ထိုစဉ် အရီဂိုထံသို့ ရောက်လာ၏။ သူမနှင့်အတူ ဒေါက်တာဖယ်ဒီရို ပါလာသည်။

အရီဂိုထံသို့ရောက်လျှင် စမ်းသပ်ကြည့်ပြီး ဆေးညွှန်း စာထဲမှာပါတဲ့ဆေးတွေက သမားရိုးကျ ခေတ်မီဆေးတွေပဲ။ ထူးခြားတာက လိုအပ်တာထက် ပိုသောက်ခိုင်းတာပဲ”ဟု ဒေါက်တာ ဖယ်ဒီရိုက ပြောသည်။

ထို့နောက် ဖယ်ဒီရိုက “ကျွန်တော်ဟာ ဆရာဝန်တစ် ယောက်ရဲ့ ဗီသတဲ့အပြုအမူတွေကို ပြုလုပ်ခဲ့တယ်။ အရီဂို ညွှန်ကြားတဲ့အတိုင်း သူမကို တိုက်ကျွေးခဲ့တယ်။ ထူးခြားတာ က ရက်သတ္တတစ်ပတ်အတွင်းမှာ ထူးခြားလာပြီး တစ်လခွဲ လောက်အကြာမှာ နဂိုနေအတိုင်း ဖြစ်လာတယ်။

ဒုတိယတစ်ခေါက် ပြန်သွားတော့ အရီဂိုက...အညှ အကြေးအိမ်ကို ထုတ်ခိုင်းတယ်။ အဲဒီနောက်တော့ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



မိတ်ခွေဟာ ရောဂါပျောက်သွားတယ်။ ဘာရာဇီးဆရာဝန်တွေရဲ့ ထပ်မံစစ်ဆေးချက်အရ သူမမှာ ကင်ဆာရောဂါ မရှိတော့ကြောင်း သိရတယ်"

ဒေါက်တာဖယ်ဒီရိုက သမာသမတ်ကျသော ဆရာဝန်တစ်ဦး ဖြစ်သည်။ သူသည် အသေးစိတ်မှတ်တမ်းများ ပြုလုပ်ခဲ့ပြီး ထိုအကြောင်းအရာများနှင့် ပတ်သက်၍ အများသိစေရန် တိတိကျကျ ထုတ်ပြန်ကြေညာသည်။

"ဒီနောက်ပိုင်း အခြားဆရာဝန်တွေလည်း ကွန်ဂွန်ဟာကို ရောက်လာကြတယ်။ အံ့ဖွယ်ဆရာဝန်အဖြစ် သတ်မှတ်ကြတယ်။ တချို့ ပြက်ရယ်ပြုလိုသူတွေတောင် ခွဲစိတ်ကုသမှုကို မြင်ပြီး မယုံကြည်နိုင်စရာကို ယုံကြည်သွားကြတယ်"ဟု ဒေါက်တာဖယ်ဒီရိုက ပြောသည်။

"အရီဂိုက မှန်ပေမယ့် စိတ်ကူးပေါက်တဲ့ အတုအယောင်တွေက ပြတ်သားလွန်းသည်"ဟု ထင်သည်။

"အရီဂိုသည် မှော်အတတ်နှင့် ဆေးကုသသူမဟုတ်။ လူလိမ်လူညာ ဒေါက်တာရမ်းကု တစ်ဦးသာဖြစ်သည်"ဟု သတ်မှတ်ကြသည်။ ထို့ကြောင့် အရီဂိုအား "တရားဥပဒေမှ ခွင့်မပြုသောဆေးကုသမှုကိုပြုသည်"ဟု စွပ်စွဲချက်နှင့် တရားစွဲ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ထို့ကြောင့် အရီဂိုအား ထောက်ခံသူများက တရားရုံးကို စုဝေးရောက်လာကြသည်။

အများသူငါအားလုံး သဘောပေါက်သည့် အချက်တစ်ခုမှာ အရီဂို၏ အံ့ဖွယ်ဆေးကုသမှု အောင်မြင်မှုများ တင်ပြလေ တရားဥပဒေအပြင်ဘက်မှ အရီဂိုအား ဥပဒေမဲ့ ဆေးကုသမှုကို ပြုသူအဖြစ် ပို၍မြင်လာလေ ဖြစ်သည်ဟူတည်း။

ကွန်ဂွန်ဟာမြို့၏ လူရှင်းသောတရားရုံးတစ်ခုတွင် တရားသူကြီး အီကိုင်တိုဆိုရီ”က အရီဂိုအား စစ်ဆေးသည်။

“ခင်ဗျား ဘယ်လိုဆေးကုသလဲ”ဟု တရားသူကြီးက မေးသည်။

အရီဂိုက...

“ကျွန်တော် ပထမဆုံး ဘုရားသခင်ရဲ့ တရားစာကို စ,ဆိုတာပဲ”ဟု ပြန်ပြောသည်။ ပြီးမှ “အဲဒီနောက် ကျွန်တော် ဘာမှမမြင်တော့ဘူး၊ ဆေးစာကို ရေးပေးတော့တာပဲ။ ဘာကိုမှလည်း မမှတ်မိတော့ဘူး”

“ခွဲစိတ်မှုတွေပြုတာကတော့...”

“ဒီအတိုင်းပဲလို့ ဆိုရမယ်။ ကျွန်တော်ကိုယ်တိုင် နား



www.burmeseclassic.com

www.burmeseclassic.com



မလည်နိုင်ဘူးလေ။ ကျွန်တော်သိနေတာက လူသားတွေကို ကူညီချင်တယ်"

"ခင်ဗျား ဆေးကုတာကို ဥပဒေက ခွင့်မပြုဘူးဆိုတာ မသိဘူးလား"

"ကျွန်တော် ဥပဒေမဲ့ မလုပ်ဘူး၊ ဒေါက်တာဖရစ်ရဲ့ဝိညာဉ်က ဝင်ပူးပြီး ကုသတာပါ"

"ဒါဆိုရင် ဒီတရားရုံးမှာ ဒေါက်တာဖရစ်ကို ကိုယ်ထင်ပြနိုင်းပါ"

အရီဂို ဆက်မပြောတော့ပါ။

တရားသူကြီးကိုယ်တိုင်လည်း စိတ်ပျက်မိသည်။

ဘရာဇီး သတင်းစာအားလုံးက သတင်းအဖြစ် အကျယ်တဝင့် ရေးသားကြသလို အရီဂိုအား ထောက်ခံရေးသားသည်။ အယ်ဒီတာထံပေးစာ အမြောက်အမြားပင် ရရှိခဲ့သည်။

သိပ္ပံအသင်းများလည်း မနေသာတော့။

သမိုင်းပါမောက္ခ ဂျေ–ဟာကျူလာအိုင်ပိုင်ရီကပင် အရီဂို၏ အောင်မြင်မှုကို မညစ်နိုင်ဟု ဖွင့်ဟရေးသားခဲ့သည်။

မည်သို့ဆိုစေ၊ ၁၉၅၇ ခုနှစ်၊ မတ်လ (၂၆)ရက်နေ့တွင် တရားသူကြီးက အရီဂိုအား ထောင်ဒဏ် တစ်နှစ်သုံးလနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ငွေ ၅၀၀၀ ဆောင်စေဖြင့် အမိန့်ချမှတ်သည်။

သို့သော် အရီဂိုက အသနားခံစာဖြင့် ထောင်ဒဏ်ကို ရှစ်လလျှော့ချလိုက်သည်။ ထောင်မှလွတ်လျှင် တစ်နှစ်အတွင်း တရားသူကြီး ခွင့်ပြုချက်မရဘဲ မြို့မှ ထွက်ခွာသွားခြင်းမပြုရ၊ ဆေးကုသမှုလည်း မပြုရဟု ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## တိုတောင်းသော လွတ်ငြိမ်းချမ်းသာခွင့်

"ဒီအချိန်တွေဟာ ကျွန်တော့်အတွက် ဦးတည်ချက်မဲ့ အချိန်တွေပဲ၊ ဘာလုပ်ရမှန်းမသိဘူး။ ပိုဆိုးတာက ကျွန်တော့် အိပ်မက်ဆိုးတွေနဲ့ ခေါင်းကိုက်မှုတွေရဲ့ နှိပ်စက်မှုကို ပြန်လည် ခံစားလာရတယ်။ ကျွန်တော် လူတွေရဲ့ လိုအပ်မှုကို ဖြည့် ဆည်းချင်တယ်။ နောက်ဆုံးတော့ ဝေဒနာသည်တွေကို အတွေ့ခံတယ်။ အချို့ကို ဆေးပြန်ကုပေးခဲ့တယ်။ ရဲတွေက သိပေမယ့် မသိဟန်ဆောင်နေကြတယ်။ ရဲတွေကလည်း ကျွန်တော့်ကို ခင်တယ်လေ"

သို့သော် ၁၉၅၈ ခုနှစ်၊ မေလသည် အရီဂိုဘဝ ဇာတ်ဆန်းလာဘ်တက်လာသည်ဟု ဆိုရမည်လားမသိ။ ဘရာဇီး



www.burmeseclassic.com

www.burmeseclassic.com



သမ္မတ ဂျပ်စလီနီကူဘစ်ရှက်သည် အရီဂိုတစ်ယောက် အပြစ် ဒဏ်ပေးခံရသည်ကို သိရှိသွားသည်။

သမ္မတကူဘစ်ရှက်က အရီဂိုအား သိသည်။ သူသည် စနစ်တကျသင်ကြားထားသော ဆေးပညာရှင် မဖြစ်သော်လည်း အရီဂို၏ ဆေးကုသမှုကို တွေ့လျှင် စိတ်ဝင်စားသွားသည်။ အထင်ကြီးခဲ့သည်။ ထို့ကြောင့် သမ္မတကူဘစ်ရှက်သည် သမ္မတ၏အခွင့်အာဏာသုံးကာ အရီဂိုအား လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့သည်။

(အရီဂိုအား လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီး ကိုးနှစ်အကြာ ၁၉၆၇ ခုနှစ်တွင် သမ္မတကူဘစ်ရှက်၏ သမီးတွင် စွဲကပ်နေသော ကျောက်ကပ်ရောဂါကို ကုသပေးခဲ့သလို ပျောက်ကင်းခဲ့သည်။)

**စာရေးသူ**

ထို့နောက် အရီဂိုသည် ပျော်ရွှင်စွာ လူနာ ၁၅၀၀ ခန့်အား တစ်ပတ်အတွင်း ကြည့်ရှုပေးခဲ့သည်။ ရဲများ စောင့်ကြပ်ကြည့်ရှုနေသဖြင့် ကြီးကျယ်သော ခွဲစိတ်ကုသမှုကိုမူ သင်ထင်ပေါ်ပေါ် မလုပ်နိုင်ခဲ့။

မည်သို့ဆိုစေ၊ အရီဂိုသည် ခွဲစိတ်မှုအချို့ကိုမူ လျှို့ဝှက်စွာ



www.burmeseclassic.com

www.burmeseclassic.com



ပြုလုပ်ခဲ့၏။ ထိုအထဲတွင် ဘရာဇီး၏ အကျော်ကြားဆုံး မင်းသား ရောဘတ်ကိုကာလော့၏ သားကလေးလည်း ပါဝင်သည်။

"ကျွန်တော့်သားကလေးရဲ့ မျက်စိဝေဒနာကို ဥရောပ ဆရာဝန်များကိုယ်တိုင် လက်လျှော့ထားကြတာ။ ဒါပေမဲ့ အရီဂိုကတော့ ရက်ပိုင်းအတွင်း ပျောက်ကင်းအောင် ကုပေးလိုက်တယ်လေ" မင်းသားရောဘတ်ကို ကာလော့က ဖွင့်ဟပြောသည်။

၁၉၆၁ ခုနှစ်တွင် သမ္မတသက်တမ်း ကုန်ဆုံးခဲ့သည်။ နောက်ထပ်အရွေးမခံရ၍ သမ္မတသစ်ရောက်သောအခါ အရီဂို ထိပ်သီးပိုင်း၏ ထောက်ခံမှု မရသလို ဖြစ်သွားသည်။

"ဒီအချိန်မှာ ဘာသာရေးဂိုဏ်းနှင့် ဆေးဘက်အာဏာပိုင်တွေက တရားစွဲဖို့ ဆေးကုသမှုကို စစ်ဆေးပြန်တယ်။ ဒါပေမဲ့ အချိန်အတန်ကြာတဲ့အထိ အဆင်မပြေခဲ့ပါဘူး"

ဟုတ်သည်။ စစ်ဆေးရန်ခေါ်သောအခါ အချို့က အစစ်မခံလိုသော သက်သေများက ရှောင်ကြသည်။ ထို့အပြင် အချက်အလက်သစ်များ ရှာဖွေရန် ပို၍ခက်ခဲသလို ဖြစ်နေပြီး သို့နှင့် ၁၉၆၃ ခုနှစ်သို့ ရောက်ခဲ့ပြီ။ အရီဂိုသည် တရားစွဲ



www.burmeseclassic.com

www.burmeseclassic.com



ခံရခြင်း၊ ဝေထောင်ကျခြင်းကို စိတ်ပျက်ဖွယ် ရင်ဆိုင်ရသော်လည်း ယခုကား ရင့်ကျက်ပြီ။

သူ့အား သုတေသနပြုရန် သိပ္ပံအဖွဲ့အား မရှုပ်တော့ပါဟု သတင်းစာနှင့် အသံလွှင့်ဌာနမှ ကတိပြုခဲ့သည်။ အရီဂိုအား သုတေသနပြုမည့် ခွဲစိတ်ကုဆရာဝန်များ၏ လမ်းညွှန်မှုဖြင့် ခွဲစိတ်ကုသခွင့်ပြုမည်ဟု သတင်းပြေးနေသည်။

ပို၍ အားတက်စရာကား ဘရာဇီးသမ္မတသစ် "ဇာဟာဒါကို စတာအီဆီလ်ဗာ" (ယခုကွယ်လွန်)မှလည်း လူပုဂ္ဂိုလ်ရေးအရ အရီဂိုအား ကူညီမည်ဟု ကတိပြုသည်။ သီးပွင့်လာရန် အားလုံးအသင့်ပင်။

ထိုစဉ် အရီဂို ချောက်အိပ်မက်ကို မက်၏။ ဖနီးကိုနိုးပြီး "အနက်ရောင်လက်ဝါးကပ်တိုင်ကြီးကို မြင်ရပြန်ပြီကွာ"ဟု စိတ်ပျက်စွာပြော၏။



www.burmeseclassic.com

www.burmeseclassic.com



## နှုတ်ဆက်ကြသူများ

အနက်ရောင်လက်ဝါးကပ်တိုင်၏ အဓိပ္ပာယ်ကား မည်သို့ဆောင်ယူသည်မသိပေ။ အရီဂို က မှန်မှန်ပင်မက်နေဆဲ ဖြစ်သည်။ ဆေးရုံတည်ဆောက်ရေး လျာထားချက်ပြုလုပ်ရန် ထောက်ပံ့ငွေရပြီးပြီ။

အမေရိကန် ဆရာဝန်တွေနဲ့ ဘရာဇီး ဆရာဝန်များ၏ အနာဂတ်လေ့လာရေးအတွက် ပူးပေါင်းမှု စတင်နေပြီ။

၁၉၆၉ ခုနှစ်တွင် အစီအစဉ်များအားလုံးကို စတင်ရန် လူဝစ်ကော့ ဘရာဇီးသို့ ရောက်လာသည်။

"အရီဂို ၏ ကုသမှု တရားဝင်ခွင့်ပြုလာသည်နှင့်အမျှ ထင်ရှားသည့်ပုဂ္ဂိုလ်များ ပါဝင်မှုများလာသည်။ ဘရာဇီးနိုင်ငံမှ ထင်ရှားသည့်ပုဂ္ဂိုလ်များက အရီဂိုထံ ဖုန်းဆက်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဆေးကုသရေး အကြံဉာဏ်၊ အတွေးအခေါ်ပိုင်း သို့မဟုတ် စိတ္တဇဆိုင်ရာ အကြံဉာဏ်များကို တောင်းဆိုကြသည်။ သူတို့ မသိသူ မရှိ။

၁၉၅၁ ခုနှစ်၊ ဇန်နဝါရီလ၏ လဆန်းပိုင်းတွင် အရီဂိုလည်း လုပ်ရိုးလုပ်စဉ် ဝတ္တရားအတိုင်း ဆင်းရဲသားများကို အဝတ်အထည်များ ဝေငှသည်။

ဇန်နဝါရီလ (၁၁)ရက်နေ့ထိ သူ့ဆေးခန်းတွင် အလုပ်လုပ်သည်။ နေ့(၁၂)နာရီတွင် "ကိုယ် ကားတစ်စီးဝယ်ဖို့ သွားစရာရှိတယ်၊ ထမင်းစားပြန်ခဲ့မယ်လေ"ဟု ဇနီးကို မှာသည်။ ဆေးခန်းကိုလည်း ညနေ(၃)နာရီ ရောက်မည်ဟု မှာခဲ့သည်။

* * *

ထိုနေ့က မိုးရွာသည်။ မိသားစုနှင့် ထမင်းလက်ဆုံစားပြီး မိုးအတိတ်ကို စောင့်ခဲ့သည်။ မိုးတိတ်လျှင် မိတ်ဆွေ (အန်တိုနီယို ရီရင်ရို)နှင့် ထွက်ခဲ့ကြသည်။

အရီဂိုသည် ထုံးစံအတိုင်း အမြန်မောင်းခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် မကြာမီ ကွန်ဂွန်ဟာမြို့၏ လမ်းချိုးတစ်ခုတွင် အရီဂို ကားက ထရပ်ကားတစ်စီးကို ခေါင်းတည့်ထားသည်။ ထရပ်ကားသမား "ဂျီစီတီမိုတို"သည် ဘာလုပ်ရမည် မသိ။

ရှေ့မှာ အရီဂို၏ကား၊ လက်ယာဘက်တွင် ပေ(၄၀၀)ခန့် နက်သော ချောက်ကမ်းပါးကြီး။

ကားဘရိတ်အုပ်လိုက်သော်လည်း နောက်ကျသွားပြီ။ သံ့သံချင်း ထိသံများ ဆူညံသွားသည်။ အရီဂိုနှင့် ရီတိုင်ရိုတို့ လည်း အသက်မရှိကြတော့။ သံမဏိချောင်းကြီးတစ်ချောင်းက အရီဂို၏ ရင်အုပ်မောက်မောက်ကြီးကို ထိုးစိုက်ဝင်လျက်။

အရီဂိုအား ခွဲစိတ်ကြည့်သောအခါ ကားနှစ်စီးမတိုက်မီ စက္ကန့်ပိုင်းက ဦးနှောက်သွေး ကြောပိတ်ဆို့ခြင်းနှင့် သေဆုံး သည်ဟု မှတ်ချက်ချသည်။ တီမိုတိုက သေဆုံးခြင်းမရှိ။

ကွန်ဂွန်ဟာတစ်မြို့လုံး တိတ်ဆိတ်သွားသည်။

"မြို့တော်ဝန်က နှစ်ရက်တိတိ ဝမ်းနည်းခြင်းအထိမ်း အမှတ်ပြုဖို့ ကြေညာတယ်။ တစ်မြို့လုံး အလံတိုင်ဝက်ထူပြီး အသိအမှတ်ပြုကြတယ်"ဟု အာလက်က ပြောသည်။

ကွန်ဂွန်ဟာသို့ အနယ်နယ် အရပ်ရပ်မှ လူများ စုဝေး ရောက်ရှိလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖန်းအာလက်အလောင်းဓါးနားတွင်ရပ်နေသည်။ မင်းသား ရောဘတ်တိုကာကော့ လူအုပ်ကြီးကိုဖြတ်ကာ အလောင်းစင် နားသို့ ရောက်လာသည်။

ဝမ်းနည်းကြေကွဲနေသော အာလက်ကို ပွေ့ဖက်လိုက် သည်။

“အရီဂိုကြောင့် ကျွန်တော့်သား မျက်စိမြင်ခဲ့ရတာ။ သူဟာ လူသားတွေအတွက် တန်ဖိုးကြီးတဲ့သူပဲ”ဟုပြောပြီး ခေါင်းဘက်သို့လှည့်ကာ “ကျွန်တော်လာတယ်”ဟုပြောသည်။

အရီဂိုအား ဘာသာရေးဂိုဏ်းမှ မော်ဂိုဏ်းဝင်အဖြစ် သတ်မှတ်ခဲ့ခြင်းကြောင့် လုပ်ရိုးလုပ်စဉ် အခမ်းအနား မရှိပေ။ သူ့ဘာရာဇာတို့က ခေါင်းကိုဆွဲ လှည်းပေါ်သို့တင်ကာ ကျောက် ခင်းလမ်းအတိုင်း တောင်ကုန်းပေါ်ရှိ သင်္ချိုင်းပေါ်သို့ ဆွဲတက် ခဲ့သည်။ အသုဘပို့သူ မည်မျှရှိသည်ကို မရေတွက်ခဲ့ကြ။

အချို့က လူ(၁၅၀၀၀)ခန့်ဟု ဆိုသည်။ အချို့က (၂၀၀၀၀)ခန့်ဟုဆိုသည်။ တစ်ပါးတည်းသောဘုန်းကြီးက တရားစာရွတ်ပေးနေစဉ် အလောင်းကို မြေမြှုပ် သင်္ဂြိုဟ်လိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မြို့ထဲသို့ပြန်လာသည့် လူထုကြီး၏ နှုတ်ဖျားမှ "အရီဂို မရှိတော့ဘူး"ဟူသော စကားသံက ဘရာဇီး တစ်နိုင်ငံလုံး ညို့ညို့ညံ၍နေသတည်း။ ။

ReF:R.D.April. 1975. John G.Fuller

၏ Arigo. Surgeon of The Rusts

Knife. ကို ပြန်ဆိုသည်။

၂၀၀၆၊ အောက်တိုဘာ

မနုဿရိပ်မြွင်း

❖



www.burmeseclassic.com

www.burmeseclassic.com

[ ၃ ]

# ကျေးရူးတရား

www.burmeseclassic.com

www.burmeseclassic.com

## [ ၁ ]

ကိုကြက်တောကို အားလုံးက လူထူးလူဆန်းတစ်ဦးဟု သိထားကြသည်။ တကယ်တော့ ကိုကြက်တောကိုယ်တိုင်က လည်း ထူးဆန်းသူတစ်ဦးပင်။

ကိုကြက်တောက စကားနည်း၏။

ရွတည်တည်နေသူ။ အပြုံးအရယ်မရှိသူ။

ပို၍ထူးခြားသည်က သူလုပ်သည့်အလုပ်နှင့် သူ့အနေအထိုင် အပြောအဆိုဖြစ်၏။ သူ့အရပ်နှင့် သူ့ဖာတ်က အစပ်အဟပ်တည့်သည်ဟု ဆိုရမည်။

စင်စစ် ကိုကြက်တောလုပ်သည့် အလုပ်က အရက်ဆိုင်ပိုင်ရှင်။ သပြေတန်းရွာကလေး၏ ရွာထိပ်တွင် ကိုကြက်တော၏ အရက်ဆိုင်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



သပြေတန်းရွာသည် ရန်ကုန်–မန္တလေး လမ်းမကြီးပေါ်တွင် တည်ရှိပြီး အဝေးပြေးကားများ ရပ်နားရာဖြစ်၏။ ပြီးတော့ သပြေတန်းက ညောင်ညိုပင်၊ သရက်လှ စသည့်ရွာများနှင့်လည်း နီးပြီး အချက်အချာကျ၏။

ထိုနေရာမျိုးတွင် ကိုကြွက်တောက အရက်ဆိုင်ဖွင့်ပြီး အရက်မျိုးစုံရသဖြင့် သူ့ဆိုင်သည် လူစည်ကားနေမြဲ။

သို့သော် အရက်ဆိုင်ပိုင်ရှင် ကိုကြွက်တောသည် မည်သူ့ကိုမျှ စကားပြောသည်မရှိ။ ကောင်တာတွင် ရှုတည်တည်ထိုင်နေတတ်၏။

"ကိုကြွက်တောရယ်၊ စကားလေးဘာလေး ပြောပါဦး"

ဟုဆိုလျှင် ခပ်တည်တည်နှင့် "ငါ ဒီမှာ အရက်ရောင်းနေတာ စကားပြောဖို့မဟုတ်ဘူး။ ဘယ်သူနဲ့မှလည်း မျက်နှာချင်းဆိုင်ပြီး စကားမပြောနိုင်ဘူး"ဟု ဆိုတတ်၏။

"မဟုတ်ဘူးလေကွာ"

"စကားမရှည်နဲ့ ကိုယ့်လူ၊ အရက်သောက်ချင်လာ၊ စကားပြောချင်ရင် ငါနဲ့မပြောနဲ့၊ ငါ ဘယ်သူ့ကိုမှလည်း စကားမပြောနိုင်ဘူး"

ဒါက ကိုကြွက်တော တုံ့ပြန်ချက်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကိုကြက်တော ရှုတည်တည် ထိုင်နေတတ်၏။

ဒါက ကိုကြက်တော၏ ထူးဆန်းချက်တစ်ခု။

ဒုတိယထူးဆန်းမှုက ကိုကြက်တော အသွင်အပြင်။

ကိုကြက်တောက အသက် ၄၀ ပတ်ဝန်းကျင်ဖြစ်၏။ အညာကျေးလက်ဇာတိဖြစ်သဖြင့် အသားညိုး၏။ ခန္ဓာကိုယ် တုတ်ခိုင်၏။ (တစ်ချိန်က ဦးကြက်တောသည် မုဆိုးတစ်ဦး)

အဓိကထူးဆန်းသည်က ကိုကြက်တော၏ မျက်နှာ သွင်ပြင်။

ကိုကြက်တောသည် အမြဲတမ်း မျက်နှာတစ်ခြမ်းကို အဝတ်နှင့် အုပ်ထား၏။

မျက်နှာတစ်ခြမ်းကိုသာဖော်ထား၏။ ဘာကြောင့် ကိုကြက်တောသည် မျက်နှာတစ်ခြမ်းအား အဝတ်နှင့်အုပ်၍ တစ်ခြမ်းကိုသာ ဖော်ထားသနည်း။

လူသိသောက လျှို့ဝှက်မှုကို သိချင်သည်။

မှတ်မိသေးသည်။

တစ်ခါက ဈေးဆိုင်ညီပင်မှ ပုဂ္ဂိုလ်တစ်ဦးက ကိုကြက်တောနှင့် မျက်နှာချင်းဆိုင်ပြီး...

"အစ်ကိုကြက်တော၊ ခင်ဗျား ဘာဖြစ်လို့ အခုလို မျက်



www.burmeseclassic.com

www.burmeseclassic.com


တဲ့ မုဆိုးအလုပ်ကို မလုပ်တော့တာလဲ"

ဟု မေးသည်။

ကိုကြက်တောက ရှုတည်တည်နှင့် ကြည့်သည်။

"မင်း ဘာဖြစ်လို့မေးရတာလဲ၊ ငါ အမဲမလိုက်တာ မလိုက်ချင်လို့ပေါ့ကွ၊ ငါ အမဲလိုက်တာ၊ မလိုက်တာနဲ့ ဖတ်သက်လို့ မင်းအပူ တစ်ပြားသားမှ မပါပါဘူး"

ဟု ပြောပြီး ထိုသူကို ဆတ်ခနဲကြည့်ကာ "နေပါဦးကွ၊ မင်း ငါ့ဆိုင်ကိုလာတာ အရက်သောက်ဖို့လား၊ စပ်စုဖို့လား။ အေး...အရက်သောက်ချင် ထိုင်၊ စပ်စုချင်တယ်ဆိုရင်တော့ အခုချက်ချင်းထွက်သွားရင် ကောင်းမယ်"ဟု ပြော၏။

"အစ်ကိုကြက်တောကလည်းဗျာ၊ ဘာဖြစ်လို့ ဒီလောက် စိတ်တိုနေရတာလဲ၊ ကျုပ်က စိတ်ဝင်စားလို့ပါ"

"မင်း စိတ်ဝင်စားပေမယ့် ငါ စိတ်မဝင်စားဘူး"

ဒါက တစ်ခါ...။

နောက်တစ်ခါ သရက်လှကာ ပုဂ္ဂိုလ်တစ်ဦးနှင့် ပြဿနာ ဖြစ်ကြသည်။ ဒါကိုလည်း မမေ့နိုင်သေး။ ဒီကိစ္စက ကျွန်တော့် မျက်စိရှေ့မှာ ဖြစ်သည့်ကိစ္စ။

တစ်နေ့...။


www.burmeseclassic.com

www.burmeseclassic.com



ညနေစောင်းတစ်ခု။

သရက်လှရွာမှပုဂ္ဂိုလ် အနည်းငယ်မူးနေသည်။ သူက ကောင် တာတွင် ကိုကြက်တောထံမှ အရက်ဝယ်ရင်း

"ကိုကြက်တော"

"ဘာလဲ မြတ်ထွန်း"

"ခင်ဗျားကို ကျုပ် တစ်ခုမေးချင်လို့"

"မင်းမေးတာ ငါမဖြေချင်ဘူး၊ ငါ အရက်ရောင်းနေတာ က မင်းနဲ့ အမေးအဖြေလုပ်ဖို့ မဟုတ်ဘူး"

"ဒါပေမဲ့ ပြောမှဖြစ်မယ်၊ ဒီကိစ္စက ငါ့သိပ်စိတ်ဝင်စားတဲ့ ကိစ္စ ဖြစ်နေလို့"

"ခက်ပါလား မြတ်ထွန်း"

"မခက်ဘူး ကြက်တော၊ တကယ်တော့ မင်းက ခက် အောင် လုပ်နေတာ"

ကိုကြက်တော သက်ပြင်းရှိုက်လိုက်သည်။ ပြီးမှ "ကဲ... ကြားချင်ရင် မေး၊ ငါစိတ်ဆိုးတဲ့ မေးခွန်းတော့ မဖြစ်စေနဲ့ နော်"

ဟု ပြော၏။

"ငါကတော့ စိတ်ဆိုးစရာမဟုတ်ဘူးလို့ ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ...မေးရင် မြန်မြန်မေး"

"ငါသိချင်တာ မင်းမျက်နှာတစ်ဖက်ကို အမြဲတမ်းအုပ်ထားတာနဲ့ ပတ်သက်လို့ပဲ။ ဒါက ငါ့အတွက် စိတ်ဝင်စားစရာဖြစ်နေတယ်။ စနေမကာတွန်းမှာ စနေမက မျက်နှာတစ်ခြမ်းကို ဆံပင်နဲ့ အုပ်ထားတယ်။ မင်းက အဝတ်နဲ့အုပ်ထားတယ်၊ စနေမကတော့ အမာရွတ်ရှိတာကို၊ မင်းကကော ဘာဖြစ်လို့လဲ၊ ဒါကို ငါသိချင် တယ်"

ဟု မေးသေး။

ကိုကြွက်တောက "ဪ...ဒါသိချင်တာလား။ မင်းက ကိုယ်နဲ့မဆိုင်တာကို စပ်စုတာပဲ"ဟုပြောပြီး အရက်ပုလင်းနှင့် ခေါင်းကို ရိုက်ခွဲလိုက်သည်။

"ခွမ်း"

"အား"

ပုလင်းနှင့်ခေါင်းထိသံ၊ ငြီးငြူသံတွေ ထွက်ပေါ်လာသည်။ ကိုကြွက်တောကို မြှူးချင်သည့် ကိုစပ်စုမြတ်ထွန်း ခေါင်းကွဲသွေးရဲသွားသည်။

"မသိမစိုင် လက်ပံသား ဓားနဲ့ချိုင်ချင်သူတွေ၊ မျက်နှာတစ်ခြမ်းအုပ်ထားတာ ငါ့ကိစ္စ၊ ဘယ်သူစပ်စုရမှာလိုလဲ၊



www.burmeseclassic.com

www.burmeseclassic.com



ကဲ...ဘယ်သူ စပ်စုချင်သေးလဲ၊ လာကြလေ၊ ခေါင်းကောင်း သူရှိရင် လာဦး"

သူ့စကား။

ဘယ်သူမျှ မလာရဲကြ။



www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

စင်စစ်မူ ကိုကြက်တောကို စိတ်ဝင်စားသူ များစွာအနက် ကျွန်တော်လည်း တစ်ဦးအပါအဝင်ဖြစ်၏။ သို့သော် ကျွန်တော် ကိုယ်တိုင်လည်း မစပ်စုရဲ။

ကျွန်တော့်ကိုယ်ကျွန်တော် ခေါင်းမကောင်းသူဟု သိထား၏။ ကျွန်တော် ပုလင်းမတောင်းရဲ။

ကိုကြက်တော လက်ရဲဇက်ရဲနိုင်သည်ကို ကျွန်တော်တို့ သိသည်။ ကိုကြက်တောနှင့် ကျွန်တော်တို့ ပြိုင်မမိုက်ရဲ။ ယင်း၊သို့ မစပ်စုရဲ။

သို့စေကာမူ ကိုကြက်တောတစ်ယောက် နှစ်ရှည်လများ မှုခိုးအလုပ်ကို လုပ်ခဲ့ပြီး အမဲလိုက်ခြင်းကို ဝါသနာထုံပြီး ချက် လျှို့ဝှက်လိုက်ခြင်းသည် အကြောင်းမဲ့မဟုတ်သည်ကို လည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်း။ ကိုကြက်တောမျက်နှာတစ်ခြမ်း အုပ်ဆိုင်းထားခြင်းသည် စတာန့်တွင်ထားခြင်းမဟုတ်ဘဲ ဖုံးကွယ်မှုတစ်ခုဖြစ်သည်ကိုလည်းကောင်း ကျွန်တော် သိနေသော်လည်း မမေးရဲ။

သို့သော် ကျွန်တော့်စိတ်ဝင်စားမှု၊ ကိုကြက်တော၏ လျှို့ဝှက်ချက်အား ကျွန်တော့်နည်း ကျွန်တော့်ဟန်ဖြင့် လိမ္မာပါးနပ်စွာ ဖော်ထုတ်ရန် ဆုံးဖြတ်မိသည်။

ကျွန်တော့်ဆုံးဖြတ်ချက်တွင် လျှို့ဝှက်မှုအား လျှို့ဝှက်စွာ ဖော်ထုတ်ရန် စဉ်းစားမှုသည် အဓိကဖြစ်၏။

ယင်းသို့လည်း ကျွန်တော်သည် ကြောင်လက်သည်းဝှက်သလို၊ ကိုကြက်တောနှင့်ပတ်သက်၍ ကျွန်တော်၏ စိတ်ဝင်စားမှုကို ကိုကြက်တော မရိပ်မိစေရန် လျှို့ဝှက်ပြီး ကိုကြက်တောနှင့် အနီးကပ်မိတ်ဆွေဖြစ်စေရေးကို ကြိုးစားခဲ့မိ၏။

ကျွန်တော်၏ ဝီရိယကြောင့်လော၊ ကံကြမ္မာကြောင့်လော မပြောတတ်။

ကျွန်တော်နှင့် ကိုကြက်တောတို့ ခင်မင်ရင်းနှီးမှုဖြစ်စေရန် အကြောင်းဖြစ်တည်ခဲ့၏။

ထိုအကြောင်းက အခြားမဟုတ်။

ကိုကြက်တောအိမ် မီးလောင်ခြင်းကု စ,ရမည်ထင်၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်က ကိုကြက်တော အရက်ဆိုင်မှာရောက်နေသည်။ အိမ်တွင် မရှိ။ အိမ်တွင် ကိုကြက်တော၏ ဇနီးနှင့် သမီး တစ်ယောက်ပဲရှိ၏။

ယင်းသမို့ ကိုကြက်တောဇနီးခမျာ အတော်ဒုက္ခရောက်ရ၏။ ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်နေ၏။ ပိုဆိုးသည်က ကိုကြက်တော ဇနီးနှင့် သမီးတို့မှာ မီးတောက်ကြီးအလယ်သို့ ရောက်နေခြင်းပင်။

ထိုစဉ်က ကျွန်တော်သာ ထိုအိမ်အနီးသို့ ရောက်မနေခဲ့လျှင် ကိုကြက်တောဇနီးနှင့် သမီး၏ အနာဂတ်သည် တွေးရဲစရာမရှိ။ မီးလောင်ကျွမ်းခံရမည်မှာ မုချပင်။

ကျွန်တော်၏ ပင်ကိုစိတ်အရ သူတပါး ဒုက္ခရောက်လျှင် ဥပေက္ခာမပြုတတ်သူဖြစ်သကဲ့သို့ ကိုကြက်တောနှင့်လည်း ကျွမ်းဝင် ရင်းနှီးလိုစိတ်ရှိသဖြင့် ကိုကြက်တောဇနီးနှင့် သမီးကို သက်စွန့်ဆံဖြား ကယ်ဆယ်ခဲ့၏။

ကိုကြက်တော သူ့အိမ်မီးလောင်သည်ကို သိသဖြင့် ဆိုင်မှ ကသောကမျော ပြန်လာပြီး အိမ်အနီးသို့ အရောက်တွင် ကျွန်တော်သည် ကိုကြက်တော၏ ဇနီးနှင့် သမီးအား မီး လောင်ပြင်တွင်းမှ ကယ်တင်နိုင်ခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



သို့နှယ် ကိုကြက်တော၏ဖနီးနှင့် သမီးကို မီးလောင်ပြင်မှ ကယ်ဆယ်နိုင်ခဲ့စေကာမူ ကျွန်တော်၏ ခြေတစ်ဖက်ကမူ ထုတ်တန်း ပြုတ်ကျသဖြင့် ပိုင်းပိုင်းကျိုးခဲ့ရ၏။

"ညီလေးရယ်၊ မင်း ဒီလိုဖြစ်ရတာ အစ်ကိုကြီးမိသားစု ကြောင့်ပါ။ အစ်ကိုကြီးဇနီးနဲ့ သမီးအသက်က မင်းပေးတဲ့ အသက်ပဲ ရှိပါတယ်။ မင်းကျေးဇူးက ကြီးလှပါတယ်"

သူကပြော၏။ "မင်းခြေထောက်အတွက် ဆရာနဲ့ပြရ မယ်၊ မင်းအတွက် အစ်ကိုကြီး တာဝန်ယူတယ်"ဟု ပြောပြီး သူကိုယ်တိုင် ကျွန်တော့်ကိုပွေ့ချီကာ ဆေးဆရာဆီပြေး၏။

ကျွန်တော့်ကို လိုလေသေးမရှိအောင် ပြုစု၏။

ကျွန်တော့်ခြေထောက် ကောင်းစေရန် ဆေးကုသခံရ သလို၊ သူနှင့် ကျွန်တော် ရင်းနှီးမှုပိုရသည်။

မည်သို့ဆိုစေ၊ ကျွန်တော့်အတွက်မူ ခြေတစ်ဖက်မသန် သည့် ဘဝသို့ ရောက်ခဲ့ရသော်လည်း ကျေနပ်ရ၏။ အဘယ့် ကြောင့်ဆိုသော် ကျွန်တော်နှင့် ကိုကြက်တော ကျွမ်းဝင် ရင်းနှီးမှုပိုရသလို ကျွန်တော့်ဆန္ဒပြင်းပြသည့် ကိုကြက်တော ၏ လျှို့ဝှက်ချက်များအား ကိုယ်တိုင်သိခွင့်ရလိုက်သောကြောင့် ဖြစ်သတည်း။

www.burmeseclassic.com

www.burmeseclassic.com

## [ ၃ ]

ကိုကြက်တောက အကျော်ဒေးယျ မုဆိုးတစ်ဦးပင်။

သို့သော်၊ ကိုကြက်တောသည် သပြေတန်းဇာတိတော့ မဟုတ်။ ညောင်ပင်သာရွာသားဖြစ်၏။ တောကျွမ်း၍ အမဲလိုက် ဝါသနာထုံ၏။ တစ်ခုထူးခြားသည်က ကိုကြက်တော ကိုယ်တိုင်လည်း အမဲလိုက်ခြင်းနှင့် အကျိုးပေး၏။

ကိုကြက်တောသည် သားကောင်ကြီးရသူအဖြစ် နာမည်ကြီး၏။

သို့ဖြင့် ကိုကြက်တောသည် မုဆိုးကျော် ကြက်တော ဖြစ်လာ၏။

တစ်နေ့...။

www.burmeseclassic.com

www.burmeseclassic.com



မုဆိုးကျော် ကြက်တောသည် တောလည်ရင်း မဖြစ်ဖူးသည့်အဖြစ် ဖြစ်ခဲ့သည်။ အခြားမဟုတ်။

တောမှောက် မျက်စိလည်ခြင်းပင်။

သို့ဖြင့် တောတွင်း၌ မိုးချုပ်သွားသည်။

မဖြစ်ဖူးသည့်အဖြစ်မို့ ကိုကြက်တော ခေါင်းနောက်သွားသည်။

"အို...ငါ ဘယ်လိုဖြစ်ပါလိမ့်"

သူစဉ်းစားမရ။

"ဒီည သူဘယ်လိုဖြတ်သန်းရမည် မသိ။ တောတွင်းသစ်ပင်ပေါ်၌ လင့်စင်ထိုးနေလို့မရ။ ဒီတောက ကျွန်းတောဖြစ်သည်။ မီးဖိုနေလို့မရ။ ဒီမှာနေရမည်လား။ ရှေ့ဆက်ရမည်လား။

သို့တစေ ဒီမှာနေလို့မဖြစ်။ သည်တောက နာမည်ကြီးသည်။ သားကောင်ကြီးတွေ ကြက်စားသည့်တော။ ကျားပေါသည့်တောတဲ့။

"ဝူး"

"ဝေါင်း"

အသံကြားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သားကောင်သံဟု သူသိလိုက်သည်။ ကိုကြက်ဖော နှစ်လုံးပြူးသေနတ်ကို တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ပြီး ကျိုး ကြည့်ကြောင်ကြည့် ကြည့်သည်။ ဒီမှာနေလို့မဖြစ်ဟု သိ လိုက်သည်။

ခပ်သွက်သွက်လျှောက်ခဲ့၏။

ည...။

လ,မသာသည့်ည။

တောတွင်းဖြစ်သည့်မို့ အမှောင်က သိပ်သည်းနေသလို သစ်ရွက်ရိုက်သံနှင့် ဖုက်အော်သံများကို ကြားနေရသည်။ သူ ခပ်သွက်သွက်လျှောက်လာသည်။

သူလျှောက်လာရင်း ရင်ထဲ အေးခနဲဖြစ်သွားသည်။

သူ လက်ကားရား ခြေကားရားဖြစ်သွားသည်။ တစ်စုံ တစ်ခုတွင်းသို့ ကျွံကျသွားသည်ဟု သိလိုက်၏။ သေနတ် တခြား လူတခြား ဖြစ်သွားသည်။ "ငါ ကျင်းတစ်ခုတွင်းကို ကျွံကျခဲ့ပြီပဲ"ဟု သိလိုက်သည်။

သို့သော် ကျင်းသည် နက်သည်လား၊ တိမ်သည်လား မသိ။

မှောင်မည်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အေးစိမ့်နေသည်။

ပတ်ဝန်းကျင်တစ်ခုကို သူကြည့်သည်။ ဘာမျှမမြင်ရ။ မှေးခနဲ အိပ်ပျော်သွားသည်။

ခရီးပန်းသည့်ဒဏ်ကြောင့်လော၊ နာကျင်မှုကြောင့်လော မသိ။ သို့သော် နေရောင်ခြည်နှင့် နံနက်ဦး ငှက်အော်သံကြောင့် သူနိုးလာ၏။ မျက်လုံးဖွင့်လိုက်သည်။

ပထမဆုံး သူ ကျင်းတစ်ခုတွင်းသို့ကျကြောင်း သိလိုက်၏။

ကျင်းက ကျယ်သည်။ ချောနေ၏။

ပတ်ဝန်းကျင်ကို စေ့ကြည့်လိုက်သည့်အခါတွင် သူ့အလွန်တရာ စိုထိတ်သွားသည်။

အလို…

သူ ဆတ်ခနဲ နောက်ဆုတ်လိုက်သည်။ သူ့နောက် မနီးမဝေးတွင် အဝါနှင့်အနက်ကွက် ငန်းမြွေတစ်ကောင်။ ငန်းတော်ကျားဟုခေါ်သည့် မြွေမင်းသား။ အကောင်ကြီးသည်။

သူ့ကိုကြည့်နေသည်။ ကိုကြက်တော ဘာလုပ်ရမည်မသိ။ ကိုကြက်တောတွင် လက်နက်လည်းမရှိ။ တစ်ခုရှိသည်က ငန်းမြွေသည် ညကတည်းကရှိမည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ရန်မူမည်ဆိုကလည်း ရန်မူနိုင်သည်။ ယခုမူ ရန်မူခြင်းမရှိ။

ကိုကြက်တောက မြွေကြီးကိုကြည့်သလို မြွေကြီးကလည်း ကိုကြက်တောကို ကြည့်နေ၏။

"အသင့်ကို ကျွန်ုပ်ရန်မမူပါဘူး၊ ကျွန်ုပ်ကို ရန်မမူပါနဲ့"

သူတစ်ကိုယ်တည်း ပြောလိုက်၏။

အလင်းရောင်တွေဖြန့်ကျက်လာပြီ။

သူ့ဝမ်းတွင်း၌ တကြုတ်ကြုတ်နှင့် ဆာလောင်မွတ်သိပ်လာသဖြင့် ကျင်းနံရံကိုမှီကာ ထိုင်လိုက်၏။ ထိုစဉ် မြွေကြီးလှုပ်ရှားလာသည်။ သူ မျက်တောင်မခပ်ရဲ။

မြွေကြီးလှုပ်ရှားမှုကို ကြည့်နေမိသည်။ မြွေကြီး ကျင်းတွင်းမှ အပေါ်ကိုတက်သွားပြီ။ သည်တော့မှ သူ စိတ်အေးသလိုဖြစ်သွားသည်။

သို့သော် သူစိတ်တွင်း၌မူ သူ မငြိမ်းချမ်းပါ။

သူ ဒီအတိုင်း ကျင်းထဲ၌နေရမည်လား။ စားစရာမရှိ။ မနေ့က တစ်နေ့လုံး ဘာမှမစားရသဖြင့် ဆာလောင်မွတ်သိပ်နေပြီ။

"ငါ ဘာလုပ်ရမလဲ။ ဒီအတိုင်း အစာငတ်၊ ရေငတ်ခံပြီး



www.burmeseclassic.com

www.burmeseclassic.com



သေရမလား”

သည်သို့စဉ်းစားမိတော့ သူ့ရင်ထဲ ပူလောင်သွားသည်။ ခေါင်းနောက်သွားသည်။ ကျွင်းပေါ်သို့တက်နိုင်ရန် အခွင့်အလမ်းကို ရှာဖွေသည်။ မတွေ့ရ။

ထိုစဉ် ကျွင်းထဲသို့ ယုန်တစ်ကောင် ဖုတ်ခနဲကျလာသည်။ ယုန်သေဖြစ်ပြီး ယုန်ကို ကောက်ယူကာ ကျွင်းပေါ်သို့ လှမ်းကြည့်လိုက်ရာ မြွေကြီးကိုတွေ့ရ၏။

သူ ဘာလုပ်မည်မသိ။

ယုန်ကိုတစ်လှည့်၊ ကျွင်းပေါ်မှ မြွေကိုတစ်လှည့် ကြည့်မိ၏။ စမ်းထဲတွင် တစ်ကြုပ်ကြုပ်နှင့် ဘာလောင်မွတ်သိပ်သဖြင့် မြွေကိုကြည့်ရင်း ယုန်သေကို အစိမ်းစားလိုက်၏။ သည်တော့မှ ဝမ်းထဲ ငြိမ်သွားသည်။ ဝမ်းမီးတောက်တွေ ငြိမ်းသွားသည်။

“ကျေးဇူးပါပဲ မြွေကြီးရယ်”

သူ တိုးတိုးပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

## [ ၄ ]

စင်စစ် သည်အဖြစ်က တစ်ရက်မဟုတ်။ ကျင်းထဲမှာနေရသည့် (၅)ရက်စလုံး သူ့အတွက် မြွေကြီးက သားကောင်များကို ချပေး၏။

ကျင်းထဲတွင် မီးဖိုစရာ မီးခြစ်မရှိ။ ထင်းမရှိသဖြင့် သူသည် သားစိမ်း၊ ငါးစိမ်းကိုသာ စားနေရ၏။ မြွေကြီးကလည်း ကျင်းပေါ်တွင် အမြဲရှိနေ၏။

မြွေကြီးမရှိလည်း ကျင်းပေါ်သို့ တက်ဖို့မလွယ်။

“မြွေမင်းရယ်၊ သင့်ကျေးဇူးက ကြီးမားလှပါတယ်။ ဒါပေမဲ့ ကျွန်ုပ် ကျင်းထဲမှာ ဒီအတိုင်း အသက်ရှင်နေထိုင်ဖို့ မဖြစ်တာကို မြွေမင်း သိသင့်ပါတယ်။ ကျွန်ုပ်လွတ်မြောက်ရေးအတွက် ကူညီပါ”



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်တည်းပြောသလို ပြောမိသည်။

ကိုကြက်တောသည် တစ်ကိုယ်တည်းပြောရင်း ကျင်းအပေါ်သို့ မော့ကြည့်လိုက်ရာ ကျင်းပေါ်မှ မြွေမင်း ဆီးကြည့်နေသည်ကို တွေ့ရ၏။

မြွေကြီး ကြည့်ပုံရှုပုံသည် ထူးခြားလှသည်ဟု ကိုကြက်တော သိလိုက်၏။ ကိုကြက်တောလည်း မြွေမင်းကိုကြည့်ရင်း သူ့စိတ်ထဲတွင် လွတ်မြောက်မှုတစ်ခုကို ရလိမ့်မည်ဟု ခံစားမိ၏။

သို့ဖြင့် တစ်နေကုန် တစ်ညပြီးဆုံး၍ နံနက်မိုးသောက်အလင်းရောက်ခဲ့သည်။

ကိုကြက်တော မျက်လုံးကိုဖွင့်လိုက်စဉ် ထူးခြားသောအဖြစ်တစ်ခုကို မြင်တွေ့လိုက်ရသည်။ ထိုမြင်ကွင်းက အခြားမဟုတ်။ ကျင်းဝမှာ သူ့အား မြွေမင်း စိမ်းစိမ်းကြည့်နေခြင်းပင်၊ ကိုကြက်တောလည်း ထူးခြားသလို ငေးကြည့်နေမိ၏။

ထိုစဉ် မြွေမင်း၏အမြီးသည် ကျင်းထဲသို့ တဖြည်းဖြည်းကျလာပြီး သူ့ လက်လှမ်းမီသလောက်တွင် ရပ်သွား၏။ ကိုကြက်တော စဉ်းစားမရ။ "ငါ့ကို ကျင်းပေါ်တက်နိုင်ဖို့ ဖန်တီးပေးတာလား" သူ စဉ်းစားလိုက်၏။

စလုစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် မြွေမင်း၏အမြီးကို လှုပ်ကြည့်၏။ မြွေမင်းသည် မလှုပ်။

"ဟုတ်ပြီ၊ ဒီအတိုင်းဆို ငါတွေးတာ ဟုတ်ပါပြီ၊ ကျေးဇူးကြီးလှပါတယ် မြွေမင်းရယ်"

သူစဉ်းစားရင်း မြွေကြီးကို တွယ်လိုက်သည်။ မြွေကြီးက လှုပ်ရှားလာ၏။ တဖြည်းဖြည်း သူ့ ကျင်းတွင်းမှ ကျင်းဝသို့ ရောက်ခဲ့၏။ နောက်ဆုံး ကျင်းပေါ်သို့ရောက်ခဲ့၏။ မြွေကြီးက သူ့ကိုကြည့်နေ၏။

"မြွေမင်းရယ်၊ မြွေမင်းကျေးဇူးက ကြီးလှပါတယ်" သူ ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

[ ၅ ]

ကျွန်တော် ကိုကြက်တောကို ကြည့်လိုက်၏။

"ဦးကြက်တောအဖြစ်က တကယ့်ကို ထူးခြားတာပဲ။ မြွေမင်းဟာ ဦးကြက်တောရဲ့ အသက်သခင် ကျေးဇူးရှင် ဆိုလည်း မမှားဘူး"

ကိုကြက်တောက အဝေးကို ရီဝေစွာကြည့်ရင်း နွမ်းနယ်စွာ ပြုံးလိုက်၏။ "ဟုတ်သပေါ့ကွာ၊ မြွေမင်းက ကျေးဇူးရှင်ကွ၊ ကျေးဇူးရှင်မှ အသက်သခင်ကျေးဇူးရှင်ပဲ" ဟု ပြော၏။

"အစ်ကိုကြက်တော ဒီနောက်ပိုင်း မြွေမင်းရှိရာကို ရောက်သေးလား"

နာကျည်းစွာပြုံးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါမရောက်ပါဘူး၊ ဒီနောက်ပိုင်း ငါ မုဆိုးအလုပ်ကို စွန့်လိုက်တယ်။ ဒါပေမဲ့ မြွေမင်းကတော့ ငါ့ဆီအထိ ရောက်လာတယ်လေ"

"ဘာ...ဘယ်လို ကိုကြက်တော"

"ဒီအကြောင်းကို ငါမပြောချင်ဘူးကွ၊ ဒီအကြောင်းက နားကြည်းစက်ဆုပ်စရာ ကောင်းသလို၊ ငါ့ကိုယ်ငါလည်း ခွင့်မလွှတ်နိုင်အောင် ခံစားရတယ်"

"ဘာဖြစ်လို့လဲ ကိုကြက်တော"

"ငါက ကျေးဇူးတရား မသိသူ၊ ကျေးဇူးရှင်ကို ကျေးစွပ်သူ ဖြစ်နေတယ်လေ"

"ကျွန်တော်တော့ နားမလည်တော့ဘူး"

သည့်တစ်ခါ ကိုကြက်တောက–

"ဒီလိုကွ၊ ငါ အကုသိုလ်များတဲ့ မုဆိုးအလုပ်ကို စွန့်လွှတ်ဖို့ ဆုံးဖြတ်ပြီး စွန့်လွှတ်လိုက်သလို ဒုက္ခလည်း ရောက်ခဲ့တယ်။ အဲဒီအချိန်မှာ ငါတို့ရွာကို မြွေဖမ်းအဖွဲ့ ရောက်လာတယ်။ သူတို့ဟာ ထူးဆန်းတဲ့ ငန်းမြွေဖမ်းအဖွဲ့ပဲ။ သူတို့ လိုချင်တဲ့ မြွေအမျိုးအစားနဲ့ ကျက်စားရာဌာနကို ငါက အကျွမ်းတဲ့မုဆိုးဖြစ်လို့ ငါ့ကို လာစုံစမ်းတယ်။ ငါ့ကို ဘယ်တင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တဲ့ ငန်းမြွေမျိုးကို သူတို့က အထူးလိုချင်တာတဲ့ကွ။ ဒီမြွေမင်းရှိရာကို ညွှန်ပြနိုင်ရင် အိမ်တစ်လုံးစာ အသပြာ ပေးမယ်တဲ့”

ဟု ပြောရင်း စကားရပ်လိုက်၏။

“ဒီတော့ ကိုကြက်တောက ဘာလုပ်လိုက်လဲ”

“ပြောရမှာ ရှက်တောင်ရှက်ပါတယ်ကွာ၊ ငါက ထော်မလို ဖြစ်နေတော့ ကျေးဇူးတရားကို မထောက်ထားနိုင်တော့ဘူး”

“ခင်ဗျား မြွေသိုက်ကို ပြလိုက်တယ်ပေါ့”

“ဟုတ်တယ်၊ ငါပြလိုက်တယ်၊ ရတဲ့ငွေနဲ့ ငါ့ဘဝကို ငါ ထူထောင်ခဲ့တယ်”

“မြွေမင်းကိုကော မိလိုက်လား”

သူက နာကြည်းစွာပြုံးသည်။ ဖုံးကွယ်မှုကင်းသည့် မျက်လုံးတစ်ဖက်မှ မျက်ရည်တို့ ဝဲကျလာ၏။

“မိသွားတယ်လေ၊ မြွေမင်းကို ရွာထိခေါ်လာတယ်။ ငါကိုယ်တိုင် သွားကြည့်ခဲ့တယ်။ မြွေမင်းက ပချုပ်တွင်းက ငါ့ကိုကြည့်ခဲ့ပြီး အရည်တစ်မျိုးနဲ့ ငါ့မျက်နှာကို ထွေးပက်လိုက်တယ်။ ငါ့စိတ်ထဲမှာ ကျေးဇူးမသိတဲ့ကောင်လို့ ပြောနေသလိုပါပဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ရလေဗျာ"

"ဒီနောက်ပိုင်း ကျေးဇူးရှင်ကို ကျေးစွပ်တဲ့ဒဏ်ကို ခံရတယ်။ ဒီဒဏ်ဟာ ငါ့အတွက် နောင်တဖြစ်သလို၊ ငါ့ကို သေရွာအထိပို့ မယ်လို့လည်း ငါသိနေတယ်။ ငါခံစားနေရသလို ခံစားနေရဦးမယ်"

ဟု ပြောပြီး ကျွန်တော့်ကိုကြည့်လိုက်၏။

"ဦးကြက်တော ဘာ့ပြောမလို့လဲ"ဟု မေးလိုက်၏။

ကိုကြက်တောက "မင်း ငါ့မျက်နှာတစ်ဖက်ကို အဝတ်ကြီး အုပ်ထားတာနဲ့ ပတ်သက်လို့ သိချင်တယ်မဟုတ်လား"ဟု မေး၏။

"မှန်ရာပြောရရင် သိချင်တယ်၊ ကိုကြက်တော"

"မင်းကိုတော့ ငါပြမယ်၊ ဒါဟာ ကျေးဇူးတရားကို မေ့လျော့သူ၊ ကျေးစွပ်သူတစ်ဦးရဲ့ ခံစားမှုရလဒ်ပဲ"

"ခင်ဗျာ"

"ဒီမှာကြည့်လေ"

ကိုကြက်တောက ပြောရင်းမှ အဝတ်အုပ်ထားသည့် မျက်နှာတစ်ခြမ်းမှ အဝတ်ကိုဖယ်လိုက်၏။

"အလို"



www.burmeseclassic.com

www.burmeseclassic.com



အဝတ်ကိုဖယ်လိုက်လျှင် ကျွန်တော် အလွန်တရာ ထိတ်လန့်တကြီး ဖြစ်သွားရ၏။ အဘယ်ကြောင့်ဆိုသော် အဝတ်အုပ်ထားသည့် မျက်နှာတစ်ခြမ်းတွင် အသားဆို၍ လုံးဝမရှိဘဲ အရိုးခေါက်ခက် ဖြစ်နေသလို ဖယ်လိုက်သည့် အဝတ်စတွင် အသားစများ ကပ်ပါလာသည်ကို မြင်တွေ့လိုက်ရသောကြောင့် ဖြစ်၏။

"ဦးကြက်တောရယ်၊ ခင်ဗျားအဖြစ်က ထူးဆန်း ရင်နာစရာ ကောင်းလှချည်လား"

"ဖြစ်ရမယ်လေ၊ ဒါက ကျေးစွပ်သူ့အတွက် ခံစားရတဲ့ ဒဏ်ချက်ပဲ၊ ဒီမျက်နှာတစ်ခြမ်းဟာ မြွေမင်းရဲ့ခံတွင်းက ထွက်တဲ့ အဆိပ်ရည်ထိပြီး ပျက်စီးခဲ့တာပဲ။ ဒီဒဏ်ဟာ ဒီလောက်နဲ့ မပြီးဘူး။ ငါ့မျက်နှာတစ်ခုလုံး ပျက်စီးသွားမှာကို ငါသိနေတယ်။ နောက်ဆုံး ဒီဒဏ်နဲ့ ငါသေရမယ်။ ဒါကို ငါသိနေတယ်။ ကျေလည်း ကျေနပ်တယ်။ ဒါဟာ မကောင်းမှုပြုသူရဲ့ ခံစားရမှုပဲ၊ ကိုယ်ပြုသမျှဒဏ် ကိုယ်ခံရမယ်လေ"

"စိတ်မကောင်းစရာပဲဗျာ"

"ဘာတတ်နိုင်မလဲ၊ ဒါဟာ မကောင်းမှုပဲ။ မကောင်းမှုပြုရင် မကောင်းမှုဒဏ်ကို ခံရမယ်၊ လောကမှာ ကျေးဇူးဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



အဖိုးသိရမယ့် တရားပဲ။ လူဖြစ်ရင် ကျေးဇူးသိရမယ်၊ ကျေးဇူး ကို မသိရင် နေပါစေ၊ ကျေးဇူးစွပ်မိရင် ဒီဘဝတင်မကဘူး။ နောင်ဘဝပါ မကောင်းဘူး။ ဒါဟာ ငါ့အတွက် သင်ခန်းစာပဲ၊ ငါ့အတွက်က ပြီးပြီလေ၊ ငါက ပြင်လို့မရတဲ့အမှားကို မှားမိပြီ၊ ငါလိုမဖြစ်အောင် ငါတတ်စွမ်းသမျှ ကာကွယ်ရမယ်။ မင်း လည်း ငါ့ကို ကူညီပါကွာ။ ကျေးဇူးရှင်ကို မပြစ်မှားမိဖို့ အကြောင်း မင်းတတ်စွမ်းသရွေ့ ကူညီပြောပေးပါ”

“စိတ်ချပါ ကိုကြက်တောရယ်၊ ကျုပ် ကူညီပါ့မယ်”

“ကျေးဇူးတင်ပါတယ်ကွာ၊ ကျေးဇူးပါပဲ”

ကိုကြက်တောက ကျွန်တော့်ကို ထွေးဖက်လိုက်၏။ ကိုကြက်တော မျက်ဝန်းတွင် မျက်ရည်စတွေနဲ့။ ကျွန်တော့် ရင်ထဲမှ ကိုကြက်တောနှင့်ပတ်သက်သည့် ခံစားချက်ကိုလည်း ကျွန်တော်မှလွဲလို့ ဘယ်သူမှ သိမည်မဟုတ်ပါ။

ထို့အတူ တစ်လုတ်ကျွေးဖူး သူ့ကျေးဇူးကို အထူးသိလေ၊ မမေ့လေနှင့်ဟု တိုးတိုးရေရွတ်လိုက်မိပါသတည်း။ ။

ရောင်ပြန်မှုခင်း

၂၀၀၅၊ ဖေဖော်ဝါရီလ

❖



www.burmeseclassic.com

www.burmeseclassic.com

[ ၄ ]

# စိတ်တန်ခိုးနှင့် ဝိညာဉ်ခွာလူသား

( ဘ ၁ သ ၁ ပြ န် ဝ ဏ္ဏ )

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် ဓာတုဗေဒပညာရပ်ကို လေ့လာသင်ကြားပြီး ကတည်းက လောကတွင်ရှိသည့် ရုပ်ဝတ္ထုပစ္စည်းများ ဆက်နွယ် ပေါင်းစပ်နေသည့်အကြောင်းအား နားလည်သဘော ပေါက်ခဲ့သည်။

ရုပ်ဝတ္ထု၏ အပိုင်းများက ရှင်းလင်း၍ နားလည်လွယ်သည်ဟု ဆိုရမည်။ ကျွန်ုပ်သိရှိထားသည့်မှာ အပင်၊ အရာဝတ္ထုနှင့် ဓာတ်သဘာဝမှန်သမျှတို့သည် အောက်စီဂျင်၊ နိုက်ထရိုဂျင်နှင့် ဟိုက်ဒရိုဂျင် အစရှိသည့် ဓာတ်သဘာဝများကို အသုံးပြု၍ ရုပ်တည်နေနိုင်ကြခြင်းဖြစ်သည်။

ဝင်စစ် လေထဲတွင် အောက်စီဂျင်ဓာတ် ရှိနေသော်လည်း လူတို့သည် ထိုအောက်စီဂျင်ဓာတ်အား အသက်အငွေ့ဖွဲ့စည်းမှုဖြင့် တိုက်ရိုက်နှိုက်ယူ၍ မရပေ။



www.burmeseclassic.com

www.burmeseclassic.com



"ရေထဲမှာ ငါးတွေ ဖားတွေဟာ အသက်မသေဘဲ နေနိုင်ကြပေမယ့် လူတွေကျတော့ ဘာဖြစ်လို့ မိနစ်ပိုင်းအတွင်း သေရတာလဲ"

"ဒါက ရှင်းရှင်းကလေးပါ။ ရေမကူးတတ်တဲ့ လူတစ်ယောက် ရေထဲကျပြီး ခုနစ်မိနစ်အတွင်း သေရတာဟာ ငါးတွေ ဖားတွေလို အသက်ရှူအင်္ဂါ မရှိတဲ့အတွက် အသက်ရှူလမ်းကြောင်းပိတ်ပြီး ခန္ဓာကိုယ်ထဲ ရေဝင်သေရတာ"

မှန်သည်။

သို့သော် အချို့သော အတွေ့အကြုံ အလေ့အကျင့်ကောင်းသူများက ရေထဲတွင် ဆယ်မိနစ်ခန့် နနိုင်ကြသည်။

သို့စေကာမူ တစ်နေ့တွင် ကျွန်ုပ်၏မိတ်ဆွေ မောရစ်ဆင်က—

"ရေထဲမှာ နှစ်ဆယ့်လေးနာရီအထိ နေနိုင်တာရှိတယ်ဆိုရင် မောင်ရင် ယုံမလား။ ရှိတယ်ဆိုရင်ကော လက်ခံမလား"

ဟု မေးသဖြင့် အံ့ဩရသည်။

"ဟုတ်ပါ့မလား မောရစ်၊ ငါ့ရဲ့စူးစမ်းလေ့လာချက်အရ ရေနစ် သေသူတွေဟာ ရေထဲကျပြီး ဆယ်မိနစ်မကျော်ခင်



www.burmeseclassic.com

www.burmeseclassic.com



သေတာချည်းပါ”

“ဒါတော့ ငါမသိဘူး၊ ငါသိတာပြောရရင် ခုကိစ္စက ငါ့ ကိုယ်တွေ့မျက်မြင်ပဲ ဒေးဗစ်၊ မယုံဘူးဆိုရင် မင်းကိုယ်တိုင်လည်း လိုက်ကြည့်လို့ရတယ်”

“ဒါဆိုရင်တော့ ငါလိုက်ကြည့်မှာပေါ့၊ ငါ ဒီကိစ္စကို အသေအချာကြည့်ပြီးတော့ကို မေးချင်တာ မေးရမယ်။ ငါက လက်တွေ့ သုတေသနသမားဆိုတာ မင်းအသိပဲ။ ငါ့သုတေ သနပညာက ရူပဗေဒနဲ့ ဒေါက်တာဘွဲ့ရသူကိုတောင် ယှဉ်နိုင်တဲ့ပညာပါ”

“ဒါကို ငါသိပါတယ်၊ မင်းဘက်က သိပ်ကို ရှုပ်ပိုင်းဆန်နေလို့လည်း ငါက ပြချင်တာပါ”

သူက ပြုံးသည်။

* * *

ကျွန်ုပ်နှင့် မောရစ်ဆင်သည် အလွန်တရာခင်မင်သူတွေ ဖြစ်ကြသော်လည်း ဘာသာရပ်ချင်း မတူသူလို့ အတွေးအခေါ် အယူအဆချင်းလည်း မတူသဖြင့် မကြာခဏ အငြင်းအခုံဖြစ်ရ

www.burmeseclassic.com

www.burmeseclassic.com



သည်။ မောရစ်ဆင်က စိတ်ပညာအထူးပြုကို လိုက်စားသူ ဖြစ်သည်။ သူက

“လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်ထဲမှာ အာရုံခံနေတာ စိတ်ပဲ။ စိတ်က အရှေ့တိုင်းအယူအဆနဲ့ ပြောရရင် အမြင် အာရုံ တံခါးပေါက်တွေကလာတဲ့ အဆင်းရုပ်သွင်တို့ အရသာ တို့၊ နားကကြားတဲ့ အသံတို့ ခန္ဓာကိုယ်ကိုလာထိတဲ့ အထိ အတွေ့တို့ပဲ။ အထိအတွေ့နဲ့ သိခြင်းပဲ။ စိတ်ကို ‘မနော’လို့ လည်း ခေါ်တယ်။ အနောက်တိုင်းကတော့ ‘ဝိညာဉ်’လို့ ပြော ကြတယ်။

“ဟုတ်တယ်၊ စိတ်တို့ ဝိညာဉ်တို့ပြောတာကို ငါ ကောင်း ကောင်းသိတယ်။ ဒါပေမဲ့ ဒါတွေကကော သဘာဝတရားကို လွန်ဆန်နိုင်မလား”

မောရစ်ဆင်က ပြုံးသည်။

“လွန်ဆန်နိုင်သူရှိတယ်လို့ ငါယုံတယ်”

“ဘယ်လို”

“ငါ အိန္ဒိယနဲ့ အီဂျစ်ကို ရောက်ခဲ့ဖူးလို့ အိန္ဒိယ ဖကီး ကြီးတွေနဲ့ အီဂျစ်က လောကီပညာလိုက်စားပြီး အောင်မြင်သူ တွေကတော့ လွန်ဆန်နိုင်တယ်လို့ ထင်တယ်”



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောသည်။

စင်စစ် ကျွန်ုပ်နှင့် မောရစ်ဆင်သည် အလွန်တရာခင်မင်သူများ။ အကြောင်းသိများဖြစ်သဖြင့် ယုံကြည်မှုနှင့်ပတ်သက်၍ အငြင်းအခုံ သိပ်မလုပ်ကြပေ။

အထူးသဖြင့် မောရစ်ဆင်သည် စကားပြောညှင်သာပြီး ယဉ်ကျေးသိမ်မွေ့သူတစ်ဦး ဖြစ်သည်။

သူ၏မျက်လုံးများကမူ တစ်စုံတစ်ရာကို သိရှိထားဟန်ဖြင့် တောက်ပနေတတ်၏။

"ဒီကိစ္စတွေနဲ့ပတ်သက်လို့ ငါ မင်းကို ကောင်းကောင်း သက်သေပြနိုင်မယ်လို့ ယုံတယ် ဒေးဗစ်"

ကျွန်ုပ်သည် အလွန်တရာ ခင်စရာကောင်းသည့် မောရစ်ဆင်လို မိတ်ဆွေမျိုးကို ကျွန်ုပ် အခုံးရှုံးမခံနိုင်ပါ။

ကျွန်ုပ်တို့သည် အယူအဆမတူသူများ ဖြစ်ကြသော်လည်း တည်ငြိမ်အေးချမ်းစွာ အယူအဆ ကွဲလွဲသင့်သည်ဟု ယုံပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ညဥ့်၏သရုပ်သည် ဝိပြင်နေ၏။

လရောင်ရွှန်းလက်သည့် ညပင်။ ကောင်းကင်ပြင်၌ ပြည့်ဝန်းသည့် လမင်းနှင့်အတူ ကြယ်ကုဋေကုဋာတို့ လင်းလက်နေသည်ကို တွေ့ရ၏။

လရောင်သည် ကျွန်ုပ်တို့နားနေသည့် ပန်းဥယျာဉ်တွင်းသို့ ဖြာလင်း စီးကျနေသည်။

ကျွန်ုပ်သည် စကြဝဠာကြီး တည်ရှိဖွဲ့စည်းမှုနှင့် ပတ်သက်၍ သိပ္ပံနည်းကျစွာ ယုံကြည်လက်ခံခဲ့သူလည်း ဖြစ်သည်။

မောရစ်ဆင်နှင့် ကျွန်ုပ်သည် ကမ္ဘာကြီး ဆွဲငင်အားအကြောင်း၊ ရေတက်ရေကျဖြစ်ခြင်းအကြောင်းကို အေးဆေးစွာ ဆွေးနွေးရင်း ဝီစကီတစိမ့်စိမ့်သောက်နေမိကြသည်။

ပန်းခြံတဲ၌ ညမွှေးပန်းရနံ့သည် စူးရှစွာ ပျံ့လွင့်နေ၏။

မောရစ်ဆင်က–

"ဒေးဗစ်ရေ... အခုရနေတဲ့ ရနံ့ဟာ ဘာရနံ့လဲ"ဟု မေးသည်။

"ရော... ဒါကို ကလေးတောင်သိတယ်လေ။ ဒီရနံ့က ဆောင်းညတွေမှာ ခံစားရတဲ့ ဆိတ်ဖလူးရနံ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကို မင်း ဘယ်လိုသိသလဲ"

"ဒါက လူတိုင်းပြောနေကြတာလေ"

"မှန်တယ်။ ဒါက ဘယ်သူဘယ်ဝါ ပြောခဲ့တယ်ဆိုတာ မသိပေမယ့် ရှေ့က လူတစ်ယောက် ပြောခဲ့လို့သာ ဒီရန်းကို ငါတို့-မင်းတို့ သိခဲ့တာမဟုတ်လား။ အဲဒီ သိတဲ့စိတ်ကကော ဘယ်တလာသလဲ"

"နာမ်ကပေါ့ မောရစ်ဆင်ရဲ"

"အေး...အဲဒီနာမ်သာ မရှိရင် ဒီရုပ်ကြီးက အခြားသက်မဲ့ ပစ္စည်းတွေနဲ့ အတူတူဖြစ်နေမှာပေါ့။ ခံစားမှုမရှိသလို မှတ်သားမှု၊ နားလည်မှု၊ တွေးခေါ်မှု၊ သိမြင်မှုဆိုတာလည်း ဆိတ်သုဉ်း သွားမှာ အမှန်ပဲ။ ဒါကြောင့် ရုပ်ထက် နာမ်က အရေးကြီး တယ်လို့ပြောတာ ဒေးဗစ်"

ကျွန်ုပ် ပြုံးနေလိုက်သည်။ အငြင်းအခုန် မလုပ်တော့။ ဒီတစ်ခါတွင်မူ သူ၏ ရှင်းပြချက်များကိုသာ အေးဆေးတည်ငြိမ်စွာ နားထောင်နေမိပါသည်။

ထိုအခါ သူ့ကိုကြည့်ပြီး 'ငါတို့ အီဂျစ်ကိုသွားဖို့ မင်း မမေ့နဲ့နော်' ဟု ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ၊ ငါ ကတိတည်ပါတယ်၊ အရှေ့အလယ်ပိုင်းဒေသက ကမ္ဘာကျော် အီဂျစ်ပြည် ကိုင်ရိုမြို့ကို ခေါ်သွားဖို့ ဆုံးဖြတ်ပြီးပါပြီ။

* * *

အီဂျစ်ပြည် ကိုင်ရိုမြို့က ထူးခြားသည့် မြို့တစ်မြို့ပင်။

ထိုမြို့တွင် ရှေးနှစ်ပေါင်းများစွာက တည်ထားခဲ့သည့် ပိရမစ်များကြောင့် ကမ္ဘာလှည့်ခရီးသည်များ မျက်စိကျသည့် မြို့တစ်မြို့ဖြစ်ခဲ့သည်။ ကိုင်ရိုမြို့၏ လူဦးရေမှာလည်း ယခင်ကထက် တိုးပွားပြီး ကမ္ဘာလှည့် ခရီးသည်များကို ဆွဲဆောင်နိုင်သည့် ဖကီးကဲ့သို့ စိတ်တန်ခိုးပြသသူများလည်း ရှိနေပြန်၏။

'ဒါယာဖေး' ဆိုသည့် စိတ်တန်ခိုးပညာရှင်က နိုင်းမြစ်ထဲ၌ နာရီပေါင်းများစွာ ရေငုပ်ပြမည်ဆိုသည့်သတင်း လျှို့ဝှက်စွာကြားသိရသဖြင့် ကျွန်ုပ်နှင့် မောရစ်ဆင်သည် ပွဲကြည့်ပရိသတ်အဖြစ် ပါဝင်ရန် စာရင်းပေး၊ ငွေသွင်းပြီးလေပြီ။

နိုင်းမြစ်နံဘေးတွင် ခမ်းနားကြီးကျယ်သည့် ဟိုတယ်ကြီးများရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ရဲ့ စိတ်တန်ခိုးစွမ်းရည်ကို လူအများကြီးရှေ့မှာ မပြချင်ဘူး။ ကိုယ်ရည်သွေးပြကွက်လည်း အဖြစ်မခံနိုင်ဘူး"

ဟု သူကပြောသည်။ ဒါယာဖေးသည် သူ့ပညာပြကွက်အား ပြသရန် လူအစိတ်သာ သတ်မှတ်ပြီး ထိုပုဂ္ဂိုလ်တယ်များနှင့် ဝေးရာနေရာတွင် ပြသရန် စီစဉ်၏။

ဒါယာဖေးက သူ၏စိတ်တန်ခိုးပညာပြသရာတွင် တည်းခိုခန်း အသေးတစ်ခုနှင့် ညှိပရိသတ် စားသောက်ရန်အတွက် စားသောက်ဆိုင်ကလေးတစ်ခု စီစဉ်ပေး၏။ ထိုနေရာကား အစားအစာကောင်းများ ရနိုင်သော်လည်း အိပ်စက်အနားယူရန် အခန်းများကမူ ကျဉ်းမြောင်းလှသည်။

ဒါယာဖေးက သူ၏စိတ်တန်ခိုးပြကွက်အား အစီအစဉ်တကျ ပြသရန် စီစဉ်သည်။ သူ့အစီစဉ်သည် စနစ်ကျသည်ဟု ဆိုရမည်ပင်။

ရေထဲတွင် သူ့အား သံမဏိအခေါင်းနှင့်ထည့်ကာ မြှုပ်ရမည်ဖြစ်ပြီး စူးစမ်းလေ့လာလိုသူများထဲမှ လူနှစ်ဦးအား ရွေးဝတ်စုံ၊ အသက်ရှူအောက်စီဂျင်ပိုက် ကူပေးမည်ဟုဆိုဖြင့် ကျွန်ုပ်နှင့် အမေရိကန်လူမျိုး ရောဘတ် နှစ်ဦးပိုက်ပါရန်



www.burmeseclassic.com

www.burmeseclassic.com

စိတ်ဝိညာဉ်ဖြစ်ရပ်ဆန်းနှင့် သေရွာပြန်မှတ်တမ်းများ ● ၁၄၃

စိစဉ်သည်။

* * *

ညနေ(၆)နာရီ

အမှောင်ပျိုးစ။

ဒါယာဖေးကို ထည့်ထားသည့် အလုံပိတ် သံမဏိအခေါင်းအား ရေထဲသို့ကျ၍ ကျွန်ုပ်နှင့် ရောဘတ်က ရေထဲသို့လိုက်ပါပြီး ရေအောက်ကြည့်မီးသီးနှင့် ခေါင်းကြီးကို ကြည့်သည်။ ခေါင်းကြီး သဲပေါ်တင်၍ ဆယ့်ငါးမိနစ်ကြာမှ ကျွန်ုပ်တို့ ရေထဲမှ တက်ခဲ့သည်။

သာမန်လူတစ်ဦးဆိုလျှင် (၁၅)မိနစ်ခန့် ရေနစ်လေပိတ်နေလျှင် အသက်ရှင်ဖွယ်မရှိတော့။

"အခြေအနေဘယ်လိုလဲ"

တည်းခိုခန်း စားသောက်ဆိုင် ရောက်လျှင် မေးကြသည်။

"ရေထဲမှာရှိနေတယ်"

"ဟုတ်လား"

အားလုံး အံ့အားသင့်နေကြသည်။

ကျွန်ုပ်တို့လူစုသည် စားလိုက်သောက်လိုက်နှင့် ထိုင်နေရာ



www.burmeseclassic.com

www.burmeseclassic.com



တွင် နေကြပြီး ရေထဲသို့ အခေါင်းချသည့်နေရာအား ဆလိုက်မီး ထိုးပေးထား၏။

ထိုနေရာမှ တက်လာသူ ရှိ မရှိကို အလှည့်ကျ စောင့်နေကြသည်။ တစ်ခုရှိသည်က အလုံပိတ် သော့ခတ်ထားသည့် သံမဏိအခေါင်းတွင်းမှ ထွက်ဖို့ဆိုသည်က မဖြစ်နိုင်သည့်ကိစ္စပင်။

သို့နှင့် နံနက်မိုးသောက် အလင်းရောက်ခဲ့သည်။

ထိုအခါ သင်္ဘောငယ်တစ်စင်းမှ ဝန်ချီစက်ဖြင့် ရေထဲမှ သံမဏိအခေါင်းကို ရေအောက်မှ ရေပေါ်သို့ ချိတ်ဆွဲတင်သည်။ ကမ်းပေါ်မှလူများက ကမ်းပေါ်သို့ အခေါင်းရောက်လျှင် ဝိုင်းအုံကြည့်ကြ၏။

ခေါင်းကိုဖွင့်လိုက်သည့်အခါ ဒါယာဖေးသည် အခေါင်းထဲ၌ တောင့်တောင့်ကြီးဖြစ်နေပြီး မျက်စိအနက် အပေါ်တင်ကာ မျက်ဖြူလန်နေ၏။

သို့သော် မကြာပါ။

'ဟင်း'ဟူသည့် အသက်ရှူသံနှင့်တူ ခေါင်းထဲမှ နိုးထလာသည်။

'ဟေး'



www.burmeseclassic.com

www.burmeseclassic.com



'ဖြောင်း...ဖြောင်း'

လက်ခုပ်သံ ဩဘာသံများ ညံစီသွားသည်။

ကျွန်ုပ်က ဒါယာဖေးနားသို့ တိုးကပ်ပြီး

"နေပါဦး၊ ခင်ဗျား ရေထဲမှာ အသက်မသေအောင် အသက်မရှူဘဲ ဘယ်လိုနေခဲ့လဲဟု မေးလိုက်သည်။ သူက ပြုံးလျက်

"ကျုပ်က ချဲ့ကားတန်ဆာဆင် မပြတတ်ဘူး။ လေ့ကျင့်မှုနဲ့ စိတ်တန်ခိုးကြောင့်လို့ပဲ ပြောရမယ်။ ဘာဖြစ်လို့လဲဆိုရင် ကမ္ဘာ့ပေါ်မှာ ခင်ဗျားတို့ သိပ္ပံပညာကပြောတဲ့ ရုပ်ဝါဒနဲ့ ဆန့်ကျင်တဲ့ ထူးဆန်းမှုတွေရှိတယ်။ တိုတိုပြောရရင် ကျွန်တော့်ကိုယ် ကျွန်တော် သတိမဲ့အောင် လုပ်ခဲ့တာပဲ။ ကမ္ဘာမြေပေါ်မှာ လင်းနို့တွေနဲ့ အချို့ဆောင်းခို သတ္တဝါတွေဟာ ဒီလို သတိလစ်အောင် အကျင့်ရှိပြီး တစ်ဆောင်းလုံး အသက်မရှူဘဲ နေနိုင်ကြလို့ပဲ"

ဟု ရှင်းပြသည်။

မောရစ်ဆင်က-

"ခင်ဗျားရဲ့ စိတ်ဝိညာဉ်က အသက်မရှူဘဲနေတဲ့အချိန်မှာ ဘယ်ကိုရောက်နေသလဲဆိုတာ ပြောပြနိုင်မလား" ဟု မေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"ဒါကိုတော့ ပြောရခက်သားပဲ။ ပြောနိုင်တာက ခန္ဓာကိုယ်ထဲက ထွက်သွားပြီး တစ်နေရာရောက်နေမယ်။ ဒါကတော့ အမှန်ပဲ။ ဒါကို အတိအကျတော့ ပြောလို့မရဘူး။ တမလွန်ကိုရောက်ချင်လည်း ရောက်နေမယ်။ ရေအောက်နေလို့ အသက်မရှုတဲ့ သတ္တဝါတွေလည်း အဲဒီလိုပါပဲ။ မိကျောင်းတွေဟာ အသက်မရှုဘဲ ဝိညာဉ်ခွာနေတယ်လို့ ယုံကြည်ရတယ်"

ဒါယာဖေးရှင်းပြသည့် ရှင်းချက်များက နားထောင်ကောင်းသော်လည်း နားလည်ရခက်သည်ဟု ကျွန်ုပ်ထင်မိသည်။ ယုံရလည်းခက်သည်ပင်။

သို့သော် ကျွန်ုပ်ကိုယ်တိုင်ပင် (၁၀) မိနစ်မျှ အသက်မရှုဘဲနေလျှင် သေသွားနိုင်ပါလျက် သူက (၁၂)နာရီတိတိ နေပြခဲ့သည်မှာ ထူးဆန်းသည်ဟု ဆိုရမည်ပင်။

ထို့ကြောင့် ကျွန်ုပ်က–

"သဘာဝလွန်ဖြစ်ရပ်တွေက သိပ်ဆန်းကြယ်နေတယ် မောရစ်။ ပြောရရင် ရုပ်ဆိုတာကလည်း သိပ်ယုံကြည်လို့မရတော့ဘူး။ ဒါကြောင့် နာမ်ဝိညာဉ်ကို ကိုယ်ပိုင်းလို့ရအောင်



www.burmeseclassic.com

www.burmeseclassic.com



လေ့ကျင့်ထားရမယ်။ ပြောရရင် ဒါဟာ ပြောမယုံနိုင်တဲ့ လျှို့ဝှက်ချက်တစ်ခုပဲ။ သတိလစ်နေတဲ့အချိန်မှာ ရုပ်ကြီး ဘာဖြစ်နေနေ ကျွန်ုပ်မသိနိုင်ဘူး။ ပြီးတော့ နာ့ကျင်အောင်လုပ်ရင်လည်း မနာနိုင်တော့ဘူး"ဟု ပြောလိုက်လေသည်။

စင်စစ် ဒါယာဖေး၏ စိတ်ဝိညာဉ်နှင့် စိတ်စွမ်းအင် လေ့ကျင့်မှု လက်တွေ့ပြသမှုကြောင့် ကျွန်ုပ်ကိုယ်တိုင် လောကကြီး၌ ရုပ်ထက် နာမ်ဝိညာဉ်က ပိုမို၍ သဘာဝလွန်ဖြစ်ရပ်များ ဖြစ်ပေါ်လာစေရန် ပြုမူနိုင်ကြောင်း မောရစ်ဆင်အား မလွဲမသွေ ဝန်ခံလိုက်ရပေပြီ။ ။

A Search in Secret Egypt
ကို ခံစားတင်ပြပါသည်။

သည်းထိတ်ရင်ဖိုမဂ္ဂဇင်း
၂၀၀၇ ခုနှစ်၊ မတ်လ။

❖



www.burmeseclassic.com

www.burmeseclassic.com

# [ ၉ ]

# ကျွန်တော် နှင့် သူမ
# လပြည့်ညပုံပြင်

www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

လောကဒွ် ကိုယ်တွေ့ကြုံမှ ယုံရသည့် အဖြစ်အပျက်များ ရှိခဲ့သည်ကို ကျွန်တော်ကိုယ်တိုင် ကြုံတွေ့ခဲ့သည့် အဖြစ် အပျက်က သက်သေခံခဲ့သည်ဟု ဆိုရချိမ့်မည်လား။

တစ်ခုရှိသည်က ကျွန်တော်နှင့် အကြင်နာဝေတို့အဖြစ်က ပြောမယုံ ကြုံမှသိဟု ဆိုရမည့်အဖြစ်ပင်။

အဘယ်ကြောင့်ဆိုသော် ကျွန်တော်နှင့် အကြင်နာဝေတို့ အဖြစ်က စိတ်ကူးယဉ်မဟုတ်၊ အိပ်မက်မဟုတ်ဘဲ ကိုယ်တွေ့ ကြုံသည့်အဖြစ်ပင် ဖြစ်သော်လည်း သက်သေပြရန် ခက်ခဲနေ သည့်အဖြစ်တစ်ခု ဖြစ်နေသောကြောင့်ပင်တည်း။



www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

ဦးစွာပထမ ယခုလပိုင်းအတွင်း ကျွန်တော် ထူးဆန်းသည့် အိပ်မက်များ မြင်မက်နေသည်ကို ရိုးသားစွာဝန်ခံလိုသည်။

တစ်ခုရှိသည်က များစွာ ကျွန်တော် မကြာခဏ အိပ်မက်မြင်မက်နေသော်လည်း အိပ်မက်အကြောင်းအရာသည် ကွဲပြားသွားသည်မရှိ။ ခဏခဏ အိပ်မက် မြင်မက်နေသော်လည်း အိပ်မက်အကြောင်းအရာများသည် တစ်ခုတည်းသာဖြစ်၏။

ကျွန်တော်မြင်မက်သည့် အိပ်မက်သည် အခြားမဟုတ်။

နေဝင်ဖြိုးဖျကာလ။

ဖုန်းဆိုးမြေ လွင်တီးခေါင်တွင် ကျွန်တော် အသက်ဝိဉာဉ်ကင်းမဲ့သို့လို လျှောက်လှမ်းနေခိုက် မျှော်လင့်သော သူကို တွေ့လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



သူမ...

မျဉ်းကွေးမျဉ်းကောက်တွေနှင့် လှသော သူမ။

အဖြူရောင်ဝတ်စုံရှင် သူမ။

အနောက်ဘက် မိုးကုပ်စက်ဝိုင်းသို့ မျက်နှာမူလျက်။ သူမမျက်နှာကို မမြင်ရ။ ကျွန်တော်မြင်တွေ့နေရသည်က သူမ ကျောပြင်။ သူမ၏ နက်မှောင်ကျော့ရှင်းသည့် ဆံယဉ်နု တို့သည် လေနှင့်အတူ လူးလွန့်နေ၏။

သူမက မလှုပ်မယှက်။

သို့သော် ဘာကြောင့်မသိ။ ကျွန်တော့်ရင်တွင်းရှိ နှလုံး သားကမူ ခုန်ပေါက်လှုပ်မောနေ၏။ ကမ္ဘာဦးသူတို့ နေလကို မြင်လိုသလို သူမမျက်နှာကို မြင်လို တွေ့လိုစိတ် ပြင်းထန်နေ သည်။

ထို့ကြောင့် ကျွန်တော် သူမနားသို့ ပြေးသွားသည်။

ကျွန်တော်၏ လှုပ်ရှားမှုများက မြန်ဆန်နေသလို ကျွန် တော် သူမအနားသို့ရောက်လျှင် သူမ ဆတ်ခနဲလှည့်ကြည့် လိုက်သည်။

"အို...လှလိုက်တာ"

ကျွန်တော် လွှတ်ခနဲပြောလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



မှန်သည်။ သူမက လှလွန်းသူကလေးပင်။
ဖြောင့်စင်းသည့်နှာတံ။
မြားနတ်မောင်လေးကိုင်းလို ညွတ်ကိုင်းနီရဲသည့်နှုတ်ခမ်း။
နှုတ်ခမ်းဖျားတွင် စံပယ်ဝိုင်မှဲ့နက်ကလေးတစ်လုံး။
ပြီးတော့–
ကျော့ရှင်းသည့်လည်တိုင်
မို့မောက်သောရင်
သေးကျဉ်သည့်ခါး
စွင့်ကားသည့်တင်
အလှတွင် အယဉ်ဆင့်နေသည့် သူမ။

"မိန်းကလေးရယ်၊ မင်း လူမှဟုတ်ရဲ့လား။ နတ်ဒေဝတာက လူယောင်ဖန်ဆင်းထားသလား"

ကျွန်တော် လွှတ်ခနဲပြောလိုက်သည့်အခါ သူမက ဝေ့ခနဲကြည့်သည်။ သူမ၏မျက်နက်ဝန်းကလေး ထောင့်ကပ်ကြည့်သည်။ အကြည့်ကြောင့် ကျွန်တော် လျှော်လှုပ်သွားသည်။

သူမက ပျားလိုချိုသောအပြုံးကို ပြုံးလျက်–

"မောင်မောင် ကြည့်လှချည်လား၊ မောင်မောင် ကြင်နာကို မမှတ်မိတော့ဘူးလား" သူ့စကားသံက ပြေပြေတိုက်



www.burmeseclassic.com

www.burmeseclassic.com



ခတ်လာသလို။

"ဘယ်လို...မင်း အကြင်နာ ဟုတ်လား၊ မင်း မောင်မောင့်ကို သိတယ်"

"မောင်မောင်ရယ်၊ မောင်မောင်နဲ့ အကြင်နာ ဘဝပေါင်းများစွာ ချစ်ခဲ့သူပါ။ အခု အကြင်နာ မောင်မောင့်ကိုတွေ့ချင်လို့ စောင့်နေတာလေ"

"အကြင်နာရယ်၊ ကိုယ် ဘာပြောရမှန်း မသိတော့ဘူး"

ကျွန်တော် တိုးတိုးရေရွတ်လိုက်ရင်း သူမလက်ကို ဆတ်ခနဲ ဆွဲလိုက်သည်။ သို့သော် ကျွန်တော် သူမလက်ကို မကိုင်မိ။

ကျွန်တော့်လက်နှင့် သူမလက် ထိတွေ့လုဆဲ၌ လေဝှေ့လိုက်သံ ကြားလိုက်ရသကဲ့သို့ ကျွန်တော့်ခန္ဓာကိုယ်သည် လည်သွားသည်။

ထိုအခါ–

"မောင်မောင်"

ဟု ခေါ်သံကြားလိုက်ရသည့်အတွက် ဆတ်ခနဲကြည့်လိုက်ရာ အကြင်နာ လေပွေနှင့် ပြောက်ပါသွားသည်ကို တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အကြွင်နာ"

ကျွန်တော် ခေါ်ရင်း ပြေးလိုက်ခဲ့သည်။ သို့သော် သူမကို မကာယ်တင်နိုင်ခဲ့။ သူမသည် လေပွေလှိုင်း သယ်ဆောင်ရာ နောက်သို့ ပါသွားပြီ။

သည်လိုနှင့်

ဝေး၍ ဝေး၍ ဝေး၍

"အကြွင်နာ"

ကျွန်တော် တမ်းတမ်းတတခေါ်ရင်း အိပ်မက်မှ လန့်နိုး ခဲ့သည်ချည်း။ သည်အိပ်မက်ကို မက်ခဲ့သည်မှာလည်း အခါခါ ပင်။

ကြာတော့ ကျွန်တော် အိပ်မက်အပြုံးရှင်ကို တပ်မက်မိ လာသည်။ စွဲလမ်းလာခဲ့သည်။

သည်အခါ–



www.burmeseclassic.com

www.burmeseclassic.com

[ ၃ ]

"မင်းအိပ်မက်က ထူးတော့ထူးနေပြီ၊ မင်းမောင်မောင်"

ကျော်ဆွေသန့်က ပြောသည်။ ကျွန်တော် သူ့စကားကို လက်ခံသည်။

အသာအယာ ခေါင်းညိတ်လိုက်ပြီး "ဟုတ်တယ်၊ ငါ့အိပ်မက်ဟာ ထူးတယ်။ ဒီအိပ်မက်ကို စဉ်းစားလိုက်တိုင်း စိတ်ကူးဆက်မှုတစ်ခု ရှိနေပြီလို့ ငါသိနေတယ်။ သူ့ကို ငါ တွေ့ချင်နေတယ်"ဟု ပြောလိုက်မိသည်။

"သူ့ကိုတွေ့ဖို့က သူဘယ်မှာနေတယ်ဆိုတာ မင်း သိလို့လား"

ခေါင်းခါလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ တစ်နေ့နေ့မှာ ငါ သူ့ကိုတွေ့နိုင်လိမ့်မယ်လို့ ယုံကြည်နေတယ်။ ပြီးတော့ သူနဲ့ ငါ့ကြားမှာ အကြောင်းဆက်တစ်ခု ရှိလာလိမ့်မယ်လို့လည်း သိနေသလိုပဲ"

"စိတ်ထိန်းဦး မင်းမောင်မောင်၊ မင်း ရူးသွားဦးမယ်"

ကျွန်တော် နှုတ်ဆိတ်နေလိုက်သည်။ ပြန်လည်ချေပပြောဆိုလိုစိတ်လည်း မရှိပေ။ လေပူကို ဖူးခနဲမှုတ်ထုတ်ရင်း စီးကရက်ဘူးကို ဖွင့်လိုက်သည်။ အစီခံအဝါတွင် ရွှေရစ်တစ်ရစ်ပါသည့် ပုပ္ပားစီးကရက်ကို မီးညှိလိုက်သည်။

စီးကရက်ကို တစ်ချက်ဖွာလိုက်ပြီး မီးခိုးငွေ့တန်းကို ကြည့်ရင်း တစ်နေရာ့ဆီသို့ အာရုံရောက်သွားသည်။

သစ်တစ်ပင်တောင်ပေါ်က ဘာသိဒ္ဓိထံသို့။

ဘာသိဒ္ဓိက သူတော်စင်တစ်ဦးပင်။

သို့သော် ဘာသိဒ္ဓိက သာမန်သူတော်စင်မဟုတ်။ ယောဂီရောင်လုံချည်၊ ယောဂီရောင်အင်္ကျီ၊ ယောဂီရောင်ခေါင်းပေါင်းနှင့်။

သစ်တစ်ပင်တောင်တောထဲ၌ ဆေးမြစ်ရှာ တရားအားထုတ်ပြီး ဝေဒနာသည်တို့၏ အသက်ကို ကယ်တင်နေသည့် ဘာသိဒ္ဓိ။



www.burmeseclassic.com

www.burmeseclassic.com



ဘာသိဒ္ဓိနှင့် ကျွန်တော် ဆုံတွေ့မှုကလည်း ဆန်းကြယ်သည်ဟု ဆိုရမည်လား။

သမားရိုးကျစကားနှင့် ပြောရလျှင် မမျှော်လင့်ဘဲ တွေ့ဆုံရသူဟု ဆိုရမည်။

တစ်ခုရှိသည်က ကျွန်တော်နှင့် ဘာသိဒ္ဓိသည် လမ်းကြောင်းမတူ။

ဘာသိဒ္ဓိက သတ္တဝါတွေ အသက်ကယ်သူ၊
မေတ္တာသမား။ ကျွန်တော်က သတ္တဝါတွေအသက်
သတ်ဖို့ ကြံဆနေသူ။ သို့သော် ကျွန်တော်တို့နှစ်ဦး
က ကံဇာတ်ဆရာအလိုကျ ဆုံခဲ့ရသည်။

တစ်နေ့...

သည်နေ့ကို ကျွန်တော် မမေ့နိုင်။

သည်နေ့ကဲ့၍ လမိုင်းမကပ်သည့်နေ့။

နေ ထန်းတစ်ဖျားသို့ ရောက်သည့်အချိန်အထိ သားကောင် မပြောနှင့်။ ခြေရာကိုပင် မမြင်ရသေး။ သားကောင်တွေ့နိုးနိုးနှင့် တောင်ကိုကျော်၊ တောကိုဖြတ်ခဲ့ရသဖြင့် ကျွန်တော်၏ ခြေလက်များ ညောင်းညာနေပြီ။ ခြေကုန်လက်ပန်းကျနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ ကံမကောင်းပါလား"

တိုးတိုးညည်းရင်း ကညင်ပင်အောက်တွင် နားလိုက်သည်။ ထိုစဉ် ဝှန်းခနဲအသံကြောင့် ကျွန်တော် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

သားကောင်တွေကြားတွင် ယည်ပါးနေခဲ့သူ ဖြစ်သဖြင့် နားပါးမျက်စိလျင်ပြီးသား။

သေနတ်ကို ဆတ်ခနဲကိုင်ကာ အသံလာရာဆီသို့ ကြည့်လိုက်သည်။ တောဝက်တစ်ကောင်ကို မြင်လိုက်ရသဖြင့် ညှိုးနွမ်းနေသော ကျွန်တော့်စိတ်တို့ လန်းဆန်းသွားသည်။

တောဝက်က ဝက်ပျိုမထင့်။ ခါးစောင်းမျှရှိသည်။

ကျွန်တော်နှင့် မျက်နှာချင်းဆိုင်။

ကျွန်တော် အချိန်ဆွဲမနေတော့။ တောဝက်က ကျွန်တော့်ကို မြင်သည် မမြင်သည်မသိ။ ကျွန်တော့်ကိုမြင်လျှင် ပက်လိမ့်မည်မှာ မုချ။

"ဒိုင်း"

"ရှူး"

သေနတ်သံနှင့်အတူ ဝက်ပျိုမသည် မီးခိုးတန်းလိုက်သော ကျွန်တော့်ကို ပက်လေပြီ။ ကျွန်တော်သည် အတွေ့အကြုံရှိသူဖြစ်သဖြင့် ညာဘက်သို့ လိမ့်ရှောင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သည်အခါ ကျွန်တော့်ကိုယ် ကျွန်တော် ဒီကနေ့ ကံမကောင်းဟု ထင်ခဲ့မိခြင်းသည့် မှားသည်ဟု သိလိုက်သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော် လျှင်မြန်စွာ လိမ့်ရှောင်လိုက်သဖြင့် ဝက်ပက်မခံလိုက်ရခြင်းသည် ကံကောင်းခြင်းဟု နားလည်လိုက်ရသောကြောင့်ပင်။

သို့သော် ကျွန်တော်သည် အသက်ဘေးမှ သီသီကလေး လွတ်သွားခဲ့သော်လည်း ကျွန်တော် လိမ့်ရှောင်လိုက်သည့် နေရာသည် မြေပြန့်မဟုတ်ဘဲ ဆင်ခြေလျှော စောင်းဖြစ်နေသဖြင့် ထိန်းမနိုင် သိမ်းမရ ဒလိမ့်ခေါက်ကွေး ကျသွားပြီး ထလိုက်သောအခါ ခြေတစ်ဖက်နာနေသည်ကို သိလိုက်၏။

ထလိုက်သည့်အခါ ရပ်မရ။

"ဒုက္ခပဲ၊ ခြေသပွတ်တိုင် လည်သွားသလား၊ လေဝင်သွားသလား မသိဘူး"

ဝေခွဲမရ။

တစ်ခုရှိသည်က ကျွန်တော့်ခြေထောက်သည် ထောက်မရ။ လမ်းလျှောက်ကြည့်သည် မရ။ ထို့ကြောင့် ဤပုံအတိုင်းဆို မိုးကြီးချုပ်လိမ့်မည်ဟူသော အသိဖြင့် နာရီကိုကြည့်လိုက်သည်။ ညနေ ၃ နာရီ ၄၅ မိနစ်။ !



www.burmeseclassic.com

www.burmeseclassic.com



သည်ပုံအတိုင်းဆို မိုးချုပ်အမီ တောစပ်သို့ရောက်ဖို့မလွယ်။ ဘာလုပ်ရမည်မသိ။

ဤတောက အန္တရာယ်ကြီးသည့်တောဟု သိထားသဖြင့် စိုးရွံ့စိတ်ပိုလာသည်။ စိုးရွံ့စိတ်ကြောင့် ချွေးစေးများ စေးထန်းလာ၏။

"ဒုက္ခပဲ...ငါ ဘာလုပ်ရမလဲ"

ကျွန်တော် အတွေးကြပ်နေစဉ် သစ်ရွက်ခြောက်နင်းသံကြားလိုက်ရသဖြင့် ဖျတ်ခနဲ သေနတ်နှင့် ထိုးချိန်လိုက်သည်။ ကြည့်လိုက်တော့ အန္တရာယ်မဟုတ်။ ယောဂီရောင်စဉ်ဖြင့် သူတော်စင်–

"သူ့အသက်သတ်ချင်ရင် ကိုယ့်အသက်အတွက်လည်း စိုးရွံ့ရတာ ဓမ္မတာပဲ၊ သူငယ် အခက်အခဲနဲ့ ကြုံနေသလား"

ငြိမ်းချမ်းအေးဆေးသည့် စကားသံကြောင့် ရင်ထဲ အေးချမ်းသွား၏။

"မှန်ပါတယ် အဘ၊ ကျွန်တော့်ခြေထောက် ထောက်မရလို့ စိတ်သောကရောက်နေတာပါ"

"သူငယ် အခက်အခဲရှိရင် အဘကူညီပါ့မယ်"

"ကျေးဇူးပါပဲအဘရယ်"



www.burmeseclassic.com

www.burmeseclassic.com

[ ၄ ]

ဤသို့ဖြင့် ဘသိဒ္ဓိနှင့် ရင်းနှီးရသည်။

ထိုညက ဘသိဒ္ဓိနှင့် ကျောက်ဂူ၌ တည်းခိုရပြီး ဘသိဒ္ဓိ ဆေးစည်းပေးသဖြင့် နောက်တစ်နေ့တွင် ခြေထောက်သက်သာပြီး အိမ်ပြန်နိုင်ခဲ့သည်။

"ဘ ယာတောထဲမှ ဆေးမြစ်တူး သစ္စာဝါတွေ ဆေးကုပြီး တရားအားထုတ်နေတယ်လေ၊ အဘနာမည်က ဘိုးသိဒ္ဓိတဲ့"

"ကျွန်တော့်အတွက်တော့ ဘနဲ့တွေ့ရတာဟာ သိကြားနဲ့ တွေ့ရသလိုပဲ"

ဘသိဒ္ဓိက ပြုံးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ပဌာန်းဆက်ပေါ့ သူငယ်ရယ်၊ ကောင်းမှုတစ်ခုအတွက် ကောင်းကျိုးရတယ်လို့ မှတ်လိုက်ပါ။ အရေးကြီးတာက ကုသိုလ်၊ အကုသိုလ် ခွဲခြားသိဖို့ပဲ ကလေး၊ ကောင်းမှုအတွက် ကောင်းကျိုးပြုပါ၊ ဝဋ်မှာအမြဲ ငရဲမှာအပဆိုတာ မမေ့နဲ့ လူလေး"

"ကျွန်တော် ဆင်ခြင်ပါ့မယ် အဘ"

သို့ဖြင့် ကျွန်တော်နှင့် ဘသိဒ္ဓိ ရင်းနှီးခဲ့သည်။ ဘသိဒ္ဓိ၏ ဆုံးမစကားကြောင့် သေနတ်ကိုစွန့်ပြီး တောလိုက်သည့် အလုပ်ကို စွန့်လွှတ်ခဲ့သည်။

မိဘလက်ငုတ်လက်ရင်း ခြံမြေလုပ်ငန်းတွင် မြှုပ်နှံခဲ့သည်။

သို့သော် ဘသိဒ္ဓိနှင့် ကျွန်တော်က အဆက်အသွယ် မပြတ်ခဲ့။

လူလေး၊ အခု လူလေး အသက်သတ်ချင်တဲ့စိတ်တွေ နည်းသွားတာ ဘဘ သိပ်ဝမ်းသာတယ်"

ဘသိဒ္ဓိက အမြဲပြောသည်။

"မိတ်ကောင်းဆွေမွန်ဆိုတာ လမ်းကောင်းညွှန်တယ်လို့ ဆိုတာ သိပ်မှန်တယ် ဘဘ၊ ဘဘကို ကျေးဇူးတင်တယ်၊ ဘဘဟာ ကျွန်တော့်အတွက် အလင်းရောင်ပါ"

မှန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း ကျွန်တော် ဘာသိဒ္ဓိကို အားကိုးသည်။ အကြောင်းတစ်ခုရှိလျှင် ဘနှင့် အရင်တွေ့သည်။ ဘနှင့် ဆွေးနွေးအကြံယူသည်။

ယခု အိပ်မက်ကိစ္စတွင် စိတ်ထဲ စနိုးစနောင့်ဖြစ်လာသဖြင့် ဘနှင့်တွေ့ရပြန်သည်။

"အင်း...လူကလေး အိပ်မက်က ဆန်းနေတယ်။ ဒါဟာ စိတ်ဆက်နွယ်မှုတစ်ခုရဲ့ပုံရိပ်လို့ ဆိုနိုင်တယ်။ ဘဝအကြောင်း ဆက်တွေလည်း ဖြစ်နိုင်တယ်လေ"

"တချို့က အိပ်မက်ဆိုတာ ပုပ္ပနိမိတ်တစ်ခုလို့ ဆိုတယ်။ ကျွန်တော် အခုလို အိပ်မက်မှာ ခဏခဏ သူနဲ့ဆုံနေတာ သူနဲ့ဆုံရမယ်လို့ဆိုရမလား။ ကျွန်တော့်စိတ်ထဲမှာလည်း သူနဲ့ ဆုံရလိမ့်မယ်လို့ ထင်နေတယ်"

ဘာသိဒ္ဓိက ခေါင်းဆတ်လိုက်သည်။

"ဘယ့်နှယ် ဘ အိပ်မက်ရှင်နဲ့ ကျွန်တော် ဆုံခွင့်ရှိလား"

"ဘကိုတော့ မဆုံစေချင်ဘူးကွယ်။ ဆုံတွေ့ရရင် လူကလေးအတွက် သောကဖြစ်မယ်"

"သောက ဟုတ်လား ဘ"

ဘာသိဒ္ဓိ ခေါင်းညိတ်သည်။

နောက် ဘာစကားမျှမပြောတော့။



www.burmeseclassic.com

www.burmeseclassic.com

[ ၅ ]

ယခု တစ်ရက် နှစ်ရက်အတွင်း ကျွန်တော် အိပ်မက် ကင်းပြတ်သွားသည်ကို သတိရသည်။ သို့သော် အိပ်မက်ရှင် ကို ကျွန်တော် တမ်းတနေမိသည်။

ပြီးတော့ အိပ်မက်ရှင်ကို တွေ့ချင်စိတ်လည်း ပြင်းထန်နေ သည်။

"ဖြစ်နိုင်ရင် အိပ်မက်ရှင်ကို အမြေးတွေ့လိုက်ချင်တယ် အဘာရယ်"

ကျွန်တော်က ဘသိဒ္ဓိကို ပြောခဲ့ဖူးသည်ကို မမေ့။ ထို သောအခါ ဘသိဒ္ဓိက သက်ပြင်းချ၏။

"ဒီဆုံတွေခြင်းဟာ 'သောကကိုပဲဖြစ်မှာပေါ့' ပူကသေး ရယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဘသိဒ္ဒိက ပြောသည်။

"အိပ်မက်ရှင်နဲ့ ဆုံတွေ့ခြင်းဟာ သောကဖြစ်ရင် အဲဒီ သောကကို ကျွန်တော် မြတ်နိုးစွာခံယူချင်တယ် ဘဘ"

အဘက ဘာမျှမပြော။ သက်ပြင်းချသည်။ ပြီးတော့ "တပ်မက်ခြင်းဟာ တဏှာတဲ့ ကလေး။ တဏှာဟာ ပူလောင် တယ်။ ဘာကြောင့် မင်း အပူရှာချင်တာလဲ ကလေးရယ်"ဟု ပြောသည်။

"ဒါဟာ ဘဝအကြောင်းဆက်ဖြစ်မယ် အဘ"

"ဟုတ်ပါတယ်လေ၊ လူတွေဟာ ဘဝအကြောင်းဆက် ကြောင့် လွမ်းရက်ရှည်ခဲ့ရတာ အများကြီးပါ"

ဘသိဒ္ဒိ၏စကားသည် သံဝေဂဆန်နေသည်လား။ ဓရား သမားမို့ အနတ္တနှင့် ယှဉ်တွဲပြောနေသည်ဟု နားလည်မိသည်။

* * *

ထိုရက်များက စိတ်တေလေ လေမှာလွင့်ရသောရက်များ ပင်။

စိတ်မတည်ငြိမ်မှု များစွာဖြင့် ကျွန်တော် မသိစိတ်တို့ မျောလွင့်နေသည်။ တစ်နေ့ရာတည်း အတည့်အငြိမ် နေချင်



www.burmeseclassic.com

www.burmeseclassic.com

စိတ်ဝိညာဉ်ဖြစ်ရပ်ဆန်းနှင့် သေရွာပြန်မှတ်တမ်းများ ❀ ၁၆၇

စိတ် မရှိခဲ့။

အိမ်ကိုလည်း ပြန်ချင်စိတ်မရှိသဖြင့် ထိုရက်များ၌ ကျွန်တော်သည် ယာတဲများ၌ အနေများခဲ့၏။

သို့သော် တစ်ညတွင် ကျွန်တော် မြို့သာသို့ပြန်ရန် အကြောင်းဖန်ခဲ့၏။ ထိုအကြောင်းက အခြားမဟုတ်။ ကျွန်တော့်အမွေထိန်း ဦးကျော်လှိုင် ရုတ်တရက် နာမကျန်းဖြစ်ခဲ့ခြင်းပင်။

မြို့သာမှ ဖုန်းလာတော့ ည ၇ နာရီ။

"ည ပြန်လို့ဖြစ်ပါ့မလား မင်းမောင်မောင်၊ မင်း တစ်ညလုံးနီးပါး ကားမောင်းရမှာ"

"ကိစ္စမရှိဘူး။ ကျွန်တော် ပြန်မှဖြစ်မယ်"

ထို့နောက် ကျွန်တော် ချက်ချင်းပြန်ခဲ့သည်။

ထိုညက ကျွန်တော်မှတ်မိနေသည့် လပြည့်ည။

ကောင်းကင်တွင် ပြည့်ဝန်းသည့်လမင်းက ထိန်ထိန်သာနေသည်။ ကြယ်ကုဋေကုဋာကလည်း လင်းလက်သလိုပင်။ ကျွန်တော်သည် စိတ်စောစွာဖြင့် ကားကိုမောင်းခဲ့သည်။

ကားအရှိန်က မြန်နေသလို ကျွန်တော့်စိတ်တွေ လွင့်ပျံ့ရှားနေ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် နှင်းပောမာန်ရွာကလေးသို့အလွန်–

သင်္ချိုင်းတစ်ခုကို ဖျတ်ခနဲမြင်လိုက်သည်။ လူရိပ်ဟု သိလိုက်၏။

ရှည်လျားသွယ်ပျောင်းသည့် ဆံပင်နွယ်များကို စုစည်းထား ခြင်း မရှိ။ လေတွင် တလူလူလွင့်နေသဖြင့် မိန်းမတစ်ဦးမှန်း သိလိုက်သည်။

စက်ရှိန်ကို လျှော့လိုက်သည်။

"ဒီအချိန်ကြီး မိန်းကလေးတစ်ယောက်တည်း ဘာလုပ် နေလဲ၊ အခက်အခဲများ ရှိနေလို့လား"

ကျွန်တော် တွေးလိုက်မိသည်။

ထိုစဉ် ကားတားလိုက်သည်ကို သိလိုက်သဖြင့် ကျွန် တော် ဘရိတ်နင်းလိုက်သည်။

"ကျွီ..."

ကားဘီးနှင့် ကားလမ်းက ပွတ်တိုက်သံပေါ်လာပြီး ကား ကျွီခနဲ ရပ်သွားသည်။ ကားရပ်သွားပြီ။

ကျွန်တော့်ကား စတီယာရင်ကို လက်တစ်ဖက်မှ ထိန်း ကိုင်ရင်း ကားတားသူ အမျိုးသမီးကို ကြည့်လိုက်၏။ သူသ လည်း ကြည့်လိုက်သဖြင့် အကြည့်ချင်းဆုံသွားသည်။ သူ့



www.burmeseclassic.com

www.burmeseclassic.com

စိတ်ဝိညာဉ်ဖြစ်ရပ်ဆန်းနှင့် သေရွာပြန်မှတ်တမ်းများ ❀ ၁၆၉

မျက်နှာကို မြင်လိုက်လျှင် ကျွန်တော့်ရင် လှိုက်မောသွားပေ၏၊ သူ...သူမ...။

"မင်း...မင်း"

သူမက ပြုံးလိုက်သည်။

"ညအချိန်မတော်ကြီး လမ်းမပေါ်မှာ အကြွင်နာကို တွေ့လိုက်ရလို့ အံ့ဩနေတာလား"

"အကြွင်နာတဲ့လား"

"ဟုတ်တယ်၊ ကျွန်မနာမည် အကြွင်နာဝေတဲ့"

"အကြွင်နာဝေ"

"ကျွန်မကို သိနေတယ်လား"

ကျွန်တော် ပြုံးလိုက်မိသည်။

"ဟုတ်တယ်၊ သိနေတယ်၊ အကြွင်နာက ကျွန်တော့် အိပ်မက်အပြုံးရှင်လေ၊ ခု ကျွန်တော့်ကို စောင့်နေတာမဟုတ်လား"

ဟု မေးလိုက်မိသည်။

"ဟင်...ရှင်သိနေတယ်" ချစ်စဖွယ်အပြုံးနှင့် အသံပြု၏။

"ဟုတ်တယ်၊ ကျွန်တော်သိနေတယ်၊ တစ်နေ့ အကြွင်နာဝေကို တွေ့ရမယ်လို့ ကျွန်တော် သိနေတယ်။ ဒါ့ထက်



www.burmeseclassic.com

www.burmeseclassic.com



အခု အကြြင်နာဝေ ဘယ်သွားမလို့လဲဟင်”

“နှင်းပုလဲကို ပြန်မယ်လေ၊ ဒီကနေ့ သူ ဒီလမ်းကပြန်လာမယ်ဆိုတာသိလို့ အကြြင်နာ စောင့်နေတာ၊ သူ အကြြင်နာ့ကို လိုက်ပို့ပေးမယ်မဟုတ်လား”

“အကြြင်နာရယ်၊ ဒါက ကိုယ်အလိုလားဆုံးဆန္ဒပဲ၊ ကဲ တက်လေ”

ကျွန်တော် ကားတံခါးကို ဖွင့်လိုက်သည်။ အကြြင်နာက ကားရှေ့မှပတ်ကာ လာသည်။

လပြည့်ညတွင် အဖြူရောင်ဝတ်စုံနှင့် လှလွန်းပါဘိ။

သူ ထိုင်လိုက်၏။ သင်းရနံ့ မွှေးပျံ့သွားသည်။ ရှယ်နယ်ရေမွှေး သို့မဟုတ် သင်းပျံ့သည့် ကိုယ်သင်းနံ့။



www.burmeseclassic.com

www.burmeseclassic.com

[ ၆ ]

သူမမျက်နှာကလေး လန်းရွှင်နေသည်။

"ကိုယ် ဒီနေ့ ဒီကိုရောက်လာမယ်ဆိုတာ အကြင်နာ သိနေလား"

ဝေခနဲကြည့်ပြီး–

"အင်းလေ…"

"ကိုယ်လည်း အကြင်နာနဲ့ တစ်နေ့ တွေ့ရမယ်လို့ ယုံကြည်နေတယ်။ တွေ့လိုက်ရလို့ ပျော်နေတယ်"

"အကြင်နာလည်း ဒီလိုပါပဲ၊ ဒါထက် သူ့ အကြင်နာ့ကို ဘယ်မှာတွေ့ခဲ့လဲ"

"အကြင်နာ မရယ်နဲ့နော်"

မျက်နက်ဝန်းကလေး ထောင့်ကပ်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲဟင်…"

"ဘာဖြစ်လို့လဲဆိုရင်"

"အကြင်နာကို ကိုယ်တွေ့ခဲ့တာ အိပ်မက်ထဲမှာလေ၊ အကြင်နာ ကိုယ့်နှလုံးသားအိပ်မက်ထဲ ရောက်ခဲ့တာ ကြာပြီပေါ့"

"ဟုတ်လား၊ သိပ်တိုက်ဆိုင်လွန်းတယ်၊ အကြင်နာ့ အိပ်မက်မှာလည်း ကို မင်းမူနေတာ ကြာပြီ၊ ဒါဟာ ပုပ္ပနိမိတ်ဖြစ်နိုင်တယ်။ ခုတွေ့ရတော့ သိပ်ပျော်တယ်။ ကိုရော မပျော်ဘူးလား"

"ဘယ့်နှယ်ပြောပါလိမ့် အကြင်နာရယ်၊ ဒီကနေ့ဟာ ကိုယ့်ဘဝအတွက် အပျော်ဆုံးနေ့ပေါ့။ ဒီလပြည့်ညဟာ မမေ့နိုင်စရာလပြည့်ညပါပဲ"

"ယုံပါတယ် ကိုရယ်၊ ကဲ…သွားစို့နော်"

ကျွန်တော် ခေါင်းညိတ်လိုက်မိသည်လား။ ကျွန်တော် ကားစက်နှိုးလိုက်သည်။ ကား ငြိမ့်ခနဲထွက်သွားလေ၏။

အကြင်နာ ကျွန်တော့်ပခုံးစွန်းတွင် မှီလိုက်သည်ကို သိသည်။

နူးအိသော အထိအတွေ့ကြောင့် ကျွန်တော် ဇိုးခုန်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျွန်တော် သူမကို သိုင်းဖက်လိုက်သည်။

"ကိုယ် အကြွင်နာ့ကို ချစ်တယ်"

"ကိုရယ်၊ ဒီစကားကို ဘဝအဆက်ဆက် ကိုနှုတ်ဖျားက ကြားခဲ့ရပေမယ့် ခုထိ မရိုးပါဘူး၊ အကြွင်နာလည်း ကိုယ့်ကို အသက်လောက်ချစ်တာပါ"

"အကြွင်နာရယ်"

ကျွန်တော် တိုးတိုးညည်းလိုက်သည်။ ထိုစဉ် သူမက 'ညာကိုချိုးလိုက်ကို' ဟု ပြောသည်။ ကားကိုကွေ့လိုက်သည်။

မကြာမီ ခြံတစ်ခုရှေ့သို့ ရောက်သည်။

'နှင်းပုလဲစံရိပ်ငြိမ်'

ခြံကြီးက ကျယ်ဝန်းဘိ။

လရောင်အောက်တွင် ပန်းစုံပွင့်နေသည်ကို တွေ့ရသည်။ ညမွှေးပန်းရနံ့တို့က သင်းပျံ့နေ၏။

"ဒါဟာ အကြွင်နာ့ခြံပဲ"

သူမ စကား။

"ကိုယ်တို့ ခွဲရဦးမယ်နော်"

"ကိုကို အကြွင်နာ မျှော်နေမှာပါ"

သူမ ကားပေါ်မှဆင်းလျှင် ကျွန်တော်ပါ ဆင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ကျွန်တော် သိုင်းဖက်လိုက်သည်။ သူ့နဖူးကို ခပ်ဖွဖွ နမ်းလိုက်သည်။

ပြီးတော့ နှင်းဆီတစ်ပွင့်ခူးပြီး သူ့ခေါင်းတွင် ပန်လိုက်၏။

"အကြင်နာ ထာဝရသိမ်းထားမယ်ကို"

ကျွန်တော် ဒုတိယအနမ်းတစ်ပွင့် နဖူးပေါ်တင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

[ ၇ ]

သူမ လက်ကလေး ဝှေ့ယမ်းပြနေသည်။

ကျွန်တော် ကားကို ဖြည်းဖြည်းလိမ့်ထွက်ခဲ့သည်။ ကျွန်တော်က "ကိုယ် မြို့သာကိုရောက်ပြီး ကိုယ့်ဦးရဲ့ ကျန်းမာရေး အခြေအနေကြည့်ပြီးတာနဲ့ ချက်ချင်းပြန်လာခဲ့မယ်"ဟု ပြောတော့ ခေါင်းညိတ်သည်။

"အကြင်နာစောင့်နေမယ် ကို"

သူ့စကား။

ကျွန်တော်ကိုယ်တိုင်လည်း ဦးကျော်လှိုင် ကျန်းမာရေး အခြေအနေကိုကြည့်ပြီး ချက်ချင်းပြန်လာမည်ဟု ဆုံးဖြတ်ထား သည်။ မျှော်လင့်ချက် ရည်မှန်းချက်နှင့်ဖြစ်သဖြင့် ကျွန်တော် ပျော်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကားအရှိန်က မြန်ပါဘိသနှင့်။

ကျွန်တော် မြို့သာသို့ရောက်တော့ ပျော်သွားသည်။ ဦးကျော်လှိုင်၏ အခြေအနေ ထင်သလောက်မဆိုး။

"ငါ့တူ သိပ်ပင်ပန်းသွားပြီ၊ ဦး အစားမှားသွားတာလေ။ သွေးတိုးသမား ဆိုတာက အစာမှားမခံဘူးကွဲ့။ ဒေါက်တာ စိန်ညသော် တော်လို့ပေါ့ကွယ်။ ခု ဦး ကောင်းသွားပါပြီ ငါ့တူကို စိတ်ပူစေလို့ စိတ်မကောင်းဘူး" ဟု ပြောသည်။

"ကိစ္စမရှိပါဘူး ဦးရယ်၊ ဦး နေကောင်းရင် ပြီးတာပါပဲ"

ပျော်လိုက်သည်မှာ အရမ်း။

"ဦးနေကောင်းရင် ပြန်ရမယ်၊ ကျွန်တော် နှင်းပုလဲမှာ ကိစ္စတစ်ခုရှိသေးတယ်လေ"

"အခုပြန်မှာလား"

ခေါင်းညိတ် အဖြေပေးလိုက်သည်။

"ငါ့တူ မအိပ်ရသေးဘူးလေ"

"ကိစ္စမရှိပါဘူး၊ တစ်ဖက်မှာ အရေးကြီးနေတယ်လေ"

ကျွန်တော် အပြုံးနှင့်ပြောလိုက်သလို ဦးကျော်လှိုင်က လည်း ပြုံးသည်။

ဦးကျော်လှိုင်က "ဒါဆိုလည်း တို့နှစ်ယောက် သာရိတ်ဖတ်



www.burmeseclassic.com

www.burmeseclassic.com



စားကြမယ်လေ၊ ပြီးရင် ပြန်ပေါ့”ဟုဆိုဖြစ်။

“ရပါတယ် ဦး”

ကျွန်တော်က ဘရိတ်ဖတ်အတူစားပြီး ပြန်ခဲ့သည်။

ကျွန်တော့်ရင်ဝယ် ပျော်နေသည်။ ကျွန်တော် ပျော်နေသကဲ့သို့ ကျွန်တော့်ကိုတွေ့လျှင် အကြင်နာလည်း ပျော်နေပေလိမ့်မည်။

ကျွန်တော် စက်ကုန်ပွင့်ကာ မြို့သာမှ နှင်းပုလဲသို့ ပြန်ခဲ့သည်။

“မောင်မောင် ပြန်လာပြီ အကြင်နာ”

ပျော်ရွှင်စိတ်ကြောင့်လားမသိ။ ကျွန်တော့်စိတ်တို့ လန်းဆန်းနေသည်။ မကြာမီ ကျွန်တော့်ကားကလေးက နှင်းပုလဲသို့ ရောက်လာသည်။

ကားကို လမ်းမပေါ်မှ ချိုးကွေ့လိုက်သည်။

သို့သော် “နှင်းပုလဲစံရိပ်ငြိမ်”ရှေ့သို့ရောက်လျှင် ကျွန်တော့်ရင်ဝယ် တုန်လှုပ်သွားသည်။ ညက ပန်းပေါင်းစုံပွင့်၍ လှသော နှင်းပုလဲက ဘယ်လိုပြောရမှန်းမသိအောင် ပြောင်းနေသည်။

ညက ခမ်းနားစွာမြင်ရသည့် ‘နှင်းပုလဲစံအိမ်’ဆိုင်းဘုတ်



www.burmeseclassic.com

www.burmeseclassic.com



သည့် ရှန်ရွဲလို့။ ပြီးတော့ သစ်ပင်ပန်းမာလ်တို့က ထိုးထိုး ထောင်ထောင်နှင့်။

"ဟာ...ဘယ်လိုဖြစ်နေတာလဲ"

ကျွန်တော် နားမလည်နိုင်။

ကားပေါ်မှ ဇွေ့ခနဲခုန်ဆင်းလိုက်သည်။

"အကြင်နာ...အကြင်နာ...မောင်မောင်ပြန်လာပြီလေ"

ပြောရင်း ခြံထဲသို့ ပြေးဝင်ခဲ့သည်။ ခြံကြီးက အိုဟောင်း လှ၏။ အိမ်ကြီးကလည်း တကယ့်ကို ဟောင်းနွမ်းနေ၏။

သို့နှင့် အိမ်တံခါးဝသို့ရောက်လျှင် ကျွန်တော် အဘိုးအို တစ်ဦးနှင့် မျက်နှာချင်းဆိုင်ထိုင်လိုက်ရ၏။ အဘိုးအိုက မျက်နှာ တွင် ကန့်လန့်ဖြတ်အမာရွတ်စင်းနှင့် ရှုပ်ဆိုးပြီး ခါးကိုင်း၏။

"မောင်ရင်...ဘာဖြစ်တာလဲ၊ ဘာကြောင့် အကြင်နာ့ နာမည် ခေါ်ရတာလဲ"

သူက မေးသည်။

"ကျွန်တော် အကြင်နာနဲ့ တွေ့ချင်လို့ ဦး"

"ဘာ...အကြင်နာနဲ့ တွေ့ချင်လို့ ဟုတ်လား။ မင်း ... နေလား ကလေး။ အကြင်နာဆိုတာ ဒီမှာမရှိတော့ဘူးကွ။ မင်းက တွေ့ချင်ပေမယ့် မင်းကို အကြင်နာက တွေ့နိုင်မှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး”

“ဗျာ...”

ကျွန်တော် အံ့ဩသွားသည်။ သို့သော် ချက်ချင်း ဟန်ဆည်ပြီး...

“အကြွင်းနာကို မတွေ့နိုင်ဘူး ဟုတ်လား။ ဘာလဲ ဦး၊ ဦးက အကြွင်းနာ ဒီမှာမရှိဘူးလို့ ပြောဦးမလို့လား၊ မရဘူး ဦး။ ကျွန်တော် အကြွင်းနာ့ကို ညကပဲ တွေ့ခဲ့တာ။ အကြွင်းနာ ကိုယ်တိုင်ပဲ ကျွန်တော့်ကို ဖိတ်ခေါ်ထားတာ။ ကျွန်တော့်ကို အကြွင်းနာနဲ့ တွေ့ခွင့်ပေးပါ။ အကြွင်းနာ့ကို သွားပြောပေးပါ”

ဟု ကျွန်တော် ခရားရေလွှတ်သလို ပြောလိုက်သည်။

“ခက်တော့ ခက်နေပါပြီ”

ဟုပြောရင်း အဘိုးကြီး သက်ပြင်းရှိုက်သည်။ ပြီးမှ–

“အေးလေ...မင်းက ပြောမရတော့လည်း လာ...လာ”

ထို့နောက် အိမ်ထဲသို့ဝင်ခဲ့သည်။

* * *

အိမ်တွင်းသို့ ရောက်ခဲ့ပြီ။

အိမ်ကြီးက အပြင်မှကြည့်ရာတွင် အိုဟောင်းနေသော



www.burmeseclassic.com

www.burmeseclassic.com



လည်း အတွင်း၌ကား သစ်လွင်နေသလိုပင်။ ခါတ်ပုံများ ချိတ်ထားသည်ကိုတွေ့၍ ကြည့်လိုက်ရာ အကြင်နာ့ဓာတ်ပုံကို တွေ့ရ၏။ အကြင်နာက နုသစ်လှပနေခဲ့။

"အကြင်နာ...အကြင်နာဆိုတာ သူ့ပဲ ဦး"

"ဟုတ်လား၊ ဒါဆို ဦးက မင်းကိုပြစရာရှိသေးမယ်"

"ဘာလဲ ဦး"

"ဦးနဲ့ လိုက်ခဲ့ပါ"

ကျွန်တော် ဘာမှမပြောနိုင်ခဲ့။ ရှေ့မှ ဦးဆောင်သွားသည့် အဘိုးအိုနောက်သို့ လိုက်ခဲ့သည်။ ခြံကြီး၏နောက်သို့ရောက် လျှင် တရုတ်စကားပင်အောက်မှ ဂူဖြူဖြူတစ်လုံး တွေ့လိုက် ရ၏။ ဂူက သစ်သစ်လွင်လွင်။

"ဒီမှာကြည့်ပါဦး ကလေး"

ကျွန်တော် ကြည့်လိုက်သောအခါ အံ့ဩရ၏။

ဂူဖြူဖြူလေးပေါ်တွင် တွေ့လိုက်ရသည်ကား–

**"အကြင်နာဝေ**

**အသက် (၁၉)နှစ်**

**၂၆–၁၀–၁၉၆၀ နေ့ ကွယ်လွန်သည်"**



www.burmeseclassic.com

www.burmeseclassic.com



"ဟင်..."

ဂူပေါ်မှ စာတမ်းကလေးကြောင့် ကျွန်တော် ကြက်သေ သေသွားသည်။ ကျွန်တော့်လက်အစုံက ဂူပေါ်မှ နှင်းဆီပွင့်ဆီသို့ ရောက်သွားသည်။ ဒီနှင်းဆီပွင့်က ကျွန်တော်ကိုယ်တိုင် ညက အကြင်နာ့ကို ပေးခဲ့သည့် နှင်းဆီပွင့်။ နွမ်းရော်စ။

"အဖြစ်အပျက်တွေကို ကျွန်တော် နားမလည်တော့ဘူး။ ညက ကျွန်တော်ကိုယ်တိုင် အကြင်နာ့ကို လိုက်ပို့ခဲ့တာ။ ဒီနှင်းဆီပွင့်ဟာ ကျွန်တော်ကိုယ်တိုင် ပန်ပေးခဲ့တဲ့ နှင်းဆီပွင့်ပါ"

အဘိုးကြီးက သက်ပြင်းရှိုက်သည်။ 'ဦး ဘာမှမပြောချင်ပါဘူးကွယ်၊ ဦးပြောချင်တာက အကြင်နာဝေဆိုတဲ့ မိန်းကလေးဟာ နှင်းပေဟမာန် လမ်းမပေါ်မှာ ဓားပြတွေရဲ့ လက်ချက်နဲ့ လွန်ခဲ့တဲ့ တစ်လလောက်က သေသွားခဲ့တယ်ဆိုတာပဲ။ ဒါဟာ အကြင်နာဝေရဲ့ အုတ်ဂူအစစ်ပါ" ဟု ပြောသည်။

ကျွန်တော် ဘာပြောရမည်မသိပါ။

အဘိုးကြီးက ကျွန်တော့်ပခုံးကို ဆုပ်ကိုင်လိုက်သည်။

"မင်းတို့နှစ်ယောက်ရဲ့ အကြောင်းဆက်ကို ဦး ဘာမှ မပြောချင်ဘူး။ မင်းတို့ရဲ့ ဝိညာဉ်ဆက်နွယ်မှုကြောင့် တွေ့ချင် တွေ့ကြမယ်၊ ဒါက မင်းတို့အကြောင်းလေ၊ ဦးသိတာက



www.burmeseclassic.com

www.burmeseclassic.com



အကြွင်နာဝေ သေခဲ့တာ တစ်လကျော်ပြီဆိုတာပဲ”

ကျွန်တော် ဘာပြောရမည်မသိ။

ညက ကျွန်တော် အကြွင်နာဝေ တွေ့ခဲ့သည်ကိုလည်းကောင်း၊ ကျွန်တော်ပေးခဲ့သည့် နှင်းဆီပွင့်ကလေး ရှိနေသည်ကို လည်းကောင်း ကျွန်တော်ပဲသိသည်။

ကျွန်တော်တို့အဖြစ်က အိပ်မက်မဟုတ်သည့် တကယ့်အဖြစ်ပင်။ အိပ်မက်လည်း မဟုတ်ပါ။

သို့သော် ကျွန်တော်တို့အဖြစ်က သက်သေပြရန်ခက်ခဲသည့် အဖြစ်ပင်။ ညက အကြွင်နာကို တွေ့ခဲ့သည်ဟုပြောလျှင် ယုံနိုင်ဖွယ်မရှိ။ ကျွန်တော့်ကို ရူးသွပ်သူဟု ပြောချိမ့်မည်။

မည်သို့ဆိုစေ ကျွန်တော်တို့အဖြစ်က အိပ်မက်မဟုတ်။ စိတ်ကူးယဉ်မဟုတ်။ ကိုယ်တွေ့ဖြစ်သော်လည်း ပြောရခက်သည့် အဖြစ်။

ပြောမယုံ ကြုံမှသိဟု ပြောရမည်ပင်။

သို့မဟုတ် ကျွန်တော်နှင့် အကြွင်နာဝေ ဆုံတွေ့ခြင်းသည် သောကနိမိတ်ပုံလား။

‘အကြွင်နာရယ်၊ ကိုယ်နဲ့ မင်းနဲ့ ဆုံခဲ့ပုံကို လူတွေယုံအောင် ဘယ်လိုပြောရမလဲ၊ ကိုယ်တွေ့ကြုံခဲ့ရတဲ့ အဖြစ်မေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် လူတွေကြားမှာ လပြည့်ညပုံပြင် ဖြစ်နေတာကတော့ ရင်နာစရာပါပဲ အကြင်နာရယ်'

ကျွန်တော် ဤသို့ တိုင်တည်ပြောရမည်လား။ ပြောရမည်လား။

ဆိုမွန်းယှဉ်စာပေစုဝေါင်း
၂၀၀၄ ဇန်နဝါရီလ။

❖

ဝလုတမေ

www.burmeseclassic.com

www.burmeseclassic.com

[ ၆ ]

# ဝိဉာဉ်သတင်းပေး

www.burmeseclassic.com

www.burmeseclassic.com

[ ၆ ]

# ဝိညာဉ်သတင်းပေး

www.burmeseclassic.com

www.burmeseclassic.com

# [ ၁ ]

၁၉၅၆ ခုနှစ်၊ စက်တင်ဘာလ အလယ်ပိုင်း။

နေရောင်ခြည် ဝင်းလက်နေဆဲ။ ခပ်ပြင်းပြင်းတိုက်ခတ်လာသည့် လေသည် နေရောင်ခြည်ကို ဖြတ်လာရသည်မို့ ကားတဲအထိ နွေးနေသည်။

ဒီကနေ့ အပူပြင်းနေသည်ဟု လူတိုင်းသိနေ၏။

ရဲစခန်းကမူ ငြိမ်သက်လျက် လှုပ်ရှားမှုမတွေ့ရ။ ထိုစဉ် ရဲစခန်းရှေ့သို့ မှန်လုံဆလွန်းကားတစ်စီး ရပ်လာသည်။ ကားပေါ်မှ အရပ်ရှည်ရှည်၊ လူတစ်ယောက် ခပ်သွက်သွက်ဆင်းလာသည်။ သူ့ကိုကြည့်ရသည်မှာ တည်တည်ငြိမ်ငြိမ်မရှိ။

"ကျွန်တော် တာဝန်မှူးနဲ့တွေ့ချင်တယ်"

သူက ကင်းတာဝန်ကျလူငယ်ကို ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"တာဝန်မှူးအခန်းထဲမှာရှိတယ်"

သူက ဘာမှမပြော။ အခန်းထဲသို့ ခပ်သွက်သွက် ဝင်သွားသည်။ အခန်းက ကျယ်ကျယ်ဝန်းဝန်းမဟုတ်။

အခန်းထဲရှိ စားပွဲနောက်တွင် ခပ်ဝဝ ရဲအရာရှိ ထိုင်နေသည်။ သူ စာရေးနေဆဲ။ ဆတ်ခနဲမော့ကြည့်သည်။

"ထိုင်ပါ၊ ထိုင်ပါ၊ ကျွန်တော် ဘာကူညီရမလဲ"

တာဝန်မှူးက မေးလိုက်သည်။ သူက ရဲအရာရှိရှေ့ ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

ရဲအရာရှိကို တစ်ချက်ဖေ့ကြည့်ပြီး 'ကျွန်တော် ကိုလင်ပါ။ ကျွန်တော် အမှုတစ်ခုဖွင့်ချင်လို့ပါ' ဟု ပြောဏ်။

"ဟုတ်ကဲ့ ပြောပါ"

"ကျွန်တော့်ညီမ ဂျိန်းအေကန် ပျောက်သွားလို့ပါ"

ရဲအရာရှိက ကိုလင်ကို ကြည့်လိုက်သည်။

"အသက် ဘယ်လောက်ရှိပြီလဲ"

"အသက်က (၁၇)နှစ်ပါ"

"သူ အရွယ်ရောက်ပြီပဲ၊ သူ့ချစ်သူနောက် လိုက်သွားတာများလား"

ကိုလင်က 'ဦးတည့်ရာပြောသလား။ အတင်းအကျပ်မှ ခိုးယူခံ



www.burmeseclassic.com

www.burmeseclassic.com



ရတာလား။ ဘာလားတော့ မသိဘူး။ ကျွန်တော်တို့သိတာက သူပျောက်နေတယ်”ဟု ပြောသည်။

ရဲအရာရှိက အရပ်ရပ် နေ့စဉ်မှတ်တမ်းတွင် ရေးမှတ်ပြီး–

“ကောင်းပြီလေ၊ ကျွန်တော်တို့ စုံစမ်းလိုက်ပါ့မယ်”

ရဲအရာရှိက ပြောလိုက်သည်။ ထို့အတူ သူ အတွေးများစွာ တွေးမိပြန်၏။ ဒီအရွယ်ဆိုတော့ ချစ်သူရည်းစားနောက် လိုက်သွားတာလည်း ဖြစ်နိုင်တယ်။

အလိုမတူဘဲ အဓမ္မပြုကျင့် ခံရတာလည်း ဖြစ်နိုင်တယ်။ ယုတ်စွအဆုံး အသတ်ခံရနိုင်သည်။

ဒါဆိုရင်တော့ ‘အလောင်းရှိရမည်’ဟု ဖြစ်သည်။

“အမှုဖွင့်မှာက ခင်ဗျားနော်၊ ဂျိန်းနဲ့ ဘာတော်လဲ”

“သူ့အစ်ကိုပါ”

“ဂျိန်းဓာတ်ပုံကော ရှိလား”

“ဟုတ်ကဲ့”

ပြောပြီး ကိုလင်က ဓာတ်ပုံကို ထုတ်ပေးသည်။ ရဲအရာရှိက ဓာတ်ပုံယူပြီး...

“ကိုလင် ပြန်ရင်ပြန်နိုင်ပါပြီ ကျွန်တော်တို့ ကြိုးစားပါ့မယ်၊ ထူးခြားမှုရှိရင်လည်း ကျွန်တော်တို့ကို ဆက်သွယ်ပါ”ဟု ပြော



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဟုတ်ကဲ့၊ ဒီအမှုနဲ့ပတ်သက်လို့ ကူညီသူကိုလည်း ကျွန်တော်တို့က ကျေးဇူးပြုတဲ့အနေနဲ့ ဆုငွေပေးပါမယ်"



www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

လှူပျောက်မှုဖြင့် လက်ခံလိုက်သည်။

ထို့နောက်တွင်တော့ ရဲစခန်းက အလုပ်များသွားသည်။ ကျွန်းမာတ်ပုံကာ တစ်နိုင်ငံလုံးရှိ ရဲစခန်းများသို့ ပို့ရမည်။ ဆုငွေလည်း ထုတ်လိုက်သည်။

ထို့ကြောင့်လားမသိ။

လမ်းကြွေးရောက်လာသည်။ သို့တစေ ဆက်သွယ်သတင်းတွေက တိတိကျကျမဟုတ်။ မရေမရာဖြစ်နေသဖြင့် ပယ်လိုက်ရသည်။ ထို့အတူ ရဲတပ်ဖွဲ့ကလည်း လှူပျောက်ကို ကြိုးစားရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



ခက်သည်က အစပျောက်နေသည်။ တကာယ်ကို ခြေရာပျောက် ရေနောက်အဖြစ် ဖြစ်နေသည်။

ဘာလိုလိုနှင့် အောက်တိုဘာ (၈)ရက်နေ့သို့ ရောက်လာသည်။

သည်အတောအတွင်း ကိုလင်သည် ရဲစခန်းသို့ နေ့တိုင်း ရောက်၏။ အကျိုးအကြောင်းမေးသဖြင့် အားနာရသည်။

"ဒီကိစ္စ ဒီလိုပဲ ရေစုန်မျောတော့မလား"

တစ်နေ့။

ကိုလင်က မေးသည့်အတွက် ရဲအရာရှိ ပျာပျာသလဲ ဖြစ်သွားသည်။

'ဒီလိုမပြောနဲ့လေ။ ကျွန်တော်တို့လည်း ကြိုးစားနေတာပါ။ အမှုမှန်ပေါ်ဖို့ မကောင်းမှုတွေ ဆိတ်ကွယ်ပပျောက်ဖို့ ကျွန်တော်တို့ စက္ကန့်နာရီနဲ့အမျှ ကြိုးစားနေတာပါ' ဟု ပြောသည်။

'အမှုတော့ မပိတ်လိုက်ပါနဲ့နော်'

'ရာဇဝတ်မှုဟာ ဘယ်တော့မှ မမေ့ပျောက်သွားပါဘူး' ရဲအရာရှိက ဒါပဲပြောသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



မှတ်မှတ်ရရ တစ်နေ့ ကိုလင် သူငယ်ချင်းတစ်ဦးက 'မင်းညီမ ပျောက်နေတာ အခြေအနေထူးလား' ဟု မေးသဖြင့် ကိုလင် စိတ်ပျက်လက်ပျက် ခေါင်းခါလိုက်သည်။ ပြီးမှ...

'ခုထိတော့ မထူးသေးဘူးကွ၊ ငါလည်း ရဲတပ်ဖွဲ့နဲ့အတူ ကြိုးစားနေတာပဲ။ ခက်တာက ခြေတာပျောက် ရေနောက် ဖြစ်နေတယ်၊ ဒါကြောင့် ငါကိုယ်တိုင် ညီမအတွက် စိုးရိမ်သလို ဖြစ်လာတယ်'

"ဒါဆို ငါ အကြံတစ်ခုပေးမယ်"

ကိုလင်က စိတ်ဝင်တစား ကြည့်လိုက်သည်။

"ဘာလဲ လုပ်စမ်းပါဦး၊ အကြံကောင်း ဉာဏ်ကောင်း ဖြစ်ရင် ဝမ်းသာစရာပေါ့"ဟု ပြောသည်။

"အခုတစ်လော နယ်လ်ဆင်ပါးလ်ဟားဆိုတဲ့ နတ်ဝင်သည်တစ်ဦး အကြောင်းကြားနေတယ်။ သူဟာ ဝိညာဉ်တွေ ခေါ်နိုင်တယ်လို့ ပြောတယ်၊ သူနဲ့ သွားဆွေးနွေးရင် အကျိုး ထူးမလား စဉ်းစားမိတယ်'

ကိုလင် မျက်နှာမှောင်ကြုတ်လိုက်သည်။ 'စိတ်ဝင်စား စရာပဲ' ဟု ပြောလိုက်သည်။

ထို့နောက် ကိုလင် နတ်ဝင်သည်ကို သွားရောက်စုံစမ်းခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ နယ်လ်ဆင်ပါးလ်ဟားဆိုသူက ကျောင်းအုပ်ဆရာကြီး ဟောင်းပင်။ ခပ်ဝဝနှင့် ဥပမိရုပ်ကောင်းသည်။

သူ့သတင်းတွေကလည်း စိတ်ဝင်စားဖို့ကောင်းသည်။ ကိုလင် စိတ်ထဲ၌ ပါးလ်ဟာနှင့် ဆွေးနွေးလိုစိတ်သည် ပြင်း ထန်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

## [ ၃ ]

'ဩော်...စာတွေရောက်လာပြန်ပြီလား။ ကျုပ်တို့တော့ အားတောင်နာနေပြီဗျာ' ဟု ကိုလင်အား ရောက်မဆိုက် ပြောသည်။ ရဲတပ်ဖွဲ့မှ မိမိအား အားနာနေကြောင်းကို သူ သိသည်။

သူကိုယ်တိုင် သည်ရဲတပ်ဖွဲ့မှ ကြိုးစားလျက် သဲလွန်စ ပျောက်နေမှန်း သိသဖြင့် အားနာမိသည်။ ကိုလင်က အားနာ ပြုံး ပြုံးလိုက်သည်။

'ကျွန်တော်လည်း ရဲအရာရှိကြီးနဲ့တကွ ရဲတပ်ဖွဲ့ဝင်တွေကို အားနာပါတယ်။ ဒီက ဘယ်လောက်ကြိုးစားတယ်ဆိုတာ လည်း သိပါတယ်။ ခုလည်း ကျွန်တော် ဆရာတို့အတွက် ကူညီနိုင်မလားလို့ သတင်းတစ်ခုက ပေးတာပါ'



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်လျှင် ရဲအရာရှိက ဇွေ့ခနဲကြည့်လိုက်ပြီး 'အမှုအတွက် သတင်းထူးလို့လား' ဟု မေးသည်။

သူက 'ဒါတော့ ကျွန်တော် မသိဘူး။ ကျွန်တော်ကတော့ အကျိုးထူးမလားလို့ လာပြောတာလေ' ဟု ဆို၏။

'အင်း...ပြောပါဦး'

'ကျွန်တော် ပါးလ်ဟားခိုတဲ့ နတ်ဝင်သည်တစ်ဦး အကြောင်း ကြားခဲ့တယ်။ သူက ဝိညာဉ်တွေကိုခေါ်ပြီး သတင်း ယူနိုင်တယ်လို့ နာမည်ကြီးထယ်။ သူနဲ့ သွားဆွေးနွေးရင် ကောင်းမလားလို့ လာပြောတာ'

ရဲအရာရှိ မျက်မှောင်ကြုတ်လိုက်သည်။

'ကိုယ်က ဒါတွေ သိပ်မယုံဘူး'

'ဒါက ခင်ဗျားတို့အပိုင်းလေ၊ ကျွန်တော်ပြောချင်တာက လောကမှာ မယုံကြည်နိုင်စရာအကြောင်းတွေ ရှိတယ်။ ဒါ ကြောင့် မပြေးသော် ကန်ရာရှိ သွားတွေ့ရင် ကောင်းမလား လို့ အကြံပေးတာ'

သည်တော့ ရဲအရာရှိ နည်းနည်းတွေသွားသည်။ ဟုတ် သော်ရှိ၊ မဟုတ်သော်ရှိ၊ သွားတွေ့ခြင်းသည် အရှုံးမရှိသည့် ကိစ္စဟု နားလည်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကိုလင်စကို ကြည့်လိုက်ပြီ။ 'ကောင်းပြီလေ၊ စမ်းကြည့်ရတာပေါ့'ဟု တုံ့ပြန်လိုက်သည်။

* * *

၁၉၅၆ ခုနှစ်၊ အောက်တိုဘာ (၉)ရက်နေ့။

ရဲအရာရှိ၊ ရဲတပ်ဖွဲ့ဝင် (၃)ဦးနှင့် ကိုလင်၊ အခြားလူ (၁၀)ဦးနှင့် ပါးလ်မားဇ၏ နေအိမ်သို့ ရောက်ခဲ့သည်။ အိမ်က ကျယ်ကျယ်ဝန်းဝန်းရှိပြီး နှစ်ထပ်အိမ်ဖြစ်သည်။

အပေါ်ထပ်တွင် ပါးလ်မားရှိနေသည်။ နယ်လ်ဆင်ပါးလ် မားက တည်ငြိမ်သည်။

'မင်းတို့ ဘယ်သူတွေလဲ'

ပါးလ်မားက မေးသည်။ ကိုလင်က

'သူတို့က ရဲအရာရှိတွေပါ။ ကျွန်တော် ကိုလင်ပါ။ သူတို့ က ဝိညာဉ်ရဲ့သတင်းကို သက်သေခံမယ့်သူပါ'

'မင်းတို့လာတာက ဝိညာဉ်သတင်း လိုချင်လို့ပေါ့'

'ဟုတ်ပါတယ်'

ပါးလ်မားက ခေါင်းတစ်ချက်ဆတ်ပြီး ကုလားထိုင်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



သို့ ထိုင်သည်။ ခေါ်မည့်ဝိညာဉ်၏အမည်ကို မေးသဖြင့် ကိုလင်က ပြောပြသည်။

ထို့နောက် နတ်ဝင်သည့် ပါးလ်ဟာက မျက်လုံးကိုမှိတ်ကာ အားလုံးနားမလည်နိုင်သည့် ဘာသာစကားတစ်မျိုးနှင့် ဝိညာဉ်ကို အရောက်လာဖို့ ဖိတ်ခေါ်သည်။ အားလုံး စိတ်ဝင်တစား နားစွင့်နေသည်။

ထို့နောက် စကားသံ ဆိတ်သွား၏။

အားလုံး စိတ်ဝင်တစား နားစိုက်နေစဉ် ပါးလ်ဟားသည် ခန္ဓာကိုယ်နှင့်အတူ နှုတ်ခမ်းတွေပါ လှုပ်လာသည်။

ထိုအတူ စကားလုံးတွေ ဖိတ်စဉ်ကျလာသည်။ အသံက ပါးလ်ဟားအသံ မဟုတ်။

'ဟင်...ဒါ ဒါ ဂျိန်း အသံ'

ကိုလင် ပြောလိုက်သည်။

ထိုစဉ် ငိုသံနှင့်အတူ စကားသံ ပေါ်ထွက်လာသည်။

'ကိုလင်၊ ကျွန်မ...ကျွန်မ သေခဲ့ပြီ အစ်ကိုရယ်၊ ကျွန်မကို ကလားရဲန်(စ်)ဆိုတဲ့ လူက ဗလက္ကာရပြုပြီး သေနတ်နဲ့ ပစ်သတ်ခဲ့တာ'

'ကျွန်မအလောင်း ဘယ်မှာရှိတယ်ဆိုတာလည်း သူ

www.burmeseclassic.com

www.burmeseclassic.com



သိတယ်'

'ဘာ…ကလားရဲနဲ့(စ်)က မင်းအလျောင်း ဘယ်မှာရှိတယ်ဆိုတာ သိတယ်'

ကိုလင်က ပြောလိုက်သည်။

'ဒါဆို ဘယ်လိုလုပ်ချင်လဲ'

'ကျွန်တော် သူ့ကိုသတ်ချင်တယ်'

'ကျွန်တော်တို့ ဒါကို လက်မခံနိုင်ဘူး။ ဒါဟာ တရားမဲ့အလုပ်လေ။ ဥပဒေက ခွင့်မပြုဘူးကိုလင်၊ ရှင်းရှင်းပြောရရင် သူက ဥပဒေအရ သေရမယ့်သူပါ။ ဒါကြောင့် ကိုလင် စိတ်ထိန်းပါ။ ကျွန်တော်တို့ စီစဉ်တာကို နားထောင်ပါ။ သူ့အတွက် မင်း မနစ်နာစေချင်ဘူး ကိုလင်'

ကိုလင် အောက်နှုတ်ခမ်းကိုကိုက်ပြီး သက်ပြင်းရှိုက်လိုက်သည်။ လက်သီးဆုပ်ပြီး ကြမ်းပြင်ကို လက်သီးနှင့်ထိုးလိုက်သည်။

* * *

ရဲအရာရှိက နှစ်ဖွဲ့ခွဲကာ တစ်ဖွဲ့ကို အလောင်းပြန်ရာသို့ သွားစေပြီး သူကိုယ်တိုင်က လူသတ်လက်နက်ထားရာသို့



www.burmeseclassic.com

www.burmeseclassic.com

စိတ်ဝိညာဉ်ဖြစ်ရပ်ဆန်းနှင့် သေရွာပြန်မှတ်တမ်းများ ❦ ၁၉၉

လျှို့ဝှက်စွာသွားသည်။ နွားတင်းကုပ်ဟောင်း၏ စားခွက်ထဲရှိ ကောက်ရိုးအောက်တွင် သေနတ်ရှိနေသည်။ ပွိုင့် ၃၈ ဝက် ဘာလီ အမျိုးအစား။

သေနတ်ထဲတွင် ကျည်သုံးတောင့်ရှိနေသည်။

ထို့နောက် ကိုလင်နှင့်အတူ ပိုင်းတောင်းမြို့လယ်ရှိ ဘား ခန်းသို့ သွားသည်။ ကလားရဲန်(စ်) ရှိနေသည်။ ကိုလင့်ကို တွေ့လျှင် သူ မျက်နှာပျက်သွားသည်။ ကိုလင်က တည်ငြိမ်စွာ အနားကပ်သွားတော့ 'ကိုလင်၊ မင်း ဘာလုပ်မလို့လဲ'ဟု တုန်လှုပ်စွာ မေးသည်။

'ကလားရဲန်(စ်) ဇါ့ညီမ ဘယ်မှာလဲ ပြောစမ်း'

'ဟု မေးလိုက်သည်။ အသံက ပြတ်သည်။

'မင်း ဘာပြောတာလဲ။ ငါ ဘာမှမသိဘူး'

'ဟုတ်လား။ မင်း ဘာလို့လိမ်နေတာလဲ ကလားရဲန့်(စ်)။ ဖယ်စမ်း။ ညီမကို မတရားကျင့်ပြီး သတ်လိုက်တယ်လေ၊ ဒါကို ငါ သိတယ်'

'ငါကတော့ မသိဘူး'

ထိုစဉ် ရဲအရာရှိက ကြားဝင်လိုက်သည်။

'မင်း အဓိပ္ပါယ်တွေမပြောနဲ့'



www.burmeseclassic.com

www.burmeseclassic.com



ကလားရဲန်(စ်)ကို လက်ထိပ်ခတ်လိုက်သည်။ ထို့နောက် ကလားရဲန်(လ်)အဖွဲ့ ဟိုက်ခရော့ခ် အဆောက်အအုံမှ ချောက်ကြီးဆီသို့ ခေါ်သွားသည်။

'ခင်ဗျားတို့ ကျုပ်ကို ဘယ်ခေါ်သွားမလို့လဲ'

'မင်းသိပါတယ်'

ရဲအရာရှိက ဒါပဲပြောသည်။

ဟိုက်ခရော့ခ်အနီးရှိ ချောက်ကြီးနားမှ တံတားသို့ ရောက်ခဲ့ပြီ။ ကလားရဲန်(စ်) တုန်လှုပ်နေသည်။ ရဲအရာရှိက

'တံတားအနားက ကျောက်တုံးတွေဆီကို သွားမယ်။ လိုက်ခဲ့ ကလားရဲန်(စ်)'ဟု ပြောလိုက်သည်။

'မလိုက်ဘူး၊ မလိုက်နိုင်ဘူး'

'အေး...မင်း ဘယ်လိုက်ချင်မလဲ၊ ဒီကျောက်တုံးတွေ ဖယ်လိုက်ရင် ဂျိန်းရဲ့ ရုပ်ပျက်ဆင်းပျက်အလောင်းကို တွေ့ရမယ်။ မင်း မကြည့်ရဲဘူးမဟုတ်လား။ ကဲ...ပြောလေ'

ကလားရဲန်(စ်)မပြော။ ခေါင်းငုံ့ထားသည်။ ထိုစဉ် အဆင်သင့်ဖြစ်နေသည့်ရဲတွေ ရောက်လာပြီး အလောင်းကိုဖော်သည်။ အလောင်းက ရုပ်ပျက်ပြီး အပုပ်နံ့ထွက်နေသည်။

'ကြည့်ပါဦး ကလားရဲန်(စ်)ရဲ့'



www.burmeseclassic.com

www.burmeseclassic.com



'မကြည့်ဘူး၊ မကြည့်ဘူး'

သူ့မျက်လုံး မှိတ်ထားသည်။ ဖောချွေးတွေပျံနေသည်။ ရဲအရာရှိက ဘလားရဲန့်(စ်)ကိုကြည့်ကာ ပြုံးလိုက်သည်။

* * *

နွားတင်းကုပ်ဟောင်းနားသို့ ခေါ်လာသည်။

'ကဲ...ကလားရဲန့်(စ်)၊ မင်း ဘယ်လောက်လိမ်လိမ် မင်း ကျွန်းကို မတရားပြုပြီး သတ်တယ်၊ အလောင်းဖျောက်တယ်၊ ဒါတွေ တို့ သိပြီးပြီ၊ ဒီအတွက် မင်း သေဒဏ်က ပစ်မလွှဲပဲ'

'ဆရာတို့ ဘာတွေပြောနေတာလဲ'

'အမှန်တွေလေ၊ ကဲပါ တို့ မင်းကို လူသားပီပီ စာနာတဲ့ အနေနဲ့ မင်း သေဒဏ်အစား ထောင်ဒဏ်ဖြစ်ဖို့ အခွင့်အလမ်း တစ်ခုရှိတယ်။ မင်း ကျွန်းကို သတ်တဲ့သေနတ်အပ်ရင် သက်သေပြုပေးမှာ အမှန်ပဲ။ ကဲ...မင်း သေနတ်ကို ဒီနွားတင်းကုပ် ထဲမှာ ဝှက်ထားတာ တို့သိပေမယ့် ဘယ်မှာဆိုတာ မသိဘူး။ မင်းကိုယ်တိုင် ယူအပ်ရင် မင်းအတွက် အခွင့်အရေးပဲ'

'မင်း ငြင်းရင်တော့ တို့ကိုယ်တိုင် မြေလှန်ရှာမှာနော်။ ဒါဆို မလွယ်ဘူး'ဟု ရဲအရာရှိက ပြောရင်း ဘလားရဲန့်(စ်)ကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သည်။

ကလားရဲန့်(စ်)က မျက်မှောင်ကြုတ်ပြီး 'ခင်ဗျားတို့ ဘာကယ်ပြောတာလား' ဟု မေးသည်။ ရဲအရာရှိက ခေါင်းဆတ်လိုက်သည်။ ထို့နောက် ချုပ်တည်းတားရာမှ လွှတ်လိုက်သည်။

ကလားရဲန့်(စ်) ခဏ အပြေးတစ်ပိုင်း နွားတင်းကုပ်တွင်း ဝင်သွားသည်။ ထို့နောက် နွားစာခွက်တွင်းမှ သေနတ်ကိုဆွဲယူပြီး ရဲအရာရှိအား ထိုးချိန်လိုက်သည်။

'ခင်ဗျားတို့ မလှုပ်နဲ့နော်၊ လှုပ်ရင် ပစ်လိုက်မယ်'

သူက သေနတ်နှင့် ထိုးချိန်ရင်း ပြောလိုက်သည်။ ရဲအရာရှိ ရှေ့တိုးလာတော့ သူ သေနတ်မောင်းကို ဖြုတ်လိုက်သည်။

'ချောက်'

'ဒိုင်း'

'အား'

ကလားရဲန့်(စ်) လဲကျသွားပြီ။ ရဲအရာရှိက သေနတ်ကို ဆုပ်ကိုင်ရင်း ပြုံးလိုက်သည်။

'ကလားရဲန့်(စ်) မင်းဟာ ငါးစာသာမြင်ပြီး ငါးချိတ် မမြင်သူပဲ။ မင်းဟာ ယုတ်မာသလို မိုက်လဲမိုက်တယ်။ မင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုနိုးကို မတော်မတရားပြုပြီး သတ်ခဲ့ပြီး သေနတ် ဒီမှာရှက်ထားတာ။ သေနတ်ထဲမှာ ကျည်သုံးတောင့်ရှိတာလည်း သိလို့ထုတ်ထားပြီးပြီလေ။ ခုတော့ မင်းအတွက် သေဒဏ် ကျိန်းသေသွားပါပြီ'

ရဲအရာရှိစကား ပြတ်သားလှသည်။

'ကျုပ် မငြင်းတော့ပါဘူး။ ကျုပ် ကိုနိုးကို မတရားပြုကျင့်ပြီး ပြန်တိုင်မှာစိုးလို့ သတ်လိုက်တယ်။ ဆရာတို့ တော်ပါတယ်'ဟု ပြောသည်။

ရဲအရာရှိက ဘာမျှမပြောပါ။ ပြုံးလျက်။

'သူ့ကိုခေါ်ခဲ့ကြ၊ သူတို့လို လူယုတ်မာကို အမြန်ဆုံး သေဒဏ်ခံရဖို့ တို့လုပ်စရာရှိတာ လုပ်စို့'ဟု ပြောပြီး ကလားရိန့်(စ်)ကို ကြည့်ကာ

'မင်း မသေခင် ဘုရားသခင်ဆီမှာ ဆုတောင်းစရာရှိတာ ဆုတောင်းဦး။ မင်း ဆုတောင်းထဲမှာ နောင်ဘဝမှာ မင်း ဒီလိုလူယုတ်မာဘဝ ကင်းလွတ်ပါစေလို့ ဆုတောင်းဖြစ်အောင် ဆုတောင်းနော်'ဟု ပြောလိုက်သည်။

'ကလားရိန့်(စ်)'ဆိုသည့် လူယုတ်မာ မှဒိန်းသမားက ဘာမှမပြော။ သူ ခေါင်းငုံ့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကလားရှိန်(စ်)သည် တုန်လှုပ်ချောက်ချားစွာ သေမင်းခေါ်သံကို စောင့်နေမည်မှာ မုချ။

**ဝန်ခံချက်** ။ ။ Stranger Than Science ကို ခံစားရေးဖွဲ့သည်။

သည်းထိတ်ရင်ဖိုမဂ္ဂဇင်း၊
၂၀၀၇ ဖေဖော်ဝါရီလ။

စလုစာပေ

www.burmeseclassic.com

www.burmeseclassic.com

# [ ၇ ]

# အရှင်လတ်လတ်
# နတ်ပြည်ရောက်ခဲ့သူ

www.burmeseclassic.com

www.burmeseclassic.com



လောက၌ လူတစ်ဦးသည် အသက်ရှင်နေဆဲဖြစ်သော်လည်း သူသေဆုံးသွားပြီးသည့်နောက်တွင် နေထိုင်ရမည့် ဘုံဗိမာန်တစ်ခုအား သွားရောက်ကြည့်ရှုခဲ့ရသည့်အဖြစ်များက ရှိခဲ့၏။

ထိုသူများက သေရွာပြန်များဖြစ်၏။ သူသည်လည်း အသက်မသေဘဲ သူသေဆုံးသွားပြီးနောက် သူနေထိုင်ရမည့် ဘုံဗိမာန်ကို သူ သွားရောက်ကြည့်ရှုခဲ့ရ၏။

သူကား...

စလုတာပေ

www.burmeseclassic.com

www.burmeseclassic.com

# [ ၁ ]

သူ့အမည်မှာ 'လီရှောင်ဝေ'ဖြစ်သည်။

လီရှောင်ဝေသည် တိုင်ပေမြို့တွင် ထင်ရှားသည့် လုပ်ငန်းရှင်တစ်ဦးဖြစ်၏။ တလောကမှ သူတည် အပြင်းအထန်ဖျားပြီး သတိလစ် မေ့မြောသွားခဲ့သည်။

"သူ အခြေအနေမကောင်းဘူး၊ သူ့ကို အမြန်ဆုံး ဆေးရုံပို့ပေးပါ"

လူတစ်ဦးကပြော၏။ ဖနီးသည်သည် ခင်ပွန်းဖြစ်သူအတွက် သောကဝေနေ၏။ သူ့မိသားစုမှလည်း သူ့အားဆေးရုံသို့ အမြန်ပို့ခဲ့၏။

လီအား တိုင်ပေဆေးရုံမှ ဆေးဝန်ထမ်းများဖြစ်သည့် ဆရာဝန်၊ ဆရာမများက လီ့အသက်ရှင်ရေးအတွက်ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



ကုသကြ၏။ သို့တစေ လီကား သုံးရက်ကြာသည့်တိုင် သတိပြန်လည်လာခြင်းမရှိ။

သတိလစ် မေ့မျောနေကြသည်။

လီ၏ဖိုးနှင့် မိသားစုများက လီကို သေပြီဟု ယူဆကြသည်။ ငိုသူငိုနှင့်။

သို့သော် လီက ကံကောင်းသူဟု ဆိုရမည်ပင်။

လီသည် လေးရက်မြောက်နေ့တွင် ပြန်လည်သတိလည်လာခဲ့၏။

ထူးခြားသည်က လီသည် အသက်ပြန်လည်ရှင်သန်ပြီး သတိရလာသည့်အခါ ဝေဒနာခံစားရသည့် အသွင်သဏ္ဍာန်မရှိ။ ပြုံးပြုံးရွှင်ရွှင် ကြည်ကြည်လင်လင်နှင့်။

တိုင်ပေဆေးရုံရှိ ဆရာဝန်များ၊ ဆရာမများသည် လီ၏အသွင်သဏ္ဍာန်ကိုကြည့်ကာ အံ့ဩနေကြ၏။ လီသည် သူ့အား စိုရိမ်တကြီးကြည့်နေသည်။ ဆရာဝန် ဆရာမများကို ကြည့်ကာ...

'သိပ်အံ့ဩဖို့ကောင်းတယ်ကွာ၊ ကျွန်တော် နတ်ပြည်ကို ရောက်သွားခဲ့တယ်။ အခု ကျွန်တော် နတ်ပြည်က ပြန်လာတာ'ဟု ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ကြီးက တအံ့တဩနှင့်...

'ဘာ...ခင်ဗျား နတ်ပြည်ကပြန်လာတယ် ဟုတ်လား' ဟု မေး၏။

'ဟုတ်တယ်။ အခု ကျွန်တော် နတ်ပြည်ကပြန်လာတာ။ နတ်ပြည်မှာ ကျွန်တော်နေဖို့ အဆောက်အအုံကြီးတစ်ခု တည်ဆောက်နေတာတောင် ကျွန်တော် တွေ့ခဲ့သေးတယ်'

'ခင်ဗျာ...'

အားလုံး ဇဝေဇဝါဖြစ်ကာ မယုံနိုင်ကြ။ ဆရာဝန်တစ်ဦးက

"ဟုတ်ကဲ့လားဗျာ၊ ခင်ဗျားဦးနှောက် အနေအထားမှ ကောင်းသေးရဲ့လား။ ခင်ဗျား အပြင်းဖျားဖျားပြီး မေ့မြောသွားတာ ဒီနေ့ပါဆို လေးရက်ရှိပြီလေ။ ခင်ဗျား ဘယ်လို နတ်ပြည်ကို ရောက်နိုင်မလဲ'

ဟု ပြော၏။ သူ့စိတ်တွင် လီသည် ဦးနှောက်ချောက်ခြားဖြစ်ကာ ပါးစပ်ထဲရှိရာ လျှောက်ပြောနေသည်ထင်၏။

ထို့ကြောင့် လီ့ကိုလည်း အသေအချာ စစ်ဆေးစူးစမ်းကြ၏။ လီသည် ကယောင်ချောက်ခြားဖြစ်သည့် အရိပ်အယောင် မရှိ။ စိတ်ကူးလည်း ပုံမှန်အနေအထားရှိကြောင်း သိရ၏။ လီက ပြုံးလျက်။

www.burmeseclassic.com



"ဟုတ်တယ်၊ ပြောရရင် ကျွန်တော် မေ့မြော သွားတဲ့အချိန်မှာ နတ်ပြည်ကို ရောက်သွားတာပါ။ နတ်ပြည်က ကျွန်တော်နေမယ့် ဗိမာန်အဆောက် အအုံကြီးကလည်း စုလစ်မွမ်းချွန်တွေနဲ့ ရွှေရောင် တောက်နေတယ်ဗျ။ နတ်ပြည်မှာ လူ့ပြည်က ရောက်သွားတဲ့လူတွေတောင် ကျွန်တော် တွေ့ခဲ့ သေးတယ်။ သူတို့ဗိမာန်တွေကလည်း ရွှေရောင် တောက်နေတာ အံ့သြစရာပဲ"

"ခင်ဗျား တကယ်ပြောတာလား"

"ကျွန်တော် တကယ်ပြောတာပါ၊ ကျွန်တော် မမေ့ပါဘူး။ ကျွန်တော် နတ်ပြည်ရောက်သွားတော့ နတ်သားကြီးတစ်ပါးက ကျွန်တော့်အနားကို ရောက် လာပြီး ခင်ဗျား သေလွန်ပြီးတဲ့နောက်မှာ ခင်ဗျားနေ ရမယ့် ဗိမာန်ကြီးဟာ အဲဒီဗိမာန်ကြီးပဲလို့ ပြော တယ်။ ကျွန်တော်ကြည့်လိုက်တော့ ဗိမာန်ကြီးတစ်ခု လုံး ရွှေရောင်တောက်လို့ပါ"

ဟုပြောလျှင် ဆရာဝန်တစ်ဦးက "ဟုတ်ကေဟုတ်ရဲ့ လားဗျာ၊ ခင်ဗျား သတိလစ် မေ့မြော့သွားပြီး ထင်ယောင်



www.burmeseclassic.com

www.burmeseclassic.com



ထင်မှား ဖြစ်နေတာလား"ဟု မေး၏။

လီက–

"ကျွန်တော် တွေ့ကြုံခဲ့ရတာကို အမှန်အတိုင်း ပြောတာပါ၊ ကျွန်တော် နတ်ပြည်ကို ရောက်သွားတာကတော့ အမှန်ပါပဲ"

ဟု ပြော၏။

"ဒါဆို နေပါဦး၊ ခင်ဗျားအမြင်ကို ပြောပါဦး"

ဟုပြောပြီး သူ၏ သေရွာမြန်အတွေ့အကြုံကို ပြောပြ၏။



www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

"အဖြစ်က မယုံနိုင်စရာအဖြစ်ပါ။ ဒါပေမဲ့ ထင်ယောင်ထင်မှား ဖြစ်ပျက်မှု မဟုတ်တာကတော့ အမှန်ပါ။ ပြောရရင် ကျွန်တော့်တစ်ကိုယ်လုံး မီးလို ချစ်ချစ်တောက်ပူပြီး မေ့မလို မြောမလို ဖြစ်နေတုန်း ကောင်းကင်က ပန်းရထားတစ်စင်း ပေါ်လာတာကို တွေ့လိုက်ရတယ်။ ပြောလို့ပြောတာမဟုတ်ဘူး။ ပန်းရထားကို မြင်လိုက်ရတယ်ဆိုရင် ကျွန်တော့် တစ်ပြင်လုံးဟာ စမ်းရေကြည်နဲ့ ပက်ဖြန်းလိုက်သလို အေးမြသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပန်းရထားကို မြင်လိုက်တော့လည်း ပန်းရထားဟာ ပန်းတွေဝေပြီး ရွှေရောင်တောက်နေတယ်။ အဲဒီပန်းရထားဟာ ပန်းတွေဝေပြီး ရွှေရောင်တောက်နေတဲ့ ပန်းရထားဟာ ကျွန်တော့်အိမ်အပေါ်ကောင်းကင်ယံမှာ ရပ်တန့်ပြီး အဲဒီပန်းရထားပေါ်က ပြုံးပြက်တောက်ပတဲ့ လူသုံးယောက် ဆင်းလာတယ်။ ပြီးတော့ ကျွန်တော့်ကိုကြည့်ပြီး…"

"အမောင်လူသား၊ အမောင်လူသား ကျွန်ုပ်တို့နဲ့အတူ နတ်ပြည်ကို ခဏလိုက်ခဲ့ပါလို့ ချိုသာစွာပြောတယ်"

လီက ပြောရင်း ပြုံးလိုက်၏။ လို့အသွင်က အမှန်ပင်ကြည်လင်နေ၏။

"ကျွန်တော် သူတို့ကိုကြည့်လိုက်တယ်။ သူတို့မျက်နှာတွေက ပြုံးရွှင်နေပြီး စကားသံတွေကချိုသာလှတယ်။ ကျွန်တော် သူတို့ကို သဘောကျပြီးငေးကြည့်နေမိတယ်"

ဟုတ်သည်။

လီ မှတ်မိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



လီသည် နတ်သားတို့အား ငေးကြည့်နေရာမှ ပန်းရထား ပေါ် တက်လိုက်ပြီး သူတို့ခေါ်ရာသို့ လိုက်ပါခဲ့သည်။ သူ့ရင်ထဲ ၌ ဘာဝေဒနာမှမရှိ။ အေးချမ်းနေသည်။

ပန်းရထားကမူ တရိပ်ရိပ်ပြေးလွှားနေ၏။ တိမ်မိုးတိမ်ဆိုင် များက ရိပ်ရိပ်ပြေးလျက်၊ လီ မှင်တက်မိနေသလိုပင်။

သိပ်မကြာပါ။

နတ်ပြည်ရောက်ပြီဟု သိလိုက်သည်။ လီ သတိထား လိုက်မိသည်က နတ်ပြည်သည် ကမ္ဘာမြေနှင့် မတူခြင်းဖြစ် သည်။

လီ မြေသားကို အကဲခတ်ကြည့်သည်။ နတ်ပြည်မှ မြေသားသည် ကမ္ဘာမြေမှ မြေသားနှင့် မတူ။ နတ်ပြည်က မြေသားမှာ အဖြူရောင်မြေသားဖြစ်၏။ အဖြူကလည်း ရိုးရိုး အဖြူမဟုတ်၊ နှင်းပွင့်လို ဖြူသည့်အဖြူ။ ဖွေးနေလျက်။

သို့သော် သေသေချာချာစဉ်းစား၍ပြောရလျှင် မြေသား ဆိုသော်လည်း မြေသားနှင့်မတူ။ အငွေ့နှင့်တူနေ၏။ အငွေ့ အသက်တစ်မျိုး ဖြစ်နေသည်။ ယင်းအဖြူရောင်အငွေ့များ ကြားမှ ဘုံဗိမာန်ကို တွေ့လိုက်ရ၏။ ဘုံဗိမာန်များက အစီ အရီပင်။



www.burmeseclassic.com

www.burmeseclassic.com



အချို့ဗီမာန်တွေက ပိုး၍ခမ်းနားပြီး ရွှေရောင်တောက်ပနေ၏။ ပို၍ခမ်းနားနေ၏။ ပို၍ကြီးမားနေ၏။

ထိုထိုသော ဗီမာန်များကြားမှ ဗီမာန်တစ်ခုကို တွေ့လိုက်ရ၏။

"ဒီဗီမာန်ဟာ ခင်ဗျားနေရမယ့် ဗီမာန်လေ"

"ခင်ဗျာ..."

အံ့ဩစရာကောင်းလှသည်ဟု ခံစားရသည်။

www.burmeseclassic.com

www.burmeseclassic.com

[ ၃ ]

နတ်ပြည်က စည်းကမ်းရှိလှ၏။ သူ့ဗိမာန်နှင့်သူ သီးခြား နေထိုင်ကြသည်။ နတ်ပြည်က လူ့ပြည်ထက် စည်းကမ်းတကျ ရှိပြီး သာယာလှသည်။

နေချင်စဖွယ်လည်း ကောင်း၏။

စိတ်ထဲ၌ သာယာနေသည်။ ခွဲချင်စိတ်မရှိ။

နတ်ပြည်တစ်ပြည်လုံးက လင်းထိန်နေ၏။ တောက်ပ နေ၏။ နတ်သမီးတွေကလည်း ကိုယ်ရောင် ပြိုးပြိုးပျက်ပျက် နှင့်။

သူတို့အားလုံးသည် စိတ်ချမ်းသာမှုအပြည့်နှင့် ပျော်ရွှင် နေပုံရ၏။ အတော်လည်း အံ့ဩစရာကောင်းလှ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် လီသည် အံ့သြစရာကောင်းသည့် အရာတစ်ခုအား ဖျတ်ခနဲတွေ့လိုက်ရ၏။ တခြားမဟုတ်။

လွန်ခဲ့သည့် တစ်နှစ်ခန့်က ကွယ်လွန်သွားခဲ့သည့် ဖခင်ကြီးအား တွေ့လိုက်ရခြင်းဖြစ်၏။ ဖခင်ကြီးက ဗိမာန်တစ်ခုနှင့် ဖြစ်သည်။

ဖခင်ကြီးကလည်း ဝမ်းသာအားရဖြင့်...

"သားရယ်၊ သားကိုတွေ့ရလို့ ဝမ်းသာလိုက်တာ"

"အဖေရယ်၊ သားလည်း ဝမ်းသာလိုက်တာပေါ့၊ အဖေ ဒီကိုရောက်နေတာ ကြာပြီလား"

ဖခင်ကြီးက ပြုံးလျက် ခေါင်းဆတ်ပြီး–

"ငါသေပြီးကတည်းက ဒီကိုရောက်လာတာ သားရဲ့၊ မင်းကော ဒီကိုရောက်ပြီလား။ ကောင်းတယ်။ လူ့ပြည်မှာ ကောင်းတာလုပ်သူ၊ စိတ်ကောင်းရှိသူဟာ နတ်ပြည်ကို ရောက်ရစမြဲပဲ။ မင်းလည်း ကောင်းမှုကုသိုလ်တွေ လုပ်ခဲ့လို့ ဒီကိုရောက်လာတာ မဟုတ်လား။ ဝမ်းသာလိုက်တာ သားရယ်"

ဖခင်ကြီးက အပြုံးနှင့်။

"မမ်းထဲ၌လည်း ပျော်ရွှင်ကြည်နူးနေ၏



www.burmeseclassic.com

www.burmeseclassic.com



ထိုအတူ လီသည် နတ်ပြည်၌ အသိမိတ်ဆွေထဲမှ တစ်ယောက် နှစ်ယောက်ကို တွေ့ရပြန်၏။ သူတို့သည်လည်း ပြုံးပြုံးပြက်ပြက်နှင့်။

ထိုလူသုံးယောက်က လီအား နတ်ပြည်အနှံ့ လိုက်ပြသည်။ နတ်သားတစ်ဦးက–

"အမှောင်နေရမယ့် ဗိမာန်ကို တွေ့ပြီမဟုတ်လား။ ဒါပေမဲ့ မိတ်ဆွေနေရတဲ့ ဗိမာန်က တခြားဗိမာန်တွေလောက် မခမ်းနား မတောက်ပသေးဘူး။ ဒါကလည်း မိတ်ဆွေ လူ့ပြည်မှာနေစဉ်က ပြုလုပ်ခဲ့တဲ့ ကောင်းမှုကုသိုလ်နဲ့ သက်ဆိုင်တယ်။ မိတ်ဆွေ ကောင်းမှုကုသိုလ် များများလုပ်လေ၊ မိတ်ဆွေနေရမယ့် ဗိမာန်က ကြီးကျယ်ခမ်းနားပြီး အရောင်တောက်ပလေ ဖြစ်မယ်"

"ဒါဆို ဗိမာန်တွေရဲ့ အသွင်အပြင်ဟာ သူ့ရဲ့ ကုသိုလ်ကောင်းမှုနဲ့ ဆိုင်တယ်ပေါ့"

"ဟုတ်တယ်၊ လူတစ်ဦးချင်းစီနဲ့ ကောင်းမှုကုသိုလ်ကံအလျောက် ဗိမာန်တွေဟာ ပေါ်ပေါက်လာတာဖြစ်တယ်။ လူ့ပြည်မှာ ကုသိုလ်ကောင်းမှု



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရင် ကိုယ်ကျင့်တရားကောင်းရင်၊ စိတ်ကောင်းထားရင် သေပြီးတဲ့နောက် နတ်ပြည်ကိုရောက်မှာ မလွဲပဲ"

"အခု မိတ်ဆွေက လူ့ပြည်မှာ ကောင်းမှုကုသိုလ်တွေ လုပ်တဲ့အတွက် နတ်ပြည်မှာ မိတ်ဆွေ နေရမယ့်ဗိမာန်ကို အလိုအလျောက် လာပြီးပေါ်နေတာပဲ။ မိတ်ဆွေ ကုသိုလ်ကောင်းမှုတွေ များများ ဆက်လုပ်ပါ"

ဟု နတ်သားကပြောသည်။

ထို့နောက် နတ်သားများက လီအား ဆေးရုံသို့ ပြန်ပို့သည်။ လီ ဆေးရုံသို့ရောက်လျှင် နတ်သားများ ပန်းရထားနှင့် ပြန်သွားကြ၏။



www.burmeseclassic.com

www.burmeseclassic.com

[ ၄ ]

"တကယ့်ကို မယုံနိုင်စရာကောင်းသလို၊ အံ့ဩဖို့လည်း ကောင်းတယ်"

ယုံရခက်၊ မယုံရခက်နှင့် ဆရာဝန်ကြီးက ပြောသည်။ သို့တစေ အားလုံးသည် လီ့အကြောင်းကို သိသူများ၊ လီက တည်ကြည် ရိုးသားသည့် လုပ်ငန်းရှင်ဖြစ်နေသဖြင့် လီမုသာ ပြောမည်မဟုတ်ဟု သိနေ၏။

မှန်သည်။

လီက ကိုယ်ကျင့်တရားကောင်းသူ၊ စေတနာကောင်းသူ၊ လုပ်ငန်းရှင်တစ်ဦးဖြစ်၏။ တိုင်ပေတွင် ထင်ရှားသည့် လုပ်ငန်းရှင်တစ်ဦးလည်း ဖြစ်၏။

ပြီးတော့ လီက ဘာသာတရားကိုင်းရှိုင်းသူတစ်ဦး။

ထို့ကြောင့် ဆရာဝန်ကြီးတစ်ဦးက ဦးခေါင်းသိတ်ပြီး–



www.burmeseclassic.com

www.burmeseclassic.com



"အင်း... ဒီဖြစ်ရပ်က အတော့်ကို ထူးခြားဆန်းကြယ်တဲ့ဖြစ်ရပ်ပဲ။ သူက ဒီမှာ မသေသေးဘူး။ သူသေရင် နေထိုင်ဖို့ ဗိမာန်အဆောက်အအုံတွေက ဟိုမှာပေါ်နေပြီ။ မယုံကြည်နိုင်စရာကောင်းသလို မမြင်နိုင်စွမ်းတဲ့ အကျိုးဆက်တွေလို့ ဆိုရမယ်။ တမလွန်ဘဝရှိတယ်ဆိုတာ ကျုပ်တို့ လက်ခံတယ်။ လူဟာ သေရင် တမလွန်ရောက်မှာ အမှန်ပဲ။ နတ်ပြည်ဆိုတာကလည်း တမလွန်ဘဝ တစ်မျိုးပဲလေ"

"ဒါပေမဲ့ တမလွန်ဘဝမှာ သူ့အတွက် ကြိုတင်နေစရာ ပေါ်ပေါက်နေတာကတော့ အံ့ဩစရာပေါ့။ တစ်ခုပြောစရာရှိတာက လီရဲ့ ကောင်းမှုကုသိုလ်အရိပ်လိုင်းက တမလွန်နတ်ပြည်မှာ သွားထင်ဟပ်တာ ဖြစ်မယ်။ အဲဒီဗိမာန်ကို လီ မေ့မြောသွားခိုက်မနောလှိုင်းနဲ့ တမလွန်ခရီးသွားခြင်း တစ်မျိုးပေါ့ဗျာ"

ဟု တည်ငြိမ်စွာ မှတ်ချက်ချလိုက်သည်။ ။

**Ref—East Week, 2000.**

❖

စလုံစာပေ

www.burmeseclassic.com

www.burmeseclassic.com

[ ၈ ]

# အရှင်လတ်လတ်
# ငရဲပြည်ရောက်ခဲ့သူ

www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

# အရှင်လတ်လတ်
# ငရဲပြည်ရောက်ခဲ့သူ

www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

ချူလျှံဝေသည့် ဟောင်ကောင်တွင် နာမည်ကြီးလုပ်ငန်းရှင်တစ်ဦး ဖြစ်သည်။ အရွယ်က မကြီးသေး။ လူလတ်ပိုင်းအရွယ်သာ ရှိမည်။

သူ့တွင် အလွန်တရာချော်မောလှပသည့် ဇနီးမယားနှင့် သားသမီးနှစ်ယောက် ရှိသည်။

သို့သော် ချူက မိန်းမပွေသူ။

တလောက ဗိဒီယိုမင်းသမီးငယ်တစ်ဦးနှင့် စင်ကာပူသို့ ခရီးထွက်ခဲ့သည်။ သူ့ဇနီးက မသိ။ သူ့ဇနီးက လုပ်ငန်းကိစ္စနှင့် သွားသည်ဟုသာ ထင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ချူလှုံဝေ၏ စင်ကာပူခရီးသည် ကြမ္မာငင်သည့် ခရီး ဖြစ်ခဲ့သည်။

ဟုတ်သည်။ ချူသည် ဒဏ်ရာပြင်းထန်စွာ ရခဲ့၏။ ဗီဒီယို မင်းသမီးကမူ ကံမကောင်းခဲ့။ ဆေးရုံ၌ ချူ သုံးရက်မျှ သတိမရခဲ့။ ခန္ဓာကိုယ်အတွင်းပိုင်းဒဏ်ရာများအတွက် ခွဲစိတ် ကုသရသည်။

သူသတိရသည့်အခါ သူ့မျက်နှာတွင် စိုးရွံ့မှုများရှိနေ၏။

"ဘယ်လိုပြောရမလဲမသိဘူး၊ ကျွန်တော် ကား တိုက်မှုဖြစ်ပြီး သတိလစ်မေ့မြောသွားခိုက်မှာ ထူးခြား တဲ့ အဖြစ်အပျက်တွေကို ကြုံတွေ့ခဲ့ရတယ်။ အဖြစ် ဟာ သိပ်အံ့ဩစရာကောင်းတယ်"

ဟု ပြောသည်။

အားလုံးသည် အံ့ဩနေ၏။

သူက သူ၏အဖြစ်အပျက်များအား ဆက်၍ပြောပြသည်၊

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

မှောင်မည်းနေ၏။

သူ အလန့်တကြားကြည့်လိုက်သည်။ အမှောင်သည် တဖြည်းဖြည်း ပါးသွား၏။ အလင်းရောင်ကို တွေ့လိုက်ရသည်၊ အလင်းရောင်ထဲရောက်ခိုက် သူ့ခြေလှမ်းတွေ တုံ့သွားသည်၊

"ခင်...ခင်ဗျား ဘယ်သူလဲ"

ချူက မေးလိုက်သည်။

လူမည်းကြီးသုံးယောက်က ဘာမှမပြောပါ။ သို့တစေ၊ လူမည်းကြီးများက ထူးခြားသည်ဟု ချူ သိလိုက်သည်။ လူမည်းကြီးသုံးယောက်၏ ဦးခေါင်းတွင် ဦးချိုတွေနှင့်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကလည်း ရုပ်ဆိုးကျည်းတန်လှ၏။ တစ်ကိုယ်လုံး *အမွေးအမျှင်တွေနှင့်။*

ချူသည် ထိတ်လန့်နေ၏။

"ခင်ဗျားတို့ ဘယ်သူတွေလဲ"

ချူက ထပ်မေးသည်။ လူမည်းများသည် ဖြေကြားခြင်း မရှိ၊ တရွေ့ရွေ့လျှောက်လာသည်။ ချူ၏အနားသို့ ရောက်လျှင် ချူ၏လက်ကို ဆတ်ခနဲ ဆုပ်ကိုင်လိုက်သည်။

"ဒါ...ဒါ ဘာလုပ်တာလဲ၊ ကျုပ်ကို ဘာလို့ ဒီလိုလုပ်တာလဲ"

ချူက မေးသည်။

စကားသံထွက်မလာ။ အကြီးဆုံးလူမည်းကြီးက...

"မင်း ဘာမှမပြောနဲ့၊ ဒီတုံးပေါ်ကိုသာတက်ပြီး လိုက်ခဲ့"

ဘာပြောရမည်မသိ၊ ပြောနိုင်စွမ်းလည်းမရှိ။ ဦးဦးရှုံ့ရှုံ့နှင့် တုံးမည်းမည်းကြီးပေါ်သို့ တက်လိုက်သည်။

လူမည်းကြီးသုံးယောက် တုံးပေါ်တက်၏။ တုံးသည် မြေပြင်မှ တရွေ့ရွေ့တက်သွားပြီး အားလုံးသည် ရပ်လျက်။ လူမည်းကြီးသုံးဦးက ချူအား ဗိုလ်နောက်ဆိုင် ဝိုင်းထား၏။

ယခုအချိန်တွင်မူ လူမည်းကြီးသုံးဦးသည် ချူအား ချုပ်

www.burmeseclassic.com



ကိုင်ထားခြင်း မရှိ။ သစ်တုံးက တရိပ်ရိပ်ပြေးနေ၏။ သစ်ပင်တွေ၊ တောတောင်တွေက တရိပ်ရိပ်ကျန်ခဲ့သည်။

သူတို့ ဘယ်သူတွေလဲ၊ ဘယ်ကိုခေါ်သွားမှာလဲ။

ချူ သိချင်နေသည်။

သို့သော် မသိနိုင်သေးပါ။

တုံးကြီးသည် တရိပ်ရိပ်ပြေးနေဆဲ။

သစ်တုံးကြီးက ကုန်းမြေခုံးကိုကျော်ပြီး ရေပြင်ကျယ်ကြီးတစ်ခုကို မြင်လိုက်ရသည်။ တုံးကြီးက ရေပြင်ပေါ်၌ ဆက်ပြေးနေ၏။

"အို..."

ချူ လန့်သွား၏။ အဘယ်ကြောင့်ဆိုသော် ချူအား သယ်ဆောင်လာသည့် သစ်တုံးသည် ရေပြင်အောက်သို့ ငုပ်လျှိုးဝင်သွားသောကြောင့် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

[ ၃ ]

ရေအောက်ကို ရောက်ခဲ့ပြီ။

ရေအောက်တွင် မှောင်မည်းနေခြင်းမရှိ။ လင်းနေ၏။ ရေအောက်မှာ ဒီလူတွေ ဘယ်လိုနေကြသလဲဟု သူ စဉ်းစား၏။

ရေအောက်ရောက်ပြီး မကြာခင် မီးတောင်ဝလို ချိုင့်ခွက်ကြီးတစ်ခုကို မြင်သည်။ ချိုင့်ခွက်ကြီးတွင်းသို့ ဆင်းသွားပြန်၏။ တွင်းကြီးတွင်းသို့ ရောက်လျှင် ရပ်လိုက်၏။

"မင်း ဆင်းတော့"

လူမည်းကြီးက ပြောသည်။

ချူ ဆင်းလိုက်သည်။ သူ့အား ညှပ်ကာခေါ်ခဲ့၏။ အချိန်တွင် ပြောင်လက်သည့်အချွန်အတက်များရှိသည့် အဆောက်



www.burmeseclassic.com

www.burmeseclassic.com



အအုံတွင်းသို့ ဝင်ခဲ့သည်။ အခေါက်အအုံတွင်း၌ သန့်ရှင်းခမ်းနားလှသည်။

အခန်းတွင်း၌ ဦးချိုသုံးခုနှင့် လူမည်းကြီးများ ရှိနေ၏။

ပြီးတော့ သူတို့လက်ထဲ၌ ခက်ရင်းခွသဏ္ဌာန်ရှိသည့် လက်နက်များကို ကိုင်ဆောင်ထားသည့် လူမည်းတွေက လူတွေကို ဖမ်းဆီးခေါ်ဆောင်လာသည်ကိုလည်း တွေ့ရ၏။ သို့သော် ထိုသူတွေကို ချူ မသိ။

ချူနှင့် လူမည်းကြီးသုံးယောက်က အခန်းတစ်ခန်းတွင်းသို့ ဝင်လာသည်။

အခန်းတွင်းရှိ ကုလားထိုင်တစ်လုံးတွင် လူဝကြီးတစ်ဦး ထိုင်နေ၏။ သူက အခြားလူမည်းများနှင့် မတူ။ အဝတ်အစားတွေက ပြုံးပျက်နေ၏။

"ရပ်"

လူမည်းကြီးတစ်ဦးက ပြောသည်။

ချူ ဘာပြောရမည်မသိ။ ထိုစဉ် လူမည်းတစ်ဦးက–

"အရှင်၊ ကျွန်တော်တို့ ချူလျှံဝေကို ခေါ်လာပါပြီ"

ဟု ပြော၏။

ကုလားထိုင်ပေါ်မှ လူဝကြီးက ချွေးခနဲကြည့်သည်။ သူ၏

www.burmeseclassic.com

www.burmeseclassic.com



ဦးခေါင်းတွင် ဦးချိုမရှိ။ သူ့ဦးခေါင်းပေါ်တွင် ရှိနေသည်က သရဖူလိုလို၊ မကိုဋ်လိုလို အုပ်ဆောင်းတစ်ခု။

သူက လူမည်းသုံးဦးအား ကြည့်လိုက်ပြီး...

"ဟောဒီကောင်တွေ၊ မင်းတို့ လူမှားခေါ်ခဲ့ပြီထင်တယ်။ ဘာဖြစ်လို့လဲဆိုရင် ဒီကောင်ဟာ ချူလွှဲပေ ဖြစ်ပေမယ့် ငါလိုချင်တဲ့ ချူလွှဲပေ မဟုတ်နိုင်ဘူး။ ပြီးတော့ ဒီကောင်က ငါတို့ဆီ လာချိန်မတန်သေးဘူး။ သူရောက်ရမယ့်အချိန်လိုသေးတယ်။ ဒါကြောင့် သူ့ကို ပြန်ပို့လိုက်"

သူတို့စကားကို နားတောင်ရင်း ချူလွှဲပေ မူးနောက်သွားသည်။ နားလည်နိုင်ခြင်းလည်း မရှိ။ စဉ်းစားလို့လည်း မရ။ ထိုစဉ် ချူအား လူမည်းကြီးသုံးယောက်က ချူ့ကို ပြန်ခေါ်သွားသည်

* * *

အခန်းအပြင်သို့ရောက်လျှင် လူမည်းကြီးများ ခေါ်လာသည့် မိန်းကလေးတစ်ဦးကို တွေ့ရ၏။ ထိုမိန်းကလေးကို တွေ့လျှင် ကျွန်တော် အံ့သြရပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့်ဆိုသော် ထိုအမျိုးသမီးက ကျွန်တော်နှင့် စင်ကာပူသို့ အတူလာခဲ့သည့် ဗီဒီယိုမင်းသမီး။ ကျွန်တော့် ချစ်သူများစွာထဲမှ တစ်ဦးတစ်ယောက်။

သူက ဟောင်ကောင်တွင် ဗီဒီယိုမင်းသမီး။

သူက ချူ့ကို တွေ့ပုံမရ။ လူမည်းကြီးများလက်ထဲမှ ရုန်းကန်ပါသွား၏။ ချူ့စိတ်ထဲ ထောင်းခနဲဖြစ်သွားပြီး ကူညီရန် စိတ်ရောက်သွား၏။

ထိုစဉ် လူမည်းသုံးဦးထဲမှ တစ်ဦးက...

"ဘာလဲ၊ မင်းက ဟိုကောင်မကို သွားကယ်မလို့လား။ ဒါက သူ့အကြောင်းနဲ့သူ ခံရတာ၊ မင်းသွားကယ်လို့လည်း မရဘူး၊ သူ့ကို ယမမင်းကြီးက စစ်ဆေးဦးမှာ"

သူ့စကားကြားတော့ ချူ အံ့သြရသည်။

"ဘာ...ယမမင်း ဟုတ်လား"

ဟု ရေရွတ်လိုက်သည်။ ချူ့စိတ်ထဲ၌လည်း 'ငါနှယ် ယမမင်းကြီးရှေ့ ရောက်ခဲ့တာတောင် မသိခဲ့ပါလား"ဟု တွေးမိ၏။

"လာ၊ မြန်မြန်လာ"

အပြင်ဘက်သို့ရောက်လျှင် အသံတွေကြားရ၏။ ငိုကြီးသံ



www.burmeseclassic.com

www.burmeseclassic.com



များပင် ဖြစ်သည်။ သို့သော် အသံကိုကြားရသော်လည်း လူ ရိပ်လူယောင် မမြင်ရပေ။

အော်သံတွေကြားရပြန်ပြီ။

သို့နှင့် တစ်နေရာသို့ ရောက်ခဲ့၏။

ရှေ့တွင် အပူငွေ့တွေ တထောင်းထောင်းထနေသည်။ ရေကန်တစ်ခု။ ရေကန်ကြီးထဲ၌ လူတွေ မြုပ်ချည်ပေါ်ချည်နှင့် အချို့ ကူးခတ်နေသည်ကို မြင်ရ၏။

သူတို့ကိုတွေ့မှ စောစောကကြားသော အသံများမှာ ရေကန်ဆီမှအသံများမှန်း သိရ၏။

မြင်ကွင်းက မလှပ။ အချို့က ကူးခတ်လာပြီး ကမ်းစပ် ရောက်ခဲ့ပါသော်လည်း ကမ်းစပ်မှ လူပည်းကြီးများက ခရင်းဂွ နှင့် ပြန်ထိုးချသဖြင့် ရေကန်တွင်းသို့ ပြန်ကျသွားရပြန်ပြီ။

မြင်ရသည့် မြင်ကွင်းက ရင်နင့်စရာ။



www.burmeseclassic.com

www.burmeseclassic.com

## [ ၄ ]

မြင်ကွင်းတစ်ခုကို မြင်လိုက်ရပြန်၏။

မြင်ကွင်းက တုန်လှုပ်စရာမြင်ကွင်းပင်။ ကွင်းပြင်ကျယ်ကြီး တစ်ခုတွင်း၌ လူတွေ...။ သူတို့ကိုယ်ပေါ်၌ ရောမကျောက်တုံး ကြီးများ ဖိထား၏။

အသေအချာကြည့်လိုက်မှ အံ့ဩရ၏။ မြင်ရသည့် ကွင်း ပြည်ကျယ်က သာမန်ကွင်းပြင်ကျယ်မဟုတ်။

ကွင်းပြင်ကြီးတစ်ခုလုံးတွင် ဆူးတွေအပြည့်။ လူတွေက ဆူးတွေပေါ်၌ထိုင်ပြီး အပေါ်မှ ကျောက်တုံးကြီးများနှင့် ဖိထား ခြင်းဖြစ်သည်။

ထို့ကြောင့် လူတွေ မချိမဆံ့ညည်းညူနေကြခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခု ကျွန်တော် အလာတုန်းက စီးခဲ့သည့် တုံးမည်းမည်းကြီးပေါ်သို့ တက်ရပြီ။ လူမည်းကြီးသုံးယောက် တက်လိုက်လျှင် တုံးသည် တရွေ့ရွေ့တက်သွား၏။

မကြာခင် ရေအောက်မှထွက်ပြီး ကုန်းမြေသို့ရောက်သည်။ ပြီးလျှင် ချုအား ဆေးရုံသို့ပို့ပြီး လူမည်းကြီးသုံးယောက် ပြန်သွား၏။

* * *

"ချုရောက်ခဲ့တဲ့နေရာဟာ ငရဲပြည်ပဲ"

ဆရာဝန်ကြီးက မှတ်ချက်ချသည်။

"ဟုတ်တယ်"

"ခုမှ ကျွန်တော် ငရဲပြည်ရောက်ခဲ့မှန်း သတိရတယ်။ ကျွန်တော့်ကို လာခေါ်သွားတာက ငရဲမင်း (ယမမင်းကြီး)ရဲ့ တပည့် ငရဲသားတွေပဲ။ ကျွန်တော် ကံကောင်းလို့ ငရဲပြည်က ပြန်ခဲ့ရတာ။ ဒီမှာ ကျွန်တော့်မိတ်ဆွေတွေကို တွေ့ခဲ့ရသလို မချိမဆံ့ခံစားရပုံက ရင်နာစရာကောင်းတယ်။ တကယ့်ကို စိတ်မကောင်းစရာပဲ"

စလုတာပေ

www.burmeseclassic.com

www.burmeseclassic.com



ဟု ချူက ပြောသည်။

ပြီးလျှင် ချူက...

"သူ...သူကောဟင်"ဟု မေးသည်။

"ဟုတ်တယ်၊ သေသွားပြီ"

မှန်သည်။

ချူလျှံဝေ၏ချစ်သူ ဗိဒီယိုမင်းသမီးကလေးက သေဆုံးသွားခဲ့ပြီ ဖြစ်သတည်း။ ။

**Ref—East Week, 1991.**

❖

အောင်မြတ်ဦး

www.burmeseclassic.com